www.burmeseclassic.com

# သတင်းထောက်ခင်

BURMESE CLASSIC .com

# ဝေဒနာအပေါင်း ကြေညာမောင်းခတ်လိုက်သည်

(အပြစ်မှန်ရှာခင်းဝယ်လူတို့များ)



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ

ဒေါ်သင်းသင်းမွန်

သင်းစာပေ (၀၄၂၃၂)

အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၃၁၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၈၂၀၆၀၇

မျက်နှာဖုံးနှင့်အတွင်းစာသား

ဦးမြင့်ထွန်း၊ မဥ္ဇူပုံနှိပ်တိုက်၊

အမှတ် ၂၂၄၊ ၄၂ လမ်း၊ ရန်ကုန်မြို့။

ပဌမအကြိမ်

အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

တန်ဘိုး ၁၀၀၀ ကျပ်

ထုတ်ဝေသည့်ကာလ - ၂၀၀၇၊ အောက်တိုဘာ

မျက်နှာဖုံးဖလင် - STAR

အတွင်းဖလင် - မြင့်သန်းဦး

ဒီဇိုင်း - သီဟ၊ သီဝံ

ကွန်ပျူတာစာစီ - ဂရိတ်

ဖြန့်ချိရေး - ခင်စာပေ၊ အမှတ် ၂၆၃၊ စံပြ (၃) လမ်း၊ စံပြ ရပ်ကွက်၊ သဃ်္ဃန်းကျွန်း မြို့နယ်၊ ရန်ကုန်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အမှာမဟုတ်သော အမှာစာ

သတင်းထောက်ခင်ဆိုသူမှာ အမျိုးသားတစ်ဦးဖြစ်၍ လေထီး၊ ရေဒုပ်နှင့်သူရဲကောင်းဘွဲ့ရ တပ်မတော်မှ အငြိမ်းစားတပ်ကြပ်ကြီးတစ်ဦးဖြစ်ပါသည်၊ သူနှင့်ကျွန်တော် ဆုံခဲ့သည်မှာ ၁၉၉၅ ခုနှစ် ပတ်ဝန်းကျင် ဖြစ်ပါသည်။

ကျွန်တော်တာဝန်ယူဆောင်ရွက်နေသော မှုခင်းဂျာနယ်များတွင် သတင်းထောက်အဖြစ် စတင်ဝင်ရောက်ခဲ့သူဖြစ်၏။ သတင်းထောက်ဆိုသည့်အတိုင်း မိတ္တူကူးယူသော သတင်းမျိုးကို အားထား၍ရေးသားသူမဟုတ်၊ ပြည်နယ်တိုင်းအနှံ့ တောထဲ၊ တောင်ထဲ၊ အန္တရာယ်ကြားထဲသို့ အရောက်သွားပြီး သတင်းအခြေအမြစ်ကို ရှာဖွေတင်ပြလေ့ရှိသူ ဖြစ်သည်။



ဥပဒေရေးရာ ပြဿနာအပိုင်းနှင့် အရေး[illegible]ခြင်းရာ ပြဿနာအပိုင်းကို စေ့စေ့စပ်စပ်ရှာဖွေပြီး နစ်နာသူဘက်မှ ရပ်တည်လေ့ရှိသူဖြစ်၏။ သူ ရေးသားသော သတင်းများသည် တိကျသည်။ ပြည့်စုံသည်။ အတိမ်းအစောင်း မရှိ။ ဘက်လိုက်မှုမရှိ။ အာဃာသ၊ ဂရုဏာနှင့် ဒေါသ သင့်မှုကင်းသူဖြစ်သည်။

ထို့မှတစ်ဆင့် မှုခင်းဝတ္ထုများနှင့် ပညာပေးစာအုပ်များကို ရေးသားထုတ်ဝေခဲ့သည်အထိ ကြိုးပမ်းအားထုတ်ခဲ့သူဖြစ်သည်။ သူရေးသားပြုစုသော စာပေများသည် အတွေးရဲရဲ တင်ပြမှုဝံ့ဝံ့ဖြင့် အမှန်ဘက်မှရပ်တည်ဝံ့သူဖြစ်၏။ အရေးအသားသွက်လက်ဝေဆာသည်။ စာဖတ်သူကို မျှဝေခံစားမှုဖြင့် ရသထူးများပေးအပ်၍ ဘဝရသဘက်ဆီသို့ ခေါ်ဆောင်သွားနိုင်စွမ်းရှိသူဖြစ်၏။

သူရေးသားပြုစုသော စာပေများသည် တစ်ခေတ်ဆန်း၍ အမြင်အတွေးသစ်ဖြင့် ပညာပေးသတင်းထုတ်ပြန်မှုအ



www.burmeseclassic.com

www.burmeseclassic.com

ပိုင်းကို အလေးထားသည့်ဖြစ်၍ စာဝရသိမ်းဆည်းရမည့် စာပေမှတ်တိုင်များဖြစ်ပါကြောင်း အာမခံရဲရဲဖြင့် မိတ်ဆက် အမှာစာ ရေးသားလိုက်ရပေသည်။

BURMESE CLASSIC .com

၂၂/၅/၂၀၀၇

အောင်ကျော်ဇော
တာဝန်ခံအယ်ဒီတာနှင့် အယ်ဒီတာချုပ်
တကာယ့်ဖြစ်ရပ်ဂျာနယ်၊ မဂ္ဂဇင်းနှင့်
မှုခင်းအမြင်မဂ္ဂဇင်း



## သတင်းထောက်ခင်အတွက် ဆန္ဒမွန်

တိမ်မြုပ်ပျောက်ကွယ်နေရာမှ မမျှော်လင့်မထင်မှတ်ဘဲကျွန်တော့်ရှေ့သို့ရောက်လာသူက"သတင်းထောက်ခင်"

သူက ကျွန်တော့်ကို ဖိတ်စာတစ်စောင်နဲ့ စာအုပ်တစ်အုပ်ကိုပေးကာ၊ သူကျင်းပမယ့် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးဖို့ တောင်းဆိုလာပါတယ်။

သူနဲ့ကျေးဇူးမကင်းတဲ့၊ သူနဲ့သံယောဇဉ်ရှိလွန်းတဲ့ တိုင်းရင်းဆေးသမားတော်ကြီး ဒေါက်တာ ဦးရှိန်း MD (M.A) ရဲ့ အိမ်ဂေဟာမှာ ကျင်းပမယ့် "စာအုပ် စာနယ်ဇင်း မိတ်ဆက်ပွဲ" အခမ်းအနားဆိုပဲ။

သူပေးတဲ့စာအုပ်က သူ့ကိုယ်တိုင်ရှာဖွေစုစည်းတင်ပြထားတဲ့"အောင်မြင်ကျော်ကြား၊ စိတ်စွမ်း အားရှင်များ" စာအုပ် ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပျောက်ချက်သားကောင်းနေတဲ့ သတင်းထောက်ခင်က သူနဲ့အတူ ထိုစာအုပ်ကိုပိုက်ပြီး၊ ရောက်လာခဲ့လေတော့ ကျွန်တော်အံ့အားသင့်သွားမိပါတယ်။

စာအုပ်က မဂ္ဂဇင်းဆိုဒ်၊ စာမျက်နှာ(၂၇၂) မျက်နှာ၊ (၃၄) ဖောင်၊ စက္ကူအကောင်းစား၊ ဓာတ်ပုံပေါင်းမြောက်မြားစွာနဲ့ သတင်းထောက်ခင်က ရှာဖွေစုစည်းတင်ပြထားရား စာအုပ်ရဲ့တန်ဖိုးက မသေးလှ။ အနည်းဆုံးတစ်အုပ်ကို ၂၅၀၀ိ/-၃၀၀၀ိ/ လောက်တန်ပါတယ်။

သတင်းထောက်ခင်က အဲဒီစာအုပ်ထုတ်ဝေဖြန့်ချိဖို့ မိတ် ဆက်ပွဲနဲ့ သူ့ဆရာဒေါက်တာ ဦးရှိန်း MD (M.A) ရဲ့ လက်တွေ့အစွမ်းပြပွဲကို၊ စာနယ်ဇင်းသမားတွေတက် ရောက်လေ့လာ အကဲခတ်ဖို့ ဖိတ်ကြားရင်း၊ ကျွန်တော့်



ဆီရောက်လာပြီး ရှင်းပြခဲ့ပါတယ်။

"လျှင်မြန်၊ သွက်လက်ထက်မြက်ပါပေ့ သတင်း ထောက်ခင်" ရယ်လို့ပင်၊ စိတ်ထဲက မှတ်ချက်ချလိုက်မိ ပါတယ်။

ကျွန်တော့်စိတ်ထဲမှ မှတ်ချက်ချလို့မှမဆုံးသေး၊ သူက လုံးချင်းစာအုပ်မျက်နှာဖုံး ဓာတ်ပုံကလေးကို ထုတ်ပေး လာပြန်ပါတယ်။

"အရင်စာအုပ်တုန်းက ဆရာအမှာစာရေးပေးခဲ့သလို မျိုး ဒီစာအုပ်မှာလည်း ရေးပေးပါဦးဆရာ၊ ဒီတစ်ခါထုတ်ဝေ မှာက မှုခင်းအယ်ဒီတာ ဆရာသုံးယောက်ရဲ့ အမှာစာတွေ စုချင်လို့ပါဆရာ"

"သွက်လှချည်လား သတင်း ထောက်ခင်ရာ၊ ဘာလဲ အနားယူနေတဲ့အချိန်မှာ စာတွေကိုပဲ အတိုးချပြီး ဖိရေး နေတာလား"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

"စာရေးဖို့အခြေအနေပေးလာတော့ ရေးဖြစ်တာပေါ့ ဆရာရယ်၊ ကျွန်တော်ရေးလာခဲ့တဲ့ စာမူတွေကို နှစ်လမှာ တစ်ခါ လောက်ထုတ်ဝေဖို့ အားခဲထားပါတယ် ဆရာ၊ အဓိကလိုင်းကတော့ ကျွန်တော်ကျွမ်းကျင်တဲ့ မှုခင်းဝတ္ထု တို လုံးချင်းတွေထုတ်ဝေမှာပါ ဆရာ၊ တခြားလိုင်းတွေ လည်း ကွက်ကျားကွက်ကျား ထုတ်ဝေဖို့ စီစဉ်ထားပါ တယ်၊ လိုအပ်တဲ့အကြံဉာဏ်လည်း ဆရာ့ဆီကပဲတောင်းခံ ရမှာပါ၊ ကူညီပါဆရာ"

သူက ကျွန်တော့်ကို အားကိုးတစ်ကြီးနဲ့ တောင်းဆို နေလေရာ ကျွန်တော်ကသူ့ကို သဘောကျဟန်နဲ့ ပြုံးပြ လိုက်ပါတယ်။

သတင်းထောက်ခင်က သူလုပ်ချင်ပြီဆိုရင် မဖြစ်ဖြစ် အောင် တဖွတ်ထိုးလုပ်လေ့လုပ်ထရှိသူဖြစ်တာမို့ သူဖြစ် အောင်လုပ်မယ်ဆိုတာ ကျွန်တော်ယုံကြည်နေပါတယ်။



အခုပဲကြည့်လေ။

ရှေးကစာအုပ်ထွက်ဖို့ စီစဉ်နေဆဲမှာပဲ "ဝေဒနာ အပေါင်း ကြေညာမောင်းခတ်လိုက်သည်" (အဖြစ်မှန် မှုခင်းဝတ္ထုတိုများ) လုံးချင်းအတွက် သွက်သွက်လက် လက်စီစဉ်နေပြီ။

သူကကျွမ်းကျင်တဲ့ လောကထဲက ဖြစ်ရပ်မှန်တွေကို အခြေခံပြီးရေးသားထားတဲ့ မှုခင်းဝတ္ထုတိုတွေမို့ သက် ဝင်နိုးကြား ခံစားကြရမှာသေချာပါတယ်။

ကျွန်တော့် မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းမှာ ဖြစ်ရပ်မှန် မှုခင်းဝတ္ထုတိုကလေးတွေကို သူစတင်ရေးသားခဲ့စဉ်က မှုခင်းသတင်းထောက် မှုခင်းသမားမို့ ဝတ္ထုရေးတာနဲ့မတူဘဲ သတင်းဆောင်းပါးနဲ့တူနေလို့ ကျွန်တော်ကပဲ ပြုပြင်ဆင် တည်းဖြတ်ပေးခဲ့ရပါတယ်။

သူကလည်း ဖွံ့ရှိတယ်၊ ဝီရိယရှိတယ်၊ ကြိုးစားတယ်၊ နောက်ပိုင်းမှာ သူ့အရေးသားတွေဟာ ပြေပြစ်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

လက်လည်း တက်လာတယ်၊ အတွေးအခေါ်တွေလည်း ထက်လာတယ်။ နာမည်လည်းရလာတယ်။ လုံးချင်းတွေ တောင်ထုတ်လာနိုင်ခဲ့တယ်။

ဒါပေမဲ့ ----"လှေဇော်ရင်း၊ တက်ကျိုး" ဆိုသလိုပဲ သူ့ရဲ့တစ်ဖွတ်ထိုးလုပ်ရပ်ကြောင့် စာပေလောကထဲက ခေတ္တအနားယူခဲ့ရတယ်။

"အရပ်လှည့်တော့ အသိပိုတယ်၊ အပတ်ပြည့်တော့ ကဝိချွံတယ်"ဆိုတဲ့စကားလိုပဲ သူဟာအခုတော့ နောင်တ တရားတွေရပြီး အမြင်တွေပိုကျယ်လာဟန်ရှိတယ်။

ခေတ္တအနားယူနေရင်းက အားမွေးပြီး အရှိန်ပြန်ယူခဲ့ ပုံရတယ်။ အခုဆိုရင် သူ့လက်ထဲမှာ ရေးပြီးသားစာအုပ် တွေ ဆယ်အုပ်လောက်ရှိနေပြီ။

ရေးအားကောင်းသလို ထုတ်ဝေရေးအားလည်း ကောင်းအောင် ကြိုးစားနေပါတယ်လို့ သူကဆိုပါတယ်။

မှုခင်းသတင်းတွေလိုက်တဲ့နေရာမှာ သွက်လက်ထက်



မြက်တဲ့သတင်းထောက်ခင်ဟာ လုံးချင်းလောကထဲမှာလည်း သွက်လက်ထက်မြက်နေမှာ သေချာပါတယ်။

သူ့ရဲ့စေတနာဟာ သူ့ကို အကျိုးပေးပါလိမ့်မယ်။

သတင်းထောက်ခင်တစ်ယောက် ရယူအပ်တဲ့သင်ခန်း စာတွေကိုရယူပြီး အနာဂတ်ဘဝ ခရီးလမ်းတစ်လျှောက်မှာ ထွန်းတောက်အောင်မြင်ပါစေ။ ခလုတ်မထိ ဆူးမငြိဘဲ လိုအင်ဆန္ဒပြည့်ဝပါစေလို့ ဆန္ဒမွန်ပြုလိုက်ပါတယ်။

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

(အမျိုးသားစာပေဆုရ)

တာဝန်ခံအယ်ဒီတာ

မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်း

မှုခင်းရှုထောင့်ဂျာနယ်၊ မှုခင်း မြင်ကွင်းဂျာနယ်



www.burmeseclassic.com

www.burmeseclassic.com

## "ရှေ့သို့မျက်နှာမူပါသည်"

ကျွန်တော်သည်နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ခဲ့စဉ်က အမိတိုင်းပြည်အတွက် အသက်ပေး ရဲဝံ့စွာ ဒူးမထောက်၊ လက်မမြှောက်အများပြည်သူ့အတွက် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ရသည်။ အမိတိုင်းပြည်အတွက် ဆိုပါလျှင် ချွေး၊ သွေးအသက်ဖြင့် အများပြည်သူအသက်အိုးအိမ်စည်စိမ်တို့ကို ကာကွယ်စောင့်ရှောက်သည်။ နောက်သို့ ပြန်လှည့်ရိုး ကျွန်တော်တွင်မရှိ ရှေ့သို့သာမျက်နှာမူကာ နေခဲ့သည်။

ဤသည့်ကာလသစ္စာပင်၊

တစ်ဖန် တပ်မတော်မှ အငြိမ်းစားယူပြီး အများပြည်သူ့ကျန်းမာရေးအတွက် ကယ်တင်ကုသနိုင်စေရန် တိုင်းရင်းဆေး "လေးဘာသာဝင်ရောက်ပြေဆို ဒေ့အောင်မြင်သည်ကာနောင်သောအခါ၌ "မေတ္တာရှင်" ဆေးခန်းဖွင့်



လျှက်အခကြေးငွေမယူ၊ ကိုယ်ချင်းစာတရား ထားလျက် မရှိ ဆင်းရဲသူများစွာကို ဆေးဝါးကုသ ပေးခဲ့သည်။ အလကား ကုသပေးခဲ့သည်။ အလကားကုသ၍ အိမ်ခြံမြေ၊ ဈေးဆိုင်ပါပြုတ်ခဲ့ရသည်။ ဒါပေမဲ့ ကျွန်တော်၏ မျက်နှာ သည့်ရှေ့တည်တည်ကို မျက်နှာမူ၍သာ လျှောက်လှမ်း ခဲ့သည်။

နောက် အဂ္ဂိရတ်ဖိုထိုးသည် အဂ္ဂိရတ်ဖိုထိုးကာ အများပြည်သူ့အတွက်ဟု ပြုလုပ်ခဲ့ပါသော်လည်း (လျှို့ဝှက်ဆန်ကြယ်)သော အတတ်ပညာမှ အများပြည်သူ ဖူးမျှော် ရန် စေတီဘုရားပေါင်း (၁၃)ဆူကိုယ်တိုင် တည်ထားခဲ့သည်။ ကျွန်တော် အရှေ့သို့ မျက်နှာမူကာ တည့်တည့်ပဲ လျှောက်သည်။

မကျေနပ်သေး အများပြည်သူ ပရိတ်သက်အတွက် ကျွန်တော်ဘာထပ်၍ လုပ်ပေးရမည်လဲ အများအတွက် အကျိုးရှိစေမည် များစွာကို ထပ်ဆောင်ရွက်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားကြည့်သည်၊ ကျွန်တော်တွင် တိုင်းရင်းသားဘာသာစကား (၅)မျိုးပြောဆိုတတ်သည်။ နိုင်ငံခြားဘာသာစကား (၃)မျိုးကျွမ်းကျင်သည်၊ တတ်သည်၊ ပညာမနေသာသောကြောင့် သတင်းထောက်လုပ်သည်။ သတင်းထောက်ဆိုတာက အဖမ်းအဆီးလည်းခံရတတ်သည်။ ထမင်းလည်းငတ်သည်။ ဒုက္ခတောထဲမျောကာနေမည်။ အစွန်းဆုံး အသက်ပါပေးရတတ်သည်။ ကြုံကြိုက်ပါသည်။ ကျွန်တော်ခန္ဓာကိုယ်ကို အများပြည်သူအတွက် အသုံးချရဲသည်။ မမှန်သော အကျင့်စရိုက်ဆိုးရှိသူတွေကို ဖော်ထုတ်၍ မှန်မှန်ကန်ကန်လုပ်နေကြသူတွေကို မီးမောင်းထိုးပြပေးမည်။ တရားဥပဒေကို နားလည်အောင် စာပေအတတ် ပညာရပ်ဖြင့် တင်ပြလိုသည်။

အမည်က 'သတင်းထောက်ခင်'တဲ့။ ကျွန်တော်လိုက်ခဲ့သည့် သတင်းများစွာက ထူးထူးဆန်းဆန်းများ



သည်။ တောထဲ တောင်ထဲအထိ လိုက်ရသည်။ C.I.D တပ်ဖွဲ့ဝင်၊ ရဲတပ်ဖွဲ့ဝင် ဒေါက်တာ ဆရာဝန်တွေဖြင့် ပူးပေါင်းကာ သေဆုံးမြှုပ်နှံထားရှိသော အလောင်းကို ပြန်လည်တူးဖော်စစ်ဆေးခဲ့ရာ၌ ကိုယ်တိုင်ကိုယ်ကျ သတင်းထောက်လှမ်းခဲ့သည်။ သတင်းထောက်လှမ်းရာ၌ မော်တော်ဆိုင်ကယ်ဖြင့် ကျွန်တော်မရောက်ဘူးသော မြို့၊ မြန်မာပြည်၌ မရှိ။ မြို့ခံများကို ကျွန်တော် ညှိသည်ကဘဲ ကျေးမွေးညှိခံခဲ့ဖူးသည်။ မှတ်မှတ်ရရ စစ်ကိုင်း (တိုင်း)၊ သတင်းထောက် ကျော်မင်းရည်သည် ကျွန်တော်၏ တပည့်တစ်ဦးမဟုတ်ဘဲ စာဖတ်ပရိတ်သတ်တစ်ဦးအနေဖြင့် အမည်ကြားလေးစားသူက ကျွန်တော် စစ်ကိုင်းတိုင်းရောက်စဉ် သူကပဲ မန္တလေးမြို့ နာမည်ကြီး ဟိုတယ်၌ ထားပေးသည်။ ထမင်းလည်း ကျွေးမွေးကာ မုံရွာအထိ ဘုရားပေါင်းစုံဖူးရန်အတွက် ဒါနပြုခဲ့သည်။ လွန်စွာကျေးဇူးတင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ သတင်းသမားဆိုတာ 'သတင်းစုံစမ်းခြင်း
သည် အမှန်တရားကို ရှာဖွေနေခြင်းဖြစ်သည်' မှာ
အများပြည်သူ စာဖတ်ပရိတ်သတ်အတွက် ဖြစ်ပါသည်
သို့အတွက်ကြောင့် ကျွန်တော့်အား စာဖတ်ပရိတ်သတ်
က သိနေကြခြင်းဖြစ်သည်။ ရှေ့သို့သာ မျက်နှာမူ၍
ရဲရဲဝံ့ဝံ့ မကြောက်မရွံ့ခဲ့ပါသော ကျွန်တော်သည်
ကျောက်တုံးကြီးကိုတိုက်၍ မှောက်ခုံလဲကျခဲ့သည်၊
ဒူးကွဲ၏၊ နဖူးဆောင့်မိ၏၊ လက်လည်းကွဲ၏၊ မျက်နှာသည်
ဖူးရောင်ကုန်၏။ ကျွန်တော် ဖြေးလေးစွာ ကုန်း၍
အားယူထ၏။ မတ်တတ်ပြန်ရပ်ကာ ရှေ့သို့ တစ်လှမ်း
ချင်းလျှောက်၏။ ဒဏ်ရာအနာကြောင့် နာပါ၏။ ရှေ့တူ
ရှုဆီသို့သာ မျက်နှာမူလျက် စာဖတ်ပရိတ်သတ်ကြီး
အား အသိပညာတိုးရန် အများပြည်သူအတွက် တာဝန်
မဲ့ခဲ့ရသည်များကို ဤမှောက်ခုံလဲကျခြင်းဖြင့် ဒူးမ
ထောက်နိုင်၊ အသက်ပင်ပေးဆပ်ထားပြီးမို့ ထိခိုက်ကွဲ



ပြသည်လောက်လေးကို ကျွန်တော်မှုနေပါလျှင်
အဘယ်ကဲ့သို့ ပြည်သူ့အတွက် ဖြစ်စေနိုင်ပါအံ့မည်
နည်း။ ဆက်လျှောက်ပါသည်။

ကျွန်တော်၏အသက် ထွက်မတတ်ဖြစ်နေပါစေ၊
ပရိတ်သတ်ရင်သို့ ခိုလှုံရန် များစွာသော ဆန္ဒများ
ဖြစ်သည်။ ကိုယ်တွေ့လိုက်လံခဲ့သည့် မှုခင်း၊ အဂ္ဂိရတ်၊
တိုင်းရင်းဆေး၊ မြန်မာ–လောကီပညာရပ်၊ ဘာသာပြန်
တို့နှင့်တကွ ကိုယ်တွေ့ ဝိဇ္ဇာ၊ ဂန္ဓာရီ စာအုပ်များစွာကို
ဆက်လက်ရေးသားရင်းဖြင့် တိုင်းပြည် လူအများ
အသိပွားစေရန်သာ ဆက်လျှောက်ပါသည်။ ရှေ့သို့
မျက်နှာမူကာ စာပေသစ္စာပြုလိုက်ပါတော့သတည်း။

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

# သတင်းထောက်ခင်

(ရှာဖွေတင်ပြသည်။)

## ပေါ်ဒန့်ရိုက်ကိစား (၄)

မကြာမီ ဆက်လက်ထွက်ပါတော့မည်။



# သတင်းထောက်ခင်

## ဝေဒနာအပေါင်း

## ကြေညာမောင်း ခတ်လိုက်သည်

ခင်စာပေ

www.burmeseclassic.com








**မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ ကုဇော်ဘေး ပြေးမလွတ်**

ဤသို့ပြန်လာခဲ့သောသားကြီး

ဒေါသဖြစ်ခြင်းသည် ဆန္ဒတစ်ခုကြောင့် ဘဝတစ်အသစ်ထပ်မံဖြစ်ရသည်။ဒေါသဖြစ်ခြင်းသည်ဆန္ဒကို မှားသည် မှန်သည် ဝေဖန်ဆုံးဖြတ်မှုမရှိ၊တဖွတ်ထိုး၊ဆင်ကန်းတောတိုးပမာ ပြုလုပ်လာကြသောအခါတွင် အမှားများစွာကို တစ်ခုပြီးတစ်ခု ဆက်တိုက်အမှားများဖြစ်လာချေလေတော့သည်။ လူသည် ဆင်ခြင်စဉ်းစားတွေးခေါ်သောဉာဏ်ရှိသည်။ ဤဉာဏ်ပညာ ဦးနှောက်ကိုခွဲခြမ်းစိတ်ဖြာ အသုံးချပါက မိမိဘဝအတွက် များစွာအကျိုးရှိစေနိုင်သလို အသိပညာဉာဏ်ကို ပိတ်ဖုံးကာဆီးပြီး ဒေါသတရားကို မထိန်း



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ချုပ်နိုင်သောအခါ၊ ကြေကွဲဖွယ်ဖြစ်ရပ်များနှင့် မိမိ၏ သ
မိုင်းကြောင်းလှူ့ဘဝကြီးဝယ်အမည်းစက်အစွန်းအထင်းဖြင့်
သာအရှုံးပြလိုက်သည်။ ရမှတ်ကို ရာခိုင်နှုန်း ၁၀၀ အပြည့်
ဖြင့် ကျဆုံးကုန်မည်သာ ဖြစ်ပေသည်ကို ဤဖြစ်ရပ်ဖြစ်စဉ်
က မီးမောင်းထိုးပြလျက်ရှိနေပါသည်။

ဝင်းထွန်းအောင်သည် မိဘ အဖေ၊ အမေ
နှင့် ကော့မှူးမြို့နယ် ဆင်ခြံကျေးရွာတွင်နေထိုင်ခဲ့ရသည်။
မိဘမေတ္တာအရိပ်အောက်တွင် အေးမြပျော်ရွှင်ခဲ့ရသည့် အ
နေအထား တစ်ဦးထဲကျွမ်လွှတ်လပ်လပ်နေထိုင်သည်။ အ
နေအထားက အခြေအနေချင်းမတူညီသော ဘဝနှင့်စပ်ဟပ်
လိုက်သော် အကွာကြီးကွာခြားလှပါသည်။မောင်ဝင်းထွန်း
အောင်တစ်ယောက် မနှစ်က မိခင်ဒေါ်မယ်အေး လယ်ထဲ
ဆင်းအလုပ်လုပ်ကိုင်နေရာမှ ပိုးထိသေဆုံးသွားခဲ့ရပြီးဖခင်
ဖြစ်သူနှင့်အတူ မောင်ထွန်းမောင် (၁၀)နှစ်နှင့် ညီမငယ်
မကုလားမ (၁) မခိုင်သဇင်ဝင်း (၅)နှစ်နှင့် သားအဖ(၃)ဦး
ကျန်ရစ်ကာအဖေဦးစိန်ရမောင်ကကျွေးမွေးသုတ်သင်လယ်
ယာကိုင်းကျွန်း၊ ဝါးခုတ်လယ်ထွန်ရင်းဖြစ်သော ကြုံရာကျ
ဘမ်းဖြင့်လုပ်ကိုင်ခဲ့ပြီး သားအကြီးအား ကော့မှူးမြို့ အသိ





သူငယ်ချင်း ထွန်းမောင်ထံ ပို့အပ်၍ ကျောင်းပညာရေး
ဆက်လက်သင်ကြားစေခဲ့သည်။ ဦးစိန်မောင်ကဆင်ခြံတွင်
သမီးအငယ်နှင့်အတူ နေထိုင်လာခဲ့ကြပြီး ဘဝ ဝမ်းဝစာအ
ရေးအလေးပေးရင်း အချိန်တွေကုန်မှန်းမသိတာရွေ့ရွေ့ကုန်
ဆုံးသွားပြီး နွေရာသီကျောင်းပိတ်ရက်ရောက်ရှိလာခဲ့သည့်
ကော့မှူးမြို့တွင်နေထိုင်သည့် သားကြီးကလည်းဖခင်ဦးစိန်
အောင်နှင့်ညီမငယ်ကိုတွေ့ဆုံရန် မိသားစု ပျော်ပျော်ရွှင်ရွှင်
ဖြင့် ကြည်နူးချမ်းမြေ့မှုကို ခံစားမည်ဟု အတွေးနယ်ချဲ့
စိတ်ကူးတစ်ဝက်ဖြင့် ဆင်ခြံသို့ မောင်ထွန်းအောင်ပြန်လာ
ခဲ့လေတော့သည်။

မိမိကျေးရွာတွင်နေထိုင်ကတည်းက ဆင်ခြံကျေး
ရွာတွင် ဘာမှထူးခြားပြောင်းလဲလာခြင်းမရှိ ဓနိမိုးထရံကာ
တဲငယ်များ ဟိုတစ်ကွက် ဒီတစ်ကွက် ရွာတန်းရှည်ရွာဖြစ်
သောကြောင့် မိမိတို့မိသားစုနေထိုင်ခဲ့သည့်တဲကို ဦးတည်
ပြန်ခဲ့သော်လည်း နေအိမ်ထဲတွင်မည်သူမျှမရှိကြ၊ ဖခင်ကို
လည်းမတွေ့၊ညီမငယ်လည်းမရှိ၊ ဘေးဘယ်ညာအရီးလေး
ဒေါ်တရုတ်မကို မေးကြည့်လိုက်ရာ

"အရီးလေး အရီးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ အပြင်ကခေါ်နေတာ ဘယ်သူလဲဟဲ့"

"ကျွန်တော်ဝင်းထွန်းအောင်ပါ၊ အရီးလေးရဲ့၊ကျွန်တော့်အဖေနဲ့ညီမလေးတို့ ဘယ်သွားနေကြသလဲလို့"

ဒေါ်တရုတ်မ တဲအိမ်အတွင်းမှ ထွက်လာပြီး ဝင်းထွန်းအောင်ကို မြင်တွေ့သွားကာ အားရပါးရ ပြုံးရွှင်လျက်---

"ဟဲ့ အမလေး မြို့သားကြီးဖြစ်နေလိုက်တာ ဘယ်တုန်းက မင်းရွာကိုပြန်ရောက်လာသလဲ အရီးလေးတို့လည်း ဝါးခုတ်ထွက်နေကြတော့ မင်းအဖေနဲ့ ညီမ ဘယ်ထွက်သွားကြတယ်ဆိုတာတောင် မသိပါဘူးကွယ်၊ ရွာထဲမှာ မင်းလိုက်စုံစမ်းလိုက်ပါလား၊ ဒါမှမဟုတ် မင်းဘကြီးထံ သွားမေးကြည့်လိုက်"

"ဟုတ်တယ် အရီးလေးပြောမှ သတိရတယ်၊အဖေတို့ရွာထဲမှာရှိနေမှာ၊ နောက် ကျွန်တော် အဖေရဲ့အစ်ကို ဘကြီးဦးမြင့်သိန်းကို သွားမေးကြည့်လိုက်ဦးမယ်"

"ဟဲ့ ထိုင်ပါဦးလား၊ ခဏနားပြီးမှသွားပေါ့"

"မထိုင်တော့ပါဘူးအရီးလေး၊ အဖေနဲ့ညီမလေး





တို့ဝမ်းသာသွားအောင် သွားတွေ့လိုက်ဦးမယ်၊ သွားမယ်နော်အရီးလေး"

"အေး-အေး မြို့မပြန်ခင် အိမ်လာဦး"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ပြောဆိုရင်း ဝင်းထွန်းအောင်တစ်ယောက် ရွာထဲသို့ မပြေးရုံတစ်မယ် ခြေလှမ်းကျဲကျဲဖြင့်ထွက်လာခဲ့သည်။ ဆင်ခြေကျေးရွာထဲတွင် ဖခင်နှင့်ညီမလေးတို့နှစ်ဦးကိုတွေ့လိုတွေ့ငြား၊ ရှိလိုရှိငြားရှာခဲ့ပါသော်လည်း ဘာသတင်းမှမရ၊ ထူးခြားမှုက ပျောက်ချက်သားကောင်းနေသည်။ ကျေးရွာထဲစုံစမ်းလို့မရတော့လည်း ရွာထိပ်က ဘကြီးဦးမြင့်သိန်းထံ သွားရောက်မေးရတော့မှာဘဲ၊ဒါမှလည်း ဖခင်နှင့် ညီမငယ်ကိုတွေ့မှာ ဘကြီးဦးမြင့်သိန်း အိမ်ဘက်ခြေဦးလှည့်ကာ ဝင်းထွန်းအောင် ဆက်ထွက်လာခဲ့လေသည်။

## ညီမငယ်ကိုရှာဖွေတွေ့ရှိခြင်း

ဤသို့ဖြင့် ဘကြီးတော်စပ်သည့် ဦးမြင့်သိန်းမှာလည်း ကျေးရွာနေအိမ်တွင်မရှိဘဲ အခြားသို့ ပြောင်းသွား



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းသာသိရှိပြီး ဦးမြင့်သိန်း၏ယောက်ဖ ဝင်းကိုနေထိုင်သည့်တဲအိမ်သို့သွားရောက်မေးမြန်းရာ ညီမငယ် မကုလားမ (ခ) မနိုင်သဇင်ကိုတွေ့ရှိလိုက်ရသည်။

“ညီမလေး”

“ကိုကို”

“ဘာလို့ ဒီအိမ်ကို ညီမလေးရောက်နေရတာလဲ ဖေဖေကောဘယ်သွားသလဲ ကိုကိုမှာ လိုက်ရှာလိုက်ရတာ ညီမလေးရယ်”

ဟု ပြောဆိုလိုက်ရင်း ညီမဖြစ်သူအား ကောက်ယူပွေ့ကာ အကြင်နာအနမ်းများဖြင့် နမ်းလိုက်လေတော့သည်။ ယင်းနောက်

“ဖေဖေရော ညီမလေး ဘယ်သွားသလဲ”

“ဟိုး ဟိုးလေး ဟိုး”

အရင်က စကားသွက်လက်ချက်ချာစွာဖြင့် ပြောဆိုတတ်သည်။ နိုင်သဇင်ဝင်း အသက်(၅)နှစ် မပြည့်သေးသူ အရာရာကို စူးစမ်းလိုသောအမေးအမြန်း ထူထူကလေး သဘာဝ လောကအကြောင်း နားမလည် ပျော်ရွှင်ခြင်း၊ လွတ်လပ်ခြင်း၊ အပူအပင်မရှိ ဆော့ကစားနေတဲ့အရွယ်





အစ်ကိုဖြစ်သူ ၄င်း၏ညီမငယ် စကားထစ်ထစ်ငေါ့ငေါ့ ကြောက်ရွံ့ငြိုးငယ်မှု၊ ထိန့်လန့်မှုဖြင့် တွေ့လိုက်ရသော ဝင်းထွန်းအောင်တစ်ယောက် အားမလိုအားမရဖြစ်ကာ

“ညီမလေး ဖေဖေဘယ်သွားလဲပြောစမ်းပါဦး ပြောစမ်းပါ ညီမရာ”

“ညီမကြောက်တယ် ကြောက်တယ်”

ဘာကိုကြောက်နေတာလဲ ညီမဘာဖြစ်နေလဲ။

“ဟိုးလေ ဟိုး ဖေဖေကို ဘကြီးက ဓားကြီးနဲ့ခုတ်ပြီးရေတွင်းထဲကိုပစ်ချလိုက်တယ်။ ကြောက်တယ်ကြောက်တယ်“ နိုင်သဇင်ဝင်း မပီဝိုးတစ်ဝါး ပြောဆိုလိုက်သည့် စကားကြောင့် မောင်ဝင်းထွန်းအောင်တစ်ယောက် တုန်လှုပ်သွားတော့သည်။

“ဘကြီးကဓားနဲ့ ဖေဖေကိုခုတ်သတ်ပြီး ရေတွင်းထဲချလိုက်တယ် ဟုတ်လားညီမလေး”

“ဟုတ်”

မောင်ဝင်းထွန်းအောင် ရင်ထဲဆို့တက်လာသည်။ ဝမ်းနည်းမှုမျက်ရည် ပါးပြင်ပေါ်သို့ စီးကျလာသည်။ ဤကမ္ဘာလောကကြီးတွင် မှီခိုအားထားရာ အဖေမရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ကြားသိလိုက်တော့ ရင်ထဲ ဗလောင်ဆူမှု ထူသ
သည်။မောင်နှမနှစ်ဦးဖက်၍ ငိုးကြွေးခြင်းကို အဖော်အဖြ
လက်တွဲကာ ကံကြမ္မာမုန်တိုင်းတိုက်ခိုက်ခြင်းကို အသ
အရွယ်ငယ်ငယ်နှင့် အရွယ်ဖြင့်မမျှအောင် စတင်ခံစား
ကြရသည်မှာ ဘယ်ဘဝ ဝဋ်ကြွေးပါသနည်း။

"ကဲ- လာ ညီမ အဖေကိုသတ်ပြီး ရေထဲချလို
တာမြင်တယ်မဟုတ်လား ကိုကိုနဲ့အတူ သွားကြည့်ကြ
အောင်"

ဖခင်အတွက် ယူကြုံးမရစွာ ဝမ်းနည်းကြေကွဲစိ
ဖြင့် မည်သည့် အန္တရာယ်ကိုမှ မတွေးတော့ဘဲ၊ ဘကြီးဖြ
သူ ဦးမြင့်သိန်း ခြံဝင်းထဲရှိ ရေတွင်းသို့ မောင်နှမနှ
သွားရောက်ကြည့်ရှုကြပါသော်လည်း ဘာအလောင်းကို
မတွေ့နဲ့။ ညီမက ငါးနှစ်၊ အစ်ကိုဖြစ်သူ အသက်(၁၀)နှ
ကလေးသဘာဝအရ ဘာမှ မတွေးတက်၊ မကြံစည်တတ်
ဖြစ်နေသည်။ ဖခင်တို့ ညီအစ်ကိုမောင်နှမများထဲတွင် ဦး
မြင့်သိန်းက အကြီးဆုံး၊ အလတ်ဖြစ်သူ ဒေါ်ခင်ဝင်းဖြစ်
ဖခင်ကအငယ် မောင်နှမ (၃) ဦးရှိသည်။ အဲဒီတော့ မော
ဝင်းထွန်းအောင်အဒေါ် ဒေါ်ခင်ဝင်းအိမ်ကို ညီမငယ် လာ





အားဆွဲလျက် မျက်ရည်စက်လက်ကျပြီး သွားရောက်လေ
တော့သည်။

"အရီလေး ဝင်းရေ ဟီး ဟီး"

မောင်ဝင်းထွန်းအောင်၊ ဒေါ်ခင်ဝင်း၏ အိမ်ရှေ့တဲ
အရောက် လှမ်းအော်ကာ ငိုယိုပြီး ခေါ်နေသည်။

"ဟဲ့ အိမ်ရှေ့က ဘယ်သူတွေလဲ၊ ဘာလို့ လာငို
နေကြတာလဲ၊ ဟင်း ကုလားမတို့ မောင်နှမ လာကြ လာ
ကြ။ တူနဲ့တူမတို့ ဘာဖြစ်လာကြတာလဲ ၊ ငါ့တူကရော
ဘယ်တုန်းက ရွာပြန်ရောက်သလဲ၊ ဘယ်သူနဲ့ရန်ဖြစ် လာ
ကြတာလဲ၊ ပြောကြစမ်းပါဦး"

ငိုယိုကာ ဘယ်ညာ လက်ဖမိုးပြင်ဖြင့် စီးကျလာ
သည့် မျက်ရည်များကို သုတ်နေသည့် တူမနှင့် တူအား
ဒေါ်ခင်ဝင်းမှ မေးခွန်းပေါင်းများစွာ မေးနေသည့်တိုင် ပြန်
လည်ဖြေကြားခြင်း အလျှင်းမရှိသောကြောင့် -

"ကဲ လာဒီမှာထိုင်ကြ၊ မင်းတို့ရဲ့ အရီလေးမောင်
က ရိုက်လိုက်လို့လား၊ တိတ်ပါ၊ တိတ်ကြ"

"ဟီး အရီးလေးဝင်း ဖေဖေ သေသွားပြီဗျ၊ ဘကြီး
ဦးမြင့်သိန်း ဓါးနဲ့ခုတ်သတ်ပြီး ဖေဖေကို ရေတွင်းထဲ ချ



www.burmeseclassic.com

www.burmeseclassic.com



ဒိုက်ပြီး ဟီး ဟီး၊ ကျွန်တော်တို့ မောင်နှမ ဘယ်သူနဲ့နေရမှာလည်းဗျ ဟီး ဟီး"

"ဟေး သတ်လိုက်တယ် ဟုတ်လား"

ဒေါ်ခင်ဝင်းတစ်ယောက် တူတော်မောင်၏ ပြောဆိုလိုက်သော စကားသံကြောင့် မိမိနားကိုပင်မိမိမယုံချင်ထပ်မေးလိုက်တော့လည်း ဒီစကားကြားရသည်။ အံ့အားသင့်မိပြီး "ဟေး" တစ်လုံးချင်းအသံထွက်လျှက် ငိုယိုနေသည်။ တူမနှင့် တူ့ကို ကြည့်ကာ ဒေါ်ခင်ဝင်းမှာလည်း အသည်းထဲလှိုက်ကာ ဆို့တက်လာသည်။ ရင်ထဲက အလုံးဖြင့် အော်ဟစ်ငိုချလိုက်လေတော့သည်။

"ငါ့မောင် ငစိန်သေပြီတဲ့ ဟီး ဟီး၊ ငါ့မောင်လေးဒါကြောင့် နင်ငါ့အိမ်ကို မလာတာကြာပါပြီလို့ တွက်နေတာ အခုတော့ ငါအစ်မကိုတောင် နင်နှုတ်ဆက်ဖို့တောင်အချိန်မပေးသွားဘူး။ ဒီမှာ နင့်သားနဲ့သမီးကို လာကြည့်စမ်းပါဦးဟဲ့ ငစိန်ရဲ့ အစ်မဘယ်လိုဖြေရမလဲကွယ် မောင်လေး ဟီး ဟီး ဟီး"

ကြေကွဲစရာဖြစ်ရပ် ပူပင်သောက ဝေဒနာမီး အသီးသီး ကူးစက်ပျံ့နှံ့လေသောကြောင့် သွေးသားအရင်း





တစ်အုတ်ခဲ့ဆင်းလာကြသည်။ မောင်ငယ်၏အဖြစ် အကြောင်းနာရင်မှာ ကျန်ရစ်ကာ အားရပါးရ ငိုယိုပြီးနောက် စိတ်ကို အတတ်နိုင်ဆုံး ထိမ်းပြီး----

"ကဲ ကဲ တိတ် တိတ်ကြ အရီးလေး ကျေးရွာဆယ်အိမ်မှူး ဦးအောင်ဌေးနဲ့ ဥက္ကဋ္ဌတို့ကို ပြောပြီး၊ ငစိန့်ကို လိုက်ရှာဦးမယ် ဟုတ်လား၊ သွား သွား အိမ်နောက်ဖေးမှာ ငါးလေးဟင်း ချက်ထားတယ် သွားစားနှင့်ကြ၊ အရီးလေး ပြန်လာခဲ့မယ်နော်"

စီးကျလာသည့် မျက်ရည်များကို သုတ်လိုက်ရင်း ဆယ်အိမ်မှူး ဦးအောင်ဌေးနှင့် ဥက္ကဋ္ဌ ဦးမြင့်သိန်း ကျေးရွာသားအချို့တို့ကို အကျိုးအကြောင်း ပြောပြကာ စိန်မောင် တစ်ကယ်သေ မသေ အစ်ကိုမြင့်သိန်း ရွာမှာမရှိ လိုက်စုံစမ်းပါသော်လည်းမတွေ့ ပျောက်သောသူကိုရှာရသည်။

မဟူရာည အမှောင်ထဲအပ်ကိုရှာဖွေရသလို ဘာမှ အစအနကိုပင် မရတော့သည့်အဆုံး ဥက္ကဋ္ဌမြင့်သိန်းက-

"မခင်ဝင်းတို့လည်း တတ်နိုင်သမျှ ရှာဖွေနေတာ တောင် ထောက်လိုက်ရင်တော့ နင့်တူမပြောစ[illegible]းအရ



www.burmeseclassic.com

www.burmeseclassic.com



သချာနိုင်တယ် ဒါဟာ ရာဇဝတ်မှုကြီးဟဲ့ ဒါကြောင့်တို့ ဒီလိုကြီးပဲလိုက်ရှာကြလို့ မပြီးဘူး ကော့မှူးမြို့နယ် ရဲတပ်ဖွဲ့စခန်းကိုသွားပြီး အကြောင်းကြားရမယ် ဒီကိစ္စကို ရဲတပ်ဖွဲ့က အဖြစ်မှန် ဖော်ထုတ်နိုင်ကြမှာ တို့က ကူညီသင့်တာ ဝိုင်းကူညီပေးကြတာပေါ့၊ ဘယ်လိုလဲ"

"ဥက္ကဋ္ဌပြောတဲ့အတိုင်းပါပဲရှင် ကျွန်မလည်းဘာမ မကြံတတ်အောင်ကို ဖြစ်နေပါပြီ"

"ကဲ ဒါဆိုလည်း ညည်းအိမ်ပြန် အဝတ်အစားလဲ ပြီး တို့နဲ့တပ်ဖွဲ့စခန်းကိုလိုက်ခဲ့။ ကဲသွား လုပ်စရာရှိတာ လုပ်ပြီး မြန်မြန်ပြန်ခဲ့"

"ဟုတ်ကဲ့ရှင်"

★-----------------

ကော့မှူးမြို့ ရဲတပ်ဖွဲ့စခန်း၊ စခန်းမှူး ခင်မောင် ဝင်းမှ မှတ်စုစာအုပ်တွင် ဆင်ခြံကျေးရွာ ရ-ယ-က ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်တကွ ဒေါ်ခင်ဝင်းတို့ပြောဆို တိုင်ကြား သ တင်းပေးသည်များကို ရေးမှတ်ပြီးနောက် ရဲအုပ် ခင်မောင် ဝင်းက

"အင်းဗျာ ကြားရတာစိတ်မကောင်းပါဘူး။ ရာ





ဝတ်ဘေးဆိုတာ ပြေးမလွတ်နိုင်ပါဘူး။ ကောင်းပြီ ခဏ ထိုင်စောင့်ကြဗျာ" ဟုပြောဆိုကာ မြို့နယ်မှူး ခရိုင်ရဲတပ် ဖွဲ့မှူးထံသို့ ထူးခြားဖြစ်စဉ်အကြောင်းအရာများကို တင်ပြ ကာ ခရိုင်ရဲတပ်ဖွဲ့မှူးကြီး၏လမ်းညွှန်မှု မြို့နယ်ရဲတပ်ဖွဲ့ မှူး၏ကြီးကြပ်စီမံကာ ရဲတပ်ဖွဲ့ဝင်များစုဖွဲ့လျက် အခင်း ဖြစ်ရာ ဆင်ခြံကျေးရွာသို့ ချက်ချင်းသွားရောက်ကြလေ သည်။ ဆင်ခြံကျေးရွာ ရ-ယ-က ဥက္ကဋ္ဌ ဦးမြင့်သိန်းအိမ် တွင် ခေတ္တနားကြပြီး ရဲအုပ်ခင်မောင်ဝင်းက

"ဥက္ကဋ္ဌရေ အခု ကိုစိန်မောင်ရဲ့အစ်ကိုက ရပ်ရွာထဲ မှာ ဘာပြစ်မှုကျူးလွန်ခဲ့ဖူးသလဲ"

"ဆရာ ဒီကောင်မြင့်သိန်းဆိုတဲ့ အကောင်က မူး လာရင်မလွယ်ဘူး။ အရင်က အရက်မူးပြီး မြင့်သိန်းနဲ့စိန် မောင်စကားများကြလို့ မြင့်သိန်းကဝါးချွန်ကိုင် လိုက်လံ ထိုးခဲ့ပြီး စိန်မောင်ဒဏ်ရာရရှိခဲ့သလို အဲဒီပြစ်မှုကျူးလွန် ခဲ့လို့လည်း ထောင်(၉)လ ကျခဲ့ဘူးတယ်ဆရာ"

"ဒါဆိုရင် မြင့်သိန်း ဘယ်ပျောက်နေသလဲ"

"တစ်ခါ တစ်ခါသူ့ယောက်ဖ ဝင်းကိုအိမ်မှာ ရှောင် မိတယ်။ အခု သူ့အပြစ်သူသိလို့ရှောင်နေတာဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုနော်လာ ခင်ဗျားနဲ့ ရဲဘော်(၃)ဦး ဝင်းကို အိ ကို ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးလာခဲ့ဗျာ" ဟုအနီးတွင်ရှိ သည့် ဒုရဲအုပ်နော်လာအားပြောဆို အမိန့်ပေးလိုက်ပြီး

"ကဲ ဥက္ကဋ္ဌနဲ့ ကျေးရွာ ရ.ယ.ကတွေနဲ့ အတူ ကျွ တော်ဦးဆောင်ပြီး ကိုစိန်မောင်ရဲ့ ခြံထဲရော ရေတွင်းထဲပ ရှာဖွေကျရအောင် ဟုတ်လား"

"ဟုတ်ကဲ့"

ဤသို့ဖြင့် ခင်မောင်ဝင်းနှင့် ရ-ယ-က အဖွဲ့မျ ကိုစိန်မောင်ခြံဝင်းအတွင်းလှည့်လည်ကာ စစ်ဆေးကြည့် ကြလေသည်။ ခြံထဲတွင် ထူးခြားမှုတစ်စုံတစ်ရာ မတွေ့ ခဲ့"

"ဒီလိုလုပ်ကြဗျာ ဥက္ကဋ္ဌ"

"ပြောပါဆရာ"

"ဒီရေတွင်းထဲကို ဆင်းရှာဖို့လူ(၂)ဦးလုပ်ဗျာ"

"ဟော့ ဟိုး တင်မောင်နဲ့ လှထွန်းကို သွားခေါ် ကွာ"

ဟု ဆယ်အိမ်မှူးအား ဥက္ကဋ္ဌ ဦးမြင့်သိန်းမှ ပြော ဆိုမှာကြားသဖြင့် ရွာထဲတွင်ရေကူးရေငုပ်တော်သူ (၂) ဦးအ





ခေါ်ဆောင်လာခဲ့ပြီး ရေတွင်းထဲသို့ဆင်းကာ အလောင်း အားရှာဖွေခိုင်းလိုက်တော့သည်။ သိပ်မကြာလိုက် ကိုစိန် မောင်အလောင်းကို ရှာဖွေတွေ့ရှိရပြီး အလောင်းအား ခဲရာ ဆစ်ဖြင့် ခက်ခက်ခဲခဲ ရေတွင်းပေါ်သို့ရောက်အောင်ဝိုင်း ဆွဲတင်ကြရပြီး ရဲအုပ်ခင်မောင်ဝင်းက အလောင်းအား ကြည့် စစ်ဆေးကာ

"ဦးခေါင်းမှာ ဓားဒဏ်ရာတစ်ချက် လည်ဂုတ်ထဲ လည်းပြတ်ရှဓားဒဏ်ရာတစ်ချက် ဒဏ်ရာက နှစ်ချက်ရ တယ်"

ဟု ပြောဆိုကာ မှတ်တမ်းစာအုပ်တွင်ရေးမှတ် ချက် ရဲလုပ်ထုံးလုပ်နည်း ကုန်စင်အောင် မှုခင်းဓာတ်ပုံမှ အင် မှတ်တမ်းမြေပုံဆွဲခြင်းများအကုန်အစင် စစ်ဆေးပြု လုပ်ပြီးစီးလျှက် ဥက္ကဋ္ဌ ဦးမြင့်သိန်းဘက်သို့ လှည့်ကာ န်းမှူးက

"ဒီလိုဖြစ်မှုဖြစ်ကြောင်း စတင်သတင်းပေးသူ သ်သူလဲ ကျွန်တော်တွေ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com









သတင်းပေးတဲ့သူကတော့ ကိုစိန်မောင်ရဲ့သမီးအငယ် မကုလာမ(ခ) မခိုင်သဇင်ဝင်း အသက်(၅)နှစ် သမီးလေးပါပဲ"

"ဗျာ"

စခန်းမှူးရဲ့အုပ် ခင်မောင်ဝင်း ဗျာ တစ်လုံးသာ။

"မကုလားမကလေးဟာ ကျောင်းတက်ပြီး ကျောင်းပိတ်လို့အိမ်ပြန်လာတဲ့ သူ့အစ်ကို ဝင်းထွန်းအောင်ကိုပြောပြပြီး တစ်ဆင့်ဒေါ်ခင်ဝင်းက တိုင်ကြားသတင်းပေးပို့တာပါ ဆရာ"

"ကောင်းပြီလေဗျာ အဲဒီကလေး (၂) ဦးကို ကျွန်တော်တွေ့ချင်တယ်။ ဥက္ကဋ္ဌအိမ်ခေါ်ထားလိုက်ပါ။ ကျေးရွာထဲက မြင်ကြားသိတဲ့သူ မြင့်သိန်းရဲ့အခြေအနေသိရှိသူတွေလည်း ကျွန်တော်မေးစရာရှိတာလေး မေးမြန်းရအောင် စုဆည်းထားပေးပါ"

"ဟုတ်ကဲ့ ကဲကိုအောင်ဌေး ကလေး(၂)ဦးနဲ့လူ(၄)ဦးလောက် ကျွန်တော့်အိမ်မှာ စောင့်ခိုင်းထားဖို့ ခင်ဗျာစီစဉ်လိုက် ရဲတပ်ဖွဲ့ဝင်တွေအတွက် လိုအပ်တာတွေ စီစဉ်ထားပါလို့ ကျွန်တော့်ဇနီးကိုပြောလိုက်ဦး။ ဆရာတို့အဖွဲ့လည်း ပင်ပန်းနေကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူး ရဲအုပ်ခင်မောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ ပြုကျင့်ဆောင်ရွက်ဖွယ်များကို ရဲလုပ်ငန်း အကုန်အစင်ပြု လုပ်ပြီးနောက် ကိုစိန်မောင်၏အလောင်းအား ရဲတပ်ဖွဲ့ဝင် အချို့တို့နှင့်အတူ ကျေးရွာသားများအကူအညီဖြင့် ရဲနှင့် ပြည်သူ လက်တွဲကူကာ ဆေးရုံသို့သွားရောက်ပို့အပ်လေ တော့သည်။

အမှားရဲ့ဒဏ်ကိုခံ

က သမီးလေးနာမည်က ဘယ်လိုခေါ်သလဲ ဦးဦး ကိုပြောပြပါလား

"သမီးအမည် ကုလားမ"

"ဟာ ကုလားမတဲ့လား"

"ဟုတ်"

ကျေးရွာ ရ-ယ-က ဥက္ကဋ္ဌ ဦးမြင့်သိန်းအိမ်တွင် ရောက်ရှိနေကြသည့် မောင်နှမ(၂)ဦးအား ရဲအုပ်ခင်မောင် ဝင်းမှ ကြင်နာစွာကြည့်ရှုလိုက်ရင်း ကလေးတွေရဲ့ ဘဝ နောက်ရေး ရင်ထဲခတ်လေးလေး ပျော်ရွှင်စရာအရွယ် ချစ်စ





ရွယ် လောကဓံတရား ဘာမှမသိနားမလည် အပြစ်ကင်း စင်သည့် ဖြူစင်သောနှလုံး အသည်းနုနုလေးအား ဒုစရိုက် မှုအကျည်းတန် ဒေါသတရား အတ္တမာနကြောင့် ဘကြီးနှင့် အမေအလယ်တွင် သောကသိုက်မြုံ ဝေဒနာ ကြုံနေကြရ သည်ကို သားသမီးချင်းကိုယ်ချင်းစာပြီး

"သမီးရဲ့ဖေဖေကို ဘယ်သူသတ်တာလဲကွယ်"

"ဟိုး ဘဘသိန်း"

"သမီးပြောစရာရှိတာ အကုန်ပြောလိုက် ဦးဦးတို့ တိုဘာမှကြောက်စရာမလိုဘူး။ သမီးရဲ့ဖေဖေကိုသတ်တဲ့သူ ကို ဦးဦးတို့ကဖမ်းပေးမှာ"

ဘဘသိန်းက ဖေကြီးကို ဓားနဲ့ခုတ်လိုက်လို့ ဖေ ကြီးသေသွားတယ်။ ပြီး အဖေကြီးကို ရေတွင်းထဲ ပစ်ချ လိုက်တာ ဟီး ဟီး ဟီး"

ကုလားမ(ခ)မခိုင်သဇင်ဝင်းမှာ ပြောဆိုမျက်ရည် ကျကာ ငိုလေတော့သည်။ အတင်း မနည်းချော့မြှူကာ အစ်ကိုဖြစ်သူ ဝင်းထွန်းအောင်အား မေးစရာများကိုဆက် မေးပြီး ဒေါ်ခင်ဝင်းအားလည်း လိုအပ်သည့်အချက်များ မေးမြန်းနေစဉ်မှာပင် ဒုရဲအုပ် နော်လာနှင့် ရဲတပ်ဖွဲ့ဝင်အ



www.burmeseclassic.com

www.burmeseclassic.com





# ရာဇဝတ်ဘေး ပြေးမလွတ်





ချို့မှာမြင့်သိန်းအား လက်နှစ်ဘက်ကို လက်ထိပ်ခတ်ကာ စခန်းမှူးရဲအုပ် ခင်မောင်ဝင်းအား သတင်းပေးပို့လိုက်ပြီး စခန်းမှူးက ----

"ကဲ ဆရာနော်လာ မြင့်သိန်းကိုစခန်းရောက်မှစစ်မယ်။ ဒီတော့ ကျွန်တော်တို့ပြန်ကြရအောင် အသိ သက်သေ လက်မှတ်ထိုးကြဖို့ ဘာကျန်သေးသလဲကြည့်ကြဦး"

ဟု ရဲတပ်ဖွဲ့ဝင်များကိုပြောဆိုကာ ပြီးစီး၍ ကော့မှူးရဲတပ်ဖွဲ့စခန်းသို့ မြင့်သိန်းအား ခေါ်ဆောင်ကာ ပြန်ခဲ့ကြတော့သည်။ ကော့မှူးစခန်းသို့ရောက်ရှိကာ မြင့်သိန်းအားအချုပ်ခန်းထဲသို့ ထည့်ထားလိုက်ပြီး စခန်းမှူးနှင့်တပ်ဖွဲ့ဝင်များ ရေမိုးချိုးအဝတ်လဲပြီး ရဲအုပ်ခင်မောင်ဝင်းမှ စခန်းမှူးရုံးထဲ ထိုင်ကာ အချုပ်ရဲကင်းမှူးအားမြင့်သိန်းကိုထုတ်လာရန် ပြောဆိုပြီး စစ်ဆေးလိုက်ရာတွင်----

"ခင်ဗျားကို ကျွန်တော် တိုတိုတုတ်တုတ်နဲ့ပဲမေးမယ် အမှန်အတိုင်းဝန်ခံမလားဆိုတာပဲ"

ရဲအုပ်ခင်မောင်ဝင်းမှ စူးရှသည့်မျက်စိဖြင့်ရှေ့တွင်ထိုင်နေသည့်မြင့်သိန်းအားခတ်ပြတ်ပြတ်မေးလိုက်ရာ မြင့်



www.burmeseclassic.com

www.burmeseclassic.com



သိန်းမှာ ဦးခေါင်းတစ်ချက်ငုံ့လျက် ပြန်လည်တည့်မတ်လာရင်း ဖြေးလေးသောစကားဖြင့်

“ကျွန်တော် သိပ်မှားသွားတယ်ဆရာ”

“ဘာကိုမှားတာလဲ”

“ကျွန်တော်ရဲ့ညီကို ဓားနဲ့ခုတ်သတ်မိလိုက်တာကို မှားတယ်လို့ပြောတာပါ ဆရာ”

“ခင်ဗျားရဲ့အမှားကို ခင်ဗျားဝန်ခံဖျောက်ချက်ပေးတယ်ဆိုပါတော့ဟုတ်လား”

“ဟုတ်ပါတယ်ဆရာ”

“ကဲ ကဲ ဒါဆို ခင်ဗျားရဲ့ဖြစ်ကြောင်းကုန်စင်ပြောပြစမ်းပါဦး”

‘ဖြစ်ပုံလေးက ၂၉-၄-၉၈ ရက်နေ့ညက စတင်ခဲ့တာပါဆရာ”

“ဟ ငါ့ညီစိန်မောင်နဲ့ တူမ ကုလားမလည်းပါလာကြပါလား ကဲ လာကြကွာ တစ်ခါတည်းထမင်းဝင်စားကြလိုက်”

ဟု အစ်ကိုဖြစ်သူ မြင့်သိန်းအိမ်သို့ ညီငယ်စိန်မောင်နှင့်သမီးငယ်တို့အား ထမင်းဝိုင်းတွင်ထိုင်ကာ သမီး





ငယ်ကုလားမဖြင့် ထမင်းစားသောက်နေထိုင်ရင်း အစ်ကိုမြင့်သိန်းက----

“ဒါနဲ့နေပါဦးကွ ငါတို့မိဘပိုင်ဆိုင်တဲ့ ဝါးပင်တွေကို ငါ့ညီ ဝင်ရောက်ဝါးခုတ်ခဲ့တယ်မဟုတ်လား”

ငါးပိရည် ပန်းကန်ထဲမှာစွန်း... ယူကာ ငါးပိရည်ကိုခတ်ဖျက် ထမင်းအလည်တွင် လောင်းချလိုက်ရင်းကိုမြင့်သိန်းမှ ညီဖြစ်သူစိန်မောင်အားမေးလိုက်သည်။ စိန်မောင်ကလည်း ငါးလေးအိုးကပ်ဆီကျန်ဟင်းကို လှမ်းယူခတ်လိုက်ပြီး သမီးကုလားမ ပန်းကန်ထဲ ဟင်းများထည့်ပေးလိုက်ပြီးနောက်

“ဟုတ်တယ်လေ ကျုပ်အိမ်သုံးဖို့ စရိတ်ပြတ်နေတာနဲ့ ဝင်ခုတ်လိုက်တာပဲလေ”

“အဲဒီလို ဝါးခုတ်ရင် မင်း ငါ့ကိုပြောရမှာပေါ့ မင်း ... က စည်းမရှိ ကမ်းမရှိ ခုတ်ရင် နောက်လူတွေက ဝင်ခုတ်ကြရောကွ”

“ခင်ဗျားကြီး အဲဒါကြောင့်ခက်တာဗျ”

“ဟော့ကောင်စိန်မောင် ဘာခက်နေတာလဲ မင်းကိုပြောပြနေတာကွ”



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့ဗျာ"

"ငွမ်" "ဖုတ်"

စိန်မောင်မှာ ထမင်းစားလျက်ရှိနေစဉ် အစ်ကိုမြင့်သိန်းမှာ ဤကဲ့သို့ပြောဆိုလာသဖြင့် စားနေသည့်ပန်းကန်ကိုလွှင့်ပစ်လိုက်ပြီး ၄င်းတို့ နှစ်ဦးတို့အလယ်တွင် မျက်လုံးကလယ်ကလယ်ဖြင့် ထမင်းလုတ်အားထိုင်ပြီးကြည့်နေသူ သမီးအား ပွေ့ချီကာ ကိုမြင့်သိန်းမှလည်း ထရံတွင်ထိုးထားသည့်ဓားကို ဆွဲနှုတ်လျက် ခုတ်ရန် ဟန်ပြင်လိုက်စဉ် စိန်မောင် ကလေးအား ချီပွေ့ကာ နေအိမ်မှထွက်ပြေးလာခဲ့တော့သည်။ အစ်ကိုမြင့်သိန်းမှလည်း နောက်မှ ထပ်ချပ်မကွာ လိုက်လာခဲ့ပြီး အမှောင်ထုအောက် ဒေါသချင်း၊ မာနချင်းယှဉ်ပြိုင်ကြရာ ပြေးသူနှင့်လိုက်သူ စိန်မောင်မှာလည်း ကလေးတစ်ဖက်ဖြင့် ပြေးလွှားရာမှ ခလုတ်တိုက်သွားရာ အနောက်မှ ဓားမကိုင် လိုက်လာသည့် အစ်ကိုမှ မီလာပြီး အနီးသို့အရောက် စိန်မောင်ချီထားသည့် သမီးငယ်ကုလားမလေးလည်း လွင့်စင်ကာပြုန်ထအလာ မြင့်သိန်းက လဲကျနေသူစိန်မောင်၏ ဦးခေါင်းအားဓားမဖြင့်တစ်ချက်လွှဲခုတ်





ချလိုက်လေသည်။

"ခွေးမသား"

"အား"

တစ်ချက်သာအော်လိုက်နိုင်သည်။ထိုအဖြစ်အပျက်က သွေးပျက်ဖွယ် ကြည့်ရှု၍မကောင်း ထိုအခြင်းအရာကို အသည်းနုနု လူမမယ်ကလေးအရွယ် ကုလားမက အကုန်မြင်တွေ့နေရသည်။ ဓားဒဏ်ရာကြောင့် သွေးအိုင်ထဲလဲကျပြီး စိန်မောင်၏ လည်ဂုတ်အား တစ်အားလွှဲခုတ်ချလိုက်လေတော့သည်။ စိန်မောင်လူ့လောကကြီးထဲမှ အပြီးအပိုင်ထွက်ခွာသွားချေပြီ။ စိန်မောင် အလောင်း မနီးမဝေးတွင် ပါးစပ်အဟောင်းသားဖြင့်ကြောက်လန့်နေသည့် ကုလားမလေးကို အရှင်မထား သူလေးကိုသတ်ရန် ဓားဖြင့်ရွယ်မိုးလိုက်-----

"ဘဘ သမီးကိုမသတ်ပါနဲ့ ဘဘရယ် သမီးကြောက်လှပါတယ်။ သမီးကိုမသတ်ပါနဲ့ ကန်တော့ပါတယ်။ ဟီး ဟီး သမီး ဘဘကိုရှိခိုးလိုက်ပါတယ်။ သမီးကိုမသတ်ပါနဲ့ ဟီး ဟီး"

အမိုက်မှောင်အောက်တွင် ကမ္ဘာပျက်နေကြသည်။ သွေးအိုင်ထဲသေသွားသူက အစ်ကိုကြီးအဖအရာတဲ့ ညီငယ်



www.burmeseclassic.com

www.burmeseclassic.com



ညီမငယ်များကို ဖခင်နှင့်မခြားပြုစုပျိုးထောင်စောင့်ရှော
ရမည့်တာဝန် အစ်ကိုကြီး ပဲ့ပြင်ဆုံးမရာသည် အစ်ကိုကြ
တာဝန်အပြစ်ပေးသည်။ ဒါတွင်မက လူမမယ်စာမမြော
သည့်တူမ ကုလားမကို ဓားပြင့်ခုတ်ရန် ကြံရွယ်လိုက်
မှ မြင့်သိန်းတစ်ယောက် ၄င်းအားငိုယိုတောင်းပန်နေသ
ကုလားမကို သနားဂရုဏာပိုသွားပြီး မြောက်ထားသ
ဓားကိုင်လက်အားအောက်သို့ချလိုက်ရင်း

"ကောင်းပြီ နင့် ပါးစပ်ကိုပိတ်ထား ငါနင့် အ
ကိုသတ်တယ်ဆိုတာ ဘယ်သူမှမပြောနဲ့. ပြောရင်ဓာ
ခုတ်သတ်လိုက်မယ် ကြားလား"

"ကြားပါတယ် အဘ"

ကုလားမ မျက်နှာတွင် မျက်ရည်တစ်သွင်သွင်
ကျနေသည့်ကြားက စကားကိုအထစ်ထစ်အငေါ့ငေါ့ဖြင့် ပြ
ဖြေလိုက်ရင်း "သေး" များပင်ထွက်ကျနေသည်။ ကြော
အားပိုနေသည်ပေါ့။ မြင့်သိန်းမှာ ၄င်းညီစိန်မောင်၏
လောင်းအားထမ်းလျက်

"နင် ဒီမှာနေခဲ့ဦး နင့်အဖေ မသာကို ရေတွင်း
ကိုသွားပစ်ချလိုက်ဦးမယ်"

ပြောဆိုပြီး စိန်မောင်နေထိုင်သည့် တနင့် မလှမ်း





ကမ်းရှိ ရေတွင်းထဲသို့ ပစ်ချကာ ကုလားမထံပြန်လာခဲ့ပြီး
သက်သေခံပစ္စည်းများ သွေးကွက်များကို မကျန်ရှိစေရ
အောင် ပိပိရိရိဖုံးဖိ ဖျောက်ဖျက်ကာ ကုလားမအား မြင့်
သိန်းကကျောပိုးပြီး ဝင်းကိုတို့အိမ်တွင်ရောင်တိမ်းနေလိုက်
တော့သည်။ တူမလေးကိုကြည့်ပြီး အကြင်နာပိုကာ သနား
ရင်း စောင့်ရှောက်နေခဲ့တော့သည်။

"ကျွန်တော် သိပ်မှားသွားပြီဆရာ"

"ဒါတွေအားလုံးအမှန်ပဲလား"

"ဟုတ်ကဲ့ ဒါတွေ ကျွန်တော်အမှန်အတိုင်းပြော
တာပါ။ အပြစ်မှန်ပါဆရာရယ်။ ကျွန်တော်သိပ်မှားသွား
ပြီ"

"မှားတယ် မှန်တယ်ဆိုတာ ခင်ဗျားကြိုတင်တွေး
ရင်ကောင်းပါတယ်။ လူဆိုတာ စဉ်းစားဉာဏ် ဦးနှောက်ရှိ
တယ်။ တွေးခေါ်ဆင်ခြင်တုံတရားရှိပါလျက် အတ္တဒေါသ
ကို အရင်းပြု ဖြစ်ချင်တဲ့ဆန္ဒ ကြောင့် ဒေါသကြောင့် အ
မှားတွေ တစ်ဆင့်ပြီးတစ်ဆင့်ကျူးလွန်နေတာပဲ"

"ဟုတ်ပါတယ်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားရဲ့ ဦးနှောက်ဆင်ခြင်တုံတရားက ခန်း
ခြောက်ပြီး တရားဥပဒေကို ကျော်နိုင်းလိုက်ပြီး ရာဇဝတ်
ဘေးပြေးမလွတ်ခဲ့ပါဘူး။ ခင်ဗျားပြုကျင့်ခဲ့တဲ့ မကောင်း
ဒုစရိုက်ကြောင့် ခင်ဗျားလည်းဒုက္ခရောက်သလို ခင်ဗျား
နီး မယား သားသမီးတွေ ညီအစ်ကိုမောင်နှမ ဆွေမျိုး
သောကမီးတောက်လောင်ကျွမ်းကြရတယ်။ ခံရသူဘက်
လည်း ဘဝလည်းဆုံးပါး ကလေးတွေ ခင်ဗျားမှာလည်
မျက်စိသူငယ် နားသူငယ်နဲ့ ဒုက္ခတွေစုဝေးရောက်ရှိကြ
တယ်"

"ဒါကြောင့် ကျွန်တော်မှားတယ်လို့ ပြောတာ
ဆရာ"

"ပြစ်မှုကျူးလွန်ပြီးကာမှ မှားပါတယ်ဗျာလို့ ပြော
လို့မရဘူး။ အဲဒီပြစ်မှုရဲ့ပြစ်ဒဏ်ကို ကျွန်တော်တို့က ခ
ဗျားကို တရားရုံတော်မှာ တရားစွဲမယ်။ တရားဥပဒေ
လည်း မျက်စိမှိတ်မနေဘူး။ ထိရောက်ဟန့်တားလောက်
ထိုက်သင့်တဲ့ပြစ်ဒဏ်ကို ထိထိရောက်ရောက် ခင်ဗျား
စားရမှာတော့ ဧကန်မလွဲပါဘူး"

"ဆရာ မကယ်နိုင်တော့ဘူးလား ဆရာရယ်"





"မကယ်နိုင်ပါဘူး ကျွန်တော်တို့က တရားဥပဒေ
ရဲ့ ဘက်တော်သားဆိုတော့ မျက်နှာလည်းမလိုက်သလို
နောင်ကို ခင်ဗျားလိုအဖြစ်မျိုး မဖြစ်ပွားရလေအောင် ပြည်
သူကိုဗဟုသုတဖြစ်စေ၊ ပညာပေးဖြစ်အောင် မှုခင်းလျော့
နည်းအောင် ကြိုတင်ကာကွယ်သွားရမှာဘဲ"

"ဆရာရယ် ဒီအမှုက ဘယ်လောက်ထောင်ဒဏ်
ကျခံနိုင်သလဲ ဆရာ"

"ဒါက တရားရုံက တရားစီရင် အမိန့်ချမှတ်ပါ
လိမ့်မယ်။ ချမှတ်ထားတဲ့ဥပဒေအရဆိုရင်တော့ သေဒဏ်
တစ်သက်တစ်ကျွန်းနဲ့တကွ အနည်းဆုံး ထောင်ဒဏ်(၁၀)
နှစ်ဗျ"

"ဗျာ"

လောက တစ်အူတုံဆင်း ညီအစ်ကိုမောင်နှမ
တွေ တစ်ဦးနှင့်တစ်ဦး ဆန္ဒဒေါသ၊ အတ္တမာနတွေကြောင့်
မာနချင်း၊ ဒေါသချင်း၊ ပြိုင်ဆိုင်အနိုင်လုယက်လေသော
အခါတွင်တရားဥပဒေ၏ စက်ကွင်းသက်ဆင်းကြရမည်မှာ
အမှန်မလွဲပါကြောင်း ကော့မှူးမြို့နယ် ရဲတပ်ဖွဲ့စခန်း(ပ)
၁၇/၉၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၂၀၁ တ



www.burmeseclassic.com

www.burmeseclassic.com



ကယ့်ဖြစ်ရပ်မှန်အား မှုခင်းကျဆင်းစေရေးကို ဦးတည် လျက် စာဖတ်သူများ ဗဟုသုတပညာများနှင့်အတူ သင် ခန်းစာများ ရယူစေနိုင်ရန်အတွက်စာရေးသူမှပြန်လည်ရေး ဖွဲ့ကာ စေတနာကောင်းဖြင့် ကြေညာမောင်းခတ်ကာ တင် ပြလိုက်ရပါတော့သတည်း။









## ဒုစရိုက်သမားအေး

## ယနေ့မှုကြီးကွယ်ပြီမိမှုသည်

## ဂျပြန်သင်္ဘောတွေ ကြမ္မာဆိုးကို ခေါ်ယူခဲ့ခြင်း ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



ပြစ်မှုကျူးလွန်သူရဲ့ဘဝ

နှောင်ရေး [illegible]

ရပ်ရွာအေးချမ်းသာယာရေး

ဝိုင်းဝန်းကူညီစောင့်ထိန်းပေး










www.burmeseclassic.com

www.burmeseclassic.com



# အကြင်နာမဲ့







## ◉ "သမီးနှင့်အမေ အမှုပွဲ" ◉

ခက်တာက လူမှု့လူ့ဘောင်လောကကြီးထဲတွင် လူအမျိုးမျိုးစိတ်ဓါတ်အထွေထွေရှိကြရလေသည်။ ထိုစိတ်အထွေထွေထဲ အမျိုးမျိုးရှိကြရသည်အနက် စိတ်ယုတ်မာဖြင့် အောက်တန်းကျသော ကိုယ်ဝန်ဖျက်ချခြင်း မိမိရဲ့ ရင်သွေး ကိုယ်ဝန်ကို အကြောင်းအမျိုးမျိုးဖြင့် စွန့်ပစ်ခြင်း လက်သယ်ဖြင့် ဖျက်စီးစေခြင်း မျိုးကား လူ့ဘောင်ကြီးထဲတွင် ဒုနှင့်ဒေးရှိကြချေတော့သည်။ မိခင်မေတ္တာ မိခင်ရင်ဝယ်သည်းချာ (၅၂၈)သွယ်သောမေတ္တာ မြင်းမိုရ်တောင်ဦး၊ မကကျူးသား ဆိုထားချက်ကို ချေမှုန်းဖောက်ဖျက်နေကြသူ မှုဆိုတစ်ပိုင်း မိန်းမရိုင်းကြီးများအသွင်သို့ ဆောင်ကာ လူစိတ်ပင် ပျောက်လျှက် ရှိချေပေတော့သည်။ အကြောင်းပြချက်တော့ ရှိပါသည်။ ဤကဲ့သို့ ဝမ်းဖြင့်လွယ်လျှက်မွေးဖွားနေရခြင်းသည် မိမိအချစ်ပင်လယ်ထဲ နစ်မျောနေစဉ်က ပင်လယ်ဆားငံရေကို အကြိမ်ကြိမ်သောက်သုံးခဲ့ကြရပြီးကာမှ ကမ်းပေါ်ရောက်ရှိသွားခဲ့လို့ အချစ်ပင်လယ်ပြင်ကို ခါးသီးစွာ ကျောခိုင်းပစ်လိုက်ကြသည်။ အချစ်ပင်လယ်ပြင် ဝဲဂယက်ထဲ တိုးမဝင်လို တိုးဝင်ခဲ့သည့် အချစ်ဆုလာဒ်တွေကိုလည်း ဘာဆိုဘာမျှမလိုချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



မလိုချင်လို့တော့ လုံးဝမရ အချစ်ပင်လယ်ဆားငံရေတွေ အတူသောက်မျိုခဲ့ပြီး အချစ်ကြီးခဲ့သည့်မေတ္တာအထိုအထည် အကောင်အထည်က ကြီးမားစွာ အချစ်ဒိုင်လူကြီး ဆုံးဖြတ်ပေးလိုက်ကြသည်။ အကြောင်းအမျိုးမျိုး၊ အချစ် အထွေထွေ ဝေဒနာအပေါင်း ကုဋေကုဋာအပြည့် အချစ် ဟတ်တိုင်ပင်ရှိခဲ့ကြားအံ့ မိုးလင်းမိုးချုပ် အချစ်ဝေဒနာရှင်များ အချစ်ပြဿနာများက တိုးကျိတ် တိုးဝှေ့နေကြမည်သာ နှစ်ဦး ချစ် နှစ်ဦး သိနေကြသည်ကို အချစ်ပျားရည်အချစ်ပန်း အချစ်ဘဝခရီးပန်းဟု အချစ်ဆရာကြီးများက အချစ်အတွက် ရိုးမယ်ဖွဲ့ကာ ကဗျာစာတွေစပ်ဆိုကြမည်။ အချစ်သည်ကား လှသားတိုင်းဖြင့် မကင်းသော အချစ်ပင်လယ်ပေဘဲကိုး အချစ်ပုံပြင်လေလား ဒဏ္ဍာရီပင်ဖြစ်သွားကြရလေသည်။ မည်ကဲ့သို့ ပင်ပြောပြော လုတွင်ပါခဲ့လို့အချစ်များ စွဲခဲ့ရသည် ကိုတော့ဖြင့် ကာယကံရှင်တိုင်း ပြင်နိုင်အံ့မထင် ငါတော့ အချစ်ဒါဏ်အကြောင်း အချစ်ပုံပြင်များစွဲထဲက အချစ်အတွက် ပေးဆပ်လိုက်ခဲ့ရသည်ဖြစ်ရပ်မှန် မှုခင်းလေးအဖြစ် အချစ် ကြွေးကျော်နေသူများစွာကို အချစ်မီးမောင်းကြီးဖြင့် ထိုးပြလိုက်ရပေတော့သည်။

သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်ဆိုတာက





ခေါင်းဆောင်ကြီး ဆရာစံ၏ နယ်မြေ သာယာဝတီမြို့ဆိုတာ စည်းကားပြီး အစိုးရ အလုပ်ရုံဝန်ထမ်းကုန်သည် ပွဲစားများနှင့် လယ်ယာလုပ်ငန်းခွင်တွေဖြင့်ပျော်ပျော်ရွှင်ရွှင်ရှိနေကြရပြီး အေးချမ်းလှသော မြို့ဆိုလျှင်မမှား ရဲတပ်ဖွဲ့စခန်းအတွင်း ဒီကနေ့ တာဝန်မှူး တာဝန်ယူဆောင်ထားရသော အရာရှိငယ် ဒုရဲအုပ် ကျော်ညွန့် နံနက်ထဲက ဂျူတီ စတင်ဝင်ရောက် ကတည်းက ယူနီဖောင်းအပြည့်အစုံဖြင့် တာဝန်ထမ်းဆောင် နေချိန် ထိုစဉ် အုန်းတောစု ကျေးရွာထဲက အမာခံ ကိုတင်စိန် တစ်ယောက် ရောက်ရှိလာပြီး

"ဆရာရေ သတင်းတစ်ခုပေးမလို့ဗျ"

"ဟာ-ကိုတင်စိန် ဘာသတင်းတွေ ထွေထွေထူးထူး ရှိနေလို့လည်း ပြောစမ်းပါဦး"

"ဒီလိုဆရာရဲ့ ကျွန်တော်ရွာကနေပြီး ဆရာထံကို လာခဲ့ရတာ တွေ့မှတွေ့ပါမလားလို့ အခုတော့ မိုးချုပ် တော့မယ်။"

"ကဲပါဗျာ ပြောမှာသာ ပြောစမ်းပါ အခုမှ (၆) နာရီပဲ ထိုးသေးတာ"

"ကျွန်တော် အတော်မောလာတယ် ရေအရင် ပေးသောက်ခွင့်ပြုပါလား ပြီးတော့ ပြောပြတော့ပေါ့ ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟါဗျာ ဆောရီး × × ဆောရီ ကျွန်တော့် မေ့သွားတယ် ခင်ဗျာ ထမင်းကောစားပြီးခဲ့ပြီလား။"

"ထမင်းတော့မစားရသေးပါဘူး။ ဒီရေခွက် တစ်ခွက် သောက်ပြီးရင်တော့ ပြည့်စုံပါပြီဆရာ။"

ကိုတင်စိန်တစ်ယောက် ရဲတပ်ဖွဲ့စခန်းထဲတွင်ရှိနေသော သောက်ရေအိုးစင်မှ ရေကိုခတ်သောက်လိုက်ပြီး၊

"အချစ်ပြဿနာ ဆရာရဲ့ × × အဲဒါကလေးမွေးတော့ ကလေးသေသွားတယ် အဲ့ဒီ အလောင်းကို အိမ်သာ ထဲကိုထည့်ပြီး ပစ်လိုက်တာပါပဲဗျာ"

"ဒါဟုတ် အမှန် လားဗျာ"

ဒီထက်တိကျ နိုင်မှာတဲ့ သတင်းမျိုးမရှိတော့ဘူး။ ဒါ လျှို့ဝှက်ထားတဲ့ကိစ္စကို လျှို့ဝှက်စွာ ယူဆောင်လာခဲ့ပြီး လျှို့ဝှက်စွာ သတင်းပေးလိုက်တာပါဘဲ။

အရာရှိငယ် ဒုရဲအုပ်ကျော်ညွန့် ခေတ္တစဉ်းစား လိုက်ပြီးနောက်

"ကောင်းပြီလေဗျာ။ ကျွန်တော်ရဲ့အထက်အရာရှိ စခန်းမှူးကြီးကို သတင်းပေးပို့လိုက်ဦးမယ် ပြီးတော့မှ ခင်ဗျားပြန်ပေါ့ဗျာ။"

"ဟုတ်ကဲ့ပါ။ ဒီညတော့ သာယာဝတီက မိတ်ဆွေအိမ်





မှာပဲ အိပ်တော့မယ် ဆရာတို့လုပ်စရာရှိတာ ဆက်လုပ်ပြီး လိုအပ်တာရှိရင်ပြောပါ ကူညီပေးရတာပေါ့။"

"ကဲခဏ ထိုင်လိုက်ပါဦး နော် !"

ပြောဆိုကာ စခန်းမှူးထံ သတင်းအချက်အလက် ပေးပို့ပြီး ယင်းရရှိခဲ့သည့် သတင်းကို သေချာစေရန် စခန်းမှူးက ဒုရဲအုပ်ကျော်ညွန့်အား တာဝန်ပေးစုံစမ်း ထောက်လှမ်း စေခဲ့ပါသည်။ ဤသို့ဖြင့် တပ်ဖွဲ့ဝင်များကို စုစည်းပြီး ဒုရဲအုပ်အေးကိုနှင့်အတူ နယ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် သတင်းရရှိခဲ့သည့် ကျောင်းစုကျေးရွာ ရ–ယ–က ဥက္ကဋ္ဌဖြစ်သူ ဦးခင်မောင်ဖြင့် ရဲတပ်ဖွဲ့ဝင်များတွေ့ဆုံကြ၍ ရ–ယ–က ဥက္ကဋ္ဌက

"ဟာ ဆရာတို့ပါလား ဘယ်သွားကြမလို့ !"

"ဥက္ကဋ္ဌတို့ရွာကို သွားမလို့ပါ ဥက္ကဋ္ဌကရော ဘယ်သွား မလို့လဲ မြို့ပေါ်စပါးကျန်ငွေ သွားတောင်းမလို့ပါခင်ဗျာ။"

"ဒါဆိုရင်လည်း မနက်ကျမှ သွားဗျာ အခုကျွန်တော်တို့ သွားရမယ့်ကိစ္စမှာ ဥက္ကဋ္ဌမပါလို့မရဘူး အသိသက်သေလည်း လိုတယ် ဥက္ကဋ္ဌရ"

"ကျွန်တော့်ကျေးရွာနဲ့ပါတ်သက်သတဲ့ကိစ္စပဲ ဆရာ ကူညီပေးရမှာပေါ့ ဒါနဲ့ဘာဖြစ်လို့လဲဆရာ"

ဒီလိုပါ ဒေါ်သန်းသန်းနွဲ့ကို ဥက္ကဋ္ဌသိသလား"



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ သူ့ယောကျ်ားက ကိုထွန်းသူလေ အဲ့ဒါဘာဖြစ်လို့လဲ"

"သူ့တို့ရဲ့သမီးက"

"သိတာအေးပါဆရာ"

"သူမှာ ကိုယ်ဝန်လွယ်ထားရတာ ဥက္ကဋ္ဌသိသလား။"

"သိတာပေါ့ မသိတာက မွေးခါနီးဖွားခါနီးပြီ မသိတာက ကံဆိုးရှာပါတယ် အချစ်အတွက် ရယူလိုက်ရတဲ့ အချစ်ဆုလာဒ်ကတော့ ဗိုက်တစ်လုံးနဲ့ ကျန်ခဲ့တာပါပဲဗျာ"

"အဲ့ဒီ မသိတာဆိုတဲ့ နေအိမ်ကို သွားကြမယ် သူ့ကလေး မွေးတယ် ပြီးတော့ ကလေး စွန့်ပစ်ပျောက်ဖျက်ဖြစ်တဲ့ ကိစ္စပါဘဲ"

"ဗျာ ဟုတ်လား အဲဒါတော့ ကျွန်တော်လည်းမသိဘူး ဆရာတို့ ပြောမှဘဲသိရတာ"

ဥက္ကဋ္ဌနှင့် ရဲတပ်ဖွဲ့ဝင်များကျေးရွာထိပ်သို့ စကားတစ်ပြောပြောဖြင့် လျှောက်လာခဲ့ပြီး –

"ဟိုးအရှေ့က လှမ်းမြင်နေရတဲ့ အိမ်က ကိုထွန်းသူတို့ရဲ့ အိမ်ပါ။ပဲ ဟော့ထွန်းတင်ရေ ဒို့နဲ့ခဏလိုက်ခဲ့ကြအုန်းကွ"

ဥက္ကဋ္ဌ ဦးခင်မောင်က အဖွဲ့ဝင်ထွန်းတင်နေအိမ်ရှေ့မှ ရဲတပ်ဖွဲ့ဝင်များဖြင့်အတူ လျှောက်သွားရင်း လှမ်းအော်ခေါ်လိုက်ရာ ဦးထွန်းတင်လည်း အိမ်ထဲကနေပြီး ချက်ခြင်းလိုက်ခဲ့တော့သည်။





"ဥက္ကဋ္ဌ ဘာဖြစ်လို့လဲ!"

"ငြိမ်ငြိမ်လေးနေပြီး လိုက်ခဲ့ ဟိုကြရင်သိမယ်။"

"အော်ဟုတ်ကဲ့ ဟုတ်ကဲ့"

× × × × × × × × × × × × × × ×

ရဲတပ်ဖွဲ့ဝင်များဖြင့်အတူ သက်သေ ရ–ယ–ကအဖွဲ့ဝင်များဖြင့် ဦးထွန်းသူနေအိမ်ခြံဝန်းထဲကို ဝင်ရောက်သွားခဲ့ပြီး ဒေါ်သန်းသန်းနွဲ့ကိုတွေ့လိုက်ရသည် မျက်နှာတစ်ချက်ပျက်ကာ

"ဒေါ်သန်းသန်းနွဲ့ဆိုတာက"

"ကျွန်မပါ။ပဲရှင် ဟုတ်ကဲ့ပြောပါ ဘာကိစ္စများရှိကြလို့လဲ ဘာအကူအညီပေးရမလဲရှင် ပြောပါ။"

"ဟိုးက ထိုင်နေတာက ဘယ်သူလဲ"

"အော် ကျွန်မသမီးပါ သူနေထိုင်မကောင်းဖြစ်နေတာပါ ဆရာလေး"

"မသီတာဆိုတာသူလား"

"ဟုတ်ပါတယ်ရှင်"

အနီးနားတွင်မအေဖြစ်သူနှင့် ညှိုးငယ်စွာ ထိုင်လျက်ရှိနေသော အသားလတ်လတ် အမျိုးသမီးငယ် ခန္ဓာကိုယ်တွင် ဆန္ဒန်းများဖြင့် ဝါထိန်နေအောင်လူးထားပြီး စိတ်ဓါတ်ကျဆင်းပြီး သွေးအားနည်းနေကြောင်းကို မသီတာနှုတ်ခမ်းများ ဖြူဖတ်ဖြူရော်ဖြစ်နေသည်ကို ဒုရဲအုပ်ကျော်ညွန့်က



www.burmeseclassic.com

www.burmeseclassic.com



လှမ်းအကဲခတ်ပြီး၊

"မသီတာ ဘာဖြစ်နေတာလဲ"

"ကျမ× × ကျမ× × ကျန်းမာရေးမကောင်းလို့ပါ။"

ပြန်လည်၍ မသီတာမှပြောဆိုပြီး လှဲအိပ်နေလိုက်သည် ရဲအုပ်ကျော်ညွန့်က

"ဒီလိုပါ ကျွန်တော်တို့သတင်းအရ အိမ်နဲ့ခြံထဲကို ရှာပါရစေခင်ဗျ"

"ခြောက်ခလေးမွေးဖွားပြီးတော့ အဲဒီကလေးကို စွန့်ပစ်ကြလို့ပါ ကျွန်တော်တို့အဖြစ်မှန်ကို စုံစမ်းဖို့အတွက် လာကြတာပါခင်ဗျာ"

ဒုရဲအုပ်ကျော်ညွန့်ပြောဆိုလိုက်သည့်စကားကြောင့် ဘေးတွင် ဘာတစ်ခွန်းမှ စကားမပြောသော ဦးထွန်းသူက

"ဘယ်ကလာ ကလေးမွေးရမှာလည်းဆရာရယ် ကျွန်တော့်သမီးက သွေးလုံး ဘေလုံးကို ရှာကဆရာမနဲ့ ခေါ်ကုသလိုက်တာပါ ခလေးမွေးတာ မဟုတ်ပါဘူး"

"ဟုတ်ကဲ့ ကျွန်တော်တို့ကလည်း တာဝန်အရပြုလုပ်ရတာပါ ရရှိသတင်းအချက်ပေါ်မူတည်ပြီး ဟုတ်တယ်မဟုတ်ဘူး ဆိုတာ သေချာစုံစမ်းဖို့ပါ။ ကဲ ကိုအေးကိုနဲ့ တပ်ဖွဲ့ဝင်တွေက ခြံထဲအနှံ့ ဒီက ရ-ယ-က အဖွဲ့နဲ့ ရှာဖွေစစ်ဆေးပါ ထူးခြားမှုကို ကျွန်တော့်ပြော"





ဟုတ်ကဲ့!

ဒုရဲအုပ်ကျော်ညွန့်က နယ်ထိန်းဒုရဲအုပ်အေးကိုနှင့် တပ်ဖွဲ့ဝင်များကို တဆက်တည်း ပြောဆိုလိုက်ကာ ရဲတပ်ဖွဲ့ဝင်များ ဖြန့်ခွဲပြီး ရရှိသည့်သတင်းအပေါ်အခြေခံပြီး သဲလွန်စများကို ရှာဖွေကြလေတော့သည်။

"ကဲ ဦးထွန်းသူကလည်း ကျွန်တော်နဲ့အတူ ခြံထဲလိုက်ခဲ့ကြပါဦး"

ဒုရဲအုပ်ကျော်ညွန့်က ပြောဆိုပြီး ခြံပေါက်ဝန်းကျင်၊ အိမ်သာသို့ ရှာဖွေကြတော့သည် အိမ်သာအတွင်း သွေးစ၊ သွေးနများကို ဒုရဲအုပ်ကျော်ညွန့်က မြင်လိုက်သဖြ ရ ဖွဲ့ ဦးထွန်းသူအား

"ဒီသွေးကွက်တွေက ဘာဖြစ်ထားတာလဲ ဦးထွန်းသူ"

"အော်ဒါက ကျွန်တော့်သမီး မသီတာ သွေးဖျင်ရေဖျင်း ဆိုပါတော့ သွေးလုံး မွေးဖွားလို့ မိခင်ဖြစ်တဲ့ ကျွန်တော့်ဇနီးက မြှုပ်နံထားတာပါ သွေးပုတ်တွေပါဆရာ"

"အဲဒီသွေးလုံးသွေးခဲသွေးပုတ်တွေကို ဘယ်မှာမြှုပ်ထားတာလဲ ဒီအိမ်သာအနီးမှာ မြှုပ်ထားလိုက်တာလား"

အိမ်သာဘေးမြေပွပွဖြစ်နေရာသို့ ဒုရဲအုပ်ကျော်ညွန့်က လက်ညှိုးထိုးကာ ဦးထွန်းသူကို မေးမြန်းလိုက်သည်။

"ဟုတ်မှာပေါ့ ကျွန်တော့်ဇနီးမြှုပ်တာပါ"

"ကဲ × × ဒါဆိုရင် တပ်ဖွဲ့ဝင်တွေ အဲဒီတွင်းကိုတူးပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြစမ်းပါဦး

အိမ်သာနံဘေးတွင်ကပ်လျှက် မြေကြီးဘေးတွ
မြုပ်ထားသော သွေးလုံးသွေးခဲများကို တွေ့ရှိရပြီး ဆက်လ
ဆယ်ယူစစ်ဆေးရာကလေးအလောင်းကို တွေ့ရှိသွားခဲ့လေတေ
သည်။ ယင်းကလေး အလောင်းအား ပလပ်စတစ်အိပ်
ထည့်ခိုင်းလိုက်ပြီး ဒုရဲအုပ်ကျော်ညွန့်က

"ဘယ်လိုလဲ ဗျ ဒေါ်သန်းသန်းနွဲ့ပြောတော့သွေး
ဖျဉ်းလုံးဆို"

မျက်စိမျက်နှာပျက်လျှက်ရှိနေသော ဒေါ်သန်းသန်
ခင်ဗျာ မျက်နှာကို အောက်ချပြီး

"ဒီလိုပါဆရာ ကျွန်မသမီး မသီတာကလေးမွေးဖွား
အသေလေးမွေးဖွားလို့ ဒီလိုဒီလို မြုပ်နှံလိုက်ရတာပါ
ကလေးက အရှင်မဟုတ်ပါဘူး"

"ဒီကိစ္စကို စောစောက ကြိုတင်ပြီး ဒေါ်သန်းသ
ပြောရင်ကောင်းပါတယ် အစကတည်းကိုက ဒေါ်သန်းသ
မရိုးသားကြောင်းဖြစ်နေကာ ကျွန်တော်သိပါတယ်။ သို့
လက်တွေ့ ဘာသဲလွန်စမျှမတွေ့သေးတော့ ကျွန်တော် အ
မပြောသေးတာ"

"ဆရာရယ် ကလေးမွေးတာ သေဆုံးလို့ ဒီလိုမြေ
လိုက်တာ အပြစ်ရှိနေပါလားရှင်"





"အပြစ်ရှိတယ် မရှိဘူးဆိုတာက ဒေါ်သန်းသန်းနွဲ့ ပိုသိပါလိမ့်မယ်။ ကလေးမီးဖွားတာကို ထိန်ချန်ထားပြီး မွေးကင်းစကလေးအလောင်းကို မြေမြှုပ် ဖျောက်ဖျက်ထားတဲ့ ကိစ္စက ဒါဟာ ရိုးသားတယ် မရိုးသားဘူးဆိုတာ ပေါ်ပြနေတာ၊

ဒီကိစ္စဟာ တရားဥပဒေအရ (၁၀)နှစ်အောက်ခလေး စွန့်ပစ်မှုပုဒ်မ ဝင်စေပါတယ်"

"ကျွန်မ မသိခဲ့လို့ လိမ်ပြောခဲ့တာပါရှင် သွေးရိုးသားရိုး နဲ့ဆိုရင် ဆရာရယ် ကျမတို့ကို ခွင့်လွှတ်ပေးပါရှင်"

"ကျွန်တော်ကခွင့်လွှတ်ပေမဲ့ တရားဥပဒေအရ ခွင့်မလွှတ်ပါဘူးခင်ဗျ။ ဒီကျေးရွာက ရ-ယ-က ဥက္ကဌအဖွဲ့ ကလည်း သက်သေရှိနေကြပါတယ်။"

"ခက်ပြီ အခုမှ ဒုက္ခပါပဲ၊ ဒါဆိုရင် × × ဒါဆိုရင်ကျွန်မ သမီးလေးကော အပြစ်လွှတ်ပါမလားဆရာရယ်"

"ကလေးမီးဖွားတဲ့ မိခင်ကိုယ်တိုင်က လိမ်နေခဲ့ပြီး အခု ဒေါ်သန်းသန်းနွဲ့က မြေမြှုပ်ပြီးကလေးစွန့်ခဲ့တယ် ဆိုတော့ ဥပဒေအရ နှစ်ဦးစလုံး အရေးယူရမှာပါခင်ဗျာ"

"ဒုက္ခပါပဲရှင် ကျွန်မတို့ကရိုးရိုး ပဲ သဘောထားလိုက် မိကာမှ အခုမှ အရှက်တကွဲ အကျိုးနည်းရတော့မှာလား ! ဟီး× × × ဟီး× × × ကိုထွန်းသူ ရှင်ဒီအတိုင်း ကြည့်နေ တော့မှာလားရှင် ဟီး× × × ဟီး× ×"



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်ရယ် အဒေါ်သမီးဖြစ်တဲ့ မသီတာရယ်က
ကျွန်တော်တို့ ရဲတပ်ဖွဲ့ ရဲလုပ်ထုံးလုပ်နည်းအရ ပြုလုပ်ရတာပ
စိတ်တော့မရှိကြပါနဲ့ ရဲတပ်ဖွဲ့စခန်းက အာမခံပေးနိုင်တဲ့ ကိစ္စမ
တရားရုံးတော်ကို တရားစွဲဆိုရမှာမို့ တရားရုံးတော်ရဲ
အဆုံးအဖြတ် နာခံအိုပါဘဲ"

ပြောဆိုလိုက်သော ဒုရဲအုပ်ကျော်ညွန့်တစ်ယောက
ကိုယ်ချင်းစာနာပါသော်လည်း တရားဥပဒေအတိုင်း ဆောင်ရွက
ယုံသာရှိချေတော့သည်။ ဒေါ်သန်းခင်ဗျာ ငိုကြီးချက်မဖြစ
အတူ သမီးမသီတာဖြင့် နှစ်ဦးကွဲလျှက် မသွားချင်သော
ရဲတပ်ဖွဲ့စခန်းသို့ ခြေလှမ်းများ တုံ့ဆိုင်းတုံ့ဆိုင်းဖြင့် သံဝေဂများ
အသိတရားများဖြင့် လိုက်ပါသွားခဲ့ကြလေတော့သတည်း။

× × × × × × × × × × × × × × ×

× × × × × × × × × × × × × × ×

မှတ်ချက်။ အဖြစ်မှန်မှခင်း သာယာဝတီ ရဲတပ်ဖွဲ့စခန်း
(ပ)၃၇၇/၉၇ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၁၈ဖြင့် တရားစွဲ
အပြစ်ပေးခံလိုက်ရသည့် မှုခင်းဖြစ်စဉ်အား စာဖတ်ပရိသတ
သတိတရားဖြင့် သတိထားနိုင်ရေး-မှုခင်းလျော့နည်း
ကျဆင်းစေရေးကို ရှေ့ရှုပြီး စာရေးသူမှ ရေးသားဖွဲ့ဆိုတင်ပြ
လိုက်ရပါသည်။








www.burmeseclassic.com

www.burmeseclassic.com










# စိတ်ကိုအရှိန်မသတ်နိုင်လို့

တောင်ကြီးမြို့သည် စီးပွားရေး အချက်အချာကျသော မြို့တော်ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ လာရောက်၍ အလုပ်လုပ်ကိုင်ကြသောသူများထဲတွင် တောင်သာမြို့နယ် ခုန်းကျင်းကျေးရွာမှအောင်ကျော်တစ်ယောက်လည်းပါဝင်ခဲ့သည်။ အဝေးပြေးကား ကုန်ပစ္စည်းများကို တင်ဆောင်သော အလုပ်ကို လုပ်ကိုင်၍ ရရှိသည့် လစာငွေအား အမေဖြစ်သူထံသို့ တင်ပို့ကာ ရိုးသားကြိုးစားသောအလုပ်သမားတစ်ဦးဖြစ်သည်။ ထိုအလုပ်တွင် အလုပ်သမားများဦးရေ ၂၀ကျော်သဖြင့် အလုပ်ရှင်မှအလုပ်သမားတန်းလျားဖြင့် နေရာထိုင်ခင်းများ စီစဉ်ပေး၍၊ အလုပ်သမားခေါင်းဆောင်နှစ်ဦးခန့်ထားပြီး ပျော်ရွှင်စွာဖြင့် ဒိုးတူပေါင်ဖက်တက်ညီလက်ညီ အလုပ်အားကြိုးစားကြသည်။ အလုပ်သမားခေါင်းဆောင် ကိုထွန်းမှာ အလုပ်နားလေတိုင်း၊ အောင်ကျော်နှင့်စကားများရောက်တတ်လာရာရာပြောတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်ကျော်၊ မင်းရှေ့လထဲမှာ ရွာကို ပြန်ဦးမလားကွ" "ပြန်ချင်တာပေါ့ ကိုကြီး ထွန်းရီရာ ကျွန်တော်ရည်စားနဲ့ ပြန်တွေ့ရမယ်။ ကျွန်တော့်အမေကိုလည်း တွေ့ရမယ်။ ဒါပေမယ့် -----"

"ဒါပေမယ့် ဘာဖြစ်သလဲကွ ပြောစမ်းပါဦး"

"တစ်မြို့တစ်ရွာထွက်လာငွေလာရှာနေတာမဟုတ်လား။ အိမ်က အမေက ကျွန်တော့်လုပ်စာ စားနေ၊ ကျွန်တော်ကပဲ ညီတွေ၊ ညီမတွေကို ထောက်ပံ့နေတော့ ကျွန်တော်ပြန်တဲ့ရက်တွေ ငွေမရဘဲနေမှာပေါ့"

"အေးလေကွာ အဲဒါါလည်းသိသားပဲ။ မင်းက ငွေစုတယ်။ အခြားလူတွေ အခြားကောင်တွေက ရသမျှသုံးတယ်"

"ကျွန်တော့် အမေနဲ့ ညီ ညီမတွေအတွက်သိတတ်ရမယ်။ နောက် ကျွန်တော် အိမ်ထောင်ပြုလိုက်ရင်အမေနဲ့ ညီ၊ ညီမတွေအတွက် ခိုးကိုးရာမဲ့ ဖြစ်သွားမှာ စိုးရိမ်တယ်။ အဲဒါနဲ့ပဲ မယူဖြစ်ကြသေးပါဘူး။ စိတ်ကူးယဉ်နေတုန်းပါပဲ"





"မင်းကသာ ပြောနေ မင်းကောင်မလေးဆီက စာတွေလာလိုက်တာ အများကြီးပဲ"

" ကျွန်တော်တို့ မိသားစုနဲ့အတူ လက်ရည်တစ်ပြင်စီး လုပ်ကိုင်စားသောက်ကြရင် ပိုကောင်းတာပေါ့"

အောင်ကျော်တို့မှာ ဘောင်သာမြို့နယ် အုန်းကျင်းကျေးရွာတွင် လက်လုပ်လက်စား၊ ညီနှင့်ညီမက ကျောင်းပညာသင်ကြားနေဆဲ အမေဒေါ်အေးမြင့်မှာ လေးဘက်နာဖြစ်၍ ဘာမှမလုပ်နိုင်။ သားအကြီးဆုံးမို့ မြို့တက်ရောက်၍ မိသားစု တာဝန်ကို အစ်ကိုကြီး အဖအရာနေရာဝင်ယူရသည်။ ရသည့်ငွေကို လစဉ် အမေထံပို့ပေးသည်။ ရွာမှာတုန်းက လူငယ်သဘာဝ ချစ်ကြိုက်ခဲ့ကြသည့် နှင်းရီနှင့်တွေ့လေတိုင်း လက်ထပ်ရန် အမြဲပြောကြားခဲ့သော်လည်း အောင်ကျော်မှာ အမေမျက်နှာ၊ ညီ၊ ညီမတို့၏ မျက်နှာကို အမြဲ မြင်ယောင်သည်။ အဖေဖြစ်သူမှာ ကိုင်းထဲ ပိုးထိပြီး မနှစ်က ပိုးထိသေဆုံးသွားပြီးနောက် အောင်ကျော်တာဝန်ပခုံးပြောင်းပါသည်။

"ငါပြောနေတာ ကြားလားကွ၊ ဘာတွေ တွေးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အတွေးနယ်ချဲ့၍ မိမိဘဝပြန်တွေးမိလေတိုင်း အာမလိုအာမရ ဖြစ်၍ မြို့တက်ကြိုးစားရာမယ့်အတွေးတွေက ဝင်လာသည်။

"ဘာပြောလိုက်လို့လဲ ကိုကြီးထွန်းရီ"

"တရုတ်နှစ်သစ်ကူးတော့မယ်ကွာ၊ဒို့အတွက်အင်္ကျီတစ်ထည်စီလဲပေးမယ်– အံ့ပေါင်းငွေလဲပေးမယ်။ ကြိုးစားလို့ သူဌေးကပြောတယ်ကွ။

"ဟုတ်လား၊ကောင်းတာပေါ့ အင်္ကျီတစ်ထည်ရရင် ကျွန်တော့် ညီအတွက်၊ အံ့ပေါင်းရရင် အမေအတွက်ပေါ့ဗျာ"

"အေးကောင်းတယ်၊မင်းလို မိဘအပေါ်သိတတ်တဲ့ သားသမီးရှားပါတယ်။ အရက်မသောက်၊ ဖဲမရိုက် ရိုးသားတဲ့ မင်းကိုမှ ငါကလည်း ခင်မင်နေတာပါ"

"ကဲကဲ အိပ်ကြတော့၊ မနက် ကျိုင်းတုံသွားမဲ့ကားပေါ် ပစ္စည်းတင်ပေးရမယ်။သူဌေးက စောစောကုန်ပစ္စည်းတွေတင်ထားဖို့ မှာထားတယ်"

◙ ◙ ◙ ◙ ◙





အချိန်က ၁၀နာရီထိုးသွားသည်။ နေ့ခင်းဘက်ပင်ပန်းနွမ်းနယ်မှုကြောင့် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားသည်။ ဤသို့ဖြင့် တစ်နေ့တစ်နေ့အချိန်တွေကြာညောင်း၍၊ လတွေနှစ်သို့ တိုင်ခဲ့သည်။ ကားကုန်စည်တင်ခင်းကြီးမှာ ကျယ်ဝန်း၍ ကုန်ပို့ရမည့် မြို့များအတွက်သူဌေးမှာ ကုန်တင်ကားများစွာရှိသည်။ တရုတ်သူဌေးဖြစ်သောကြောင့် ၎င်းတို့၏ ဘာသာရေးနှစ်သစ်ကူးပွဲတော်နှစ်စဉ်အမြဲ ကျင်းပပြီး အလုပ်သမားများအား အင်္ကျီများ၊ ငွေကြေးများကို ဆုအဖြစ် အမြဲလက်ဆောင်ပေးသည်။ နှစ်သစ်ကူးပြီး နှစ်ရက်အကြာ တောင်ကြီးမြို့ထဲသို့ကုန်တင်ကားဖြင့် အောင်ကျော် အပါအဝင် အလုပ်သမား ၃ဦး မြို့ထဲပစ္စည်းလိုက်တင်ချိန် ကုမ္ပဏီသူဌေးမှနေ၍အလုပ်သမားများအတွက် အင်္ကျီတစ်ထည်စီနှင့် ကျပ်ငွေ ၁၀၀ဝိ/ကျပ်နှစ်သစ်ကူးအံ့ပေါင်းပေးသည်။ လူစေ့တက်စေ့ရကြသည်။ အောင်ကျော်နှင့်အလုပ်သမား(၃)ဦးအတွက် ကျော်စွာလင်းအား



www.burmeseclassic.com

www.burmeseclassic.com



"အောင်ကျော်အတွက် အင်္ကျီတစ်ထည်ရယ်၊ ငွေ ရယ်၊ ကျော်စွာလတ်ယူထားလိုက်ကွာ၊ သူပြန်လာရင်ပေး လိုက်၊ ငါ့ရွှေညောင်ကို ခဏဆင်းမယ်"

ပြောဆို၍ ကျော်စွာလတ်ထံ အပ်နှံသွားခဲ့သည်။ ကျော်စွာလတ်မှာ ယင်းနေ့ညနေပိုင်းတွင် အောင်ကျော်အ တွက် အင်္ကျီတစ်ထည်အား ၄င်းသေတ္တာထဲတွင်ဝှက်ထား လိုက်ပြီး ငွေကျပ်တစ်ထောင်အား အရက်သောက် သုံးဖြုန်း လိုက်သည်။ အောင်ကျော်မှာမိုးချုပ်မှပြန်ရောက်၍၄င်းကို မသိရှိရဘဲထမင်းစားသောက်အိပ်ရာထဲဝင်ရောက်အိပ်နေခဲ့ သည်။ နောက်နေ့ကိုထွန်းရီမှနေ၍

"ဟေ့ကောင် အံပေါင်းရထားတဲ့ငွေမင်းအမေထံပို့ ပြီးသွားပြီပေါ့ကွ"

"ကိုကြီးထွန်းရီကလည်း နောက်နေပြန်ပြီ ဘယ် တုန်းကရတာလဲ ဗျ"

"ဟာ ဟိုနေ့က ကျော်စွာလတ်ဆီ မင်းအတွက် အင်္ကျီတစ်ထည်ရယ် ငွေတစ်ထောင်ရယ်ပေးခဲ့တယ်"





"မရပါဘူးဗျာ"

"မရသေးရင် ကျော်စွာလတ်ထံတောင်းလိုက်လေ ကွာ"

"သူမအားသေးလို့ မပေးသေးတာနေမှာပါ"

"အေးအေး လာရင်တောင်းလိုက်ပေါ့ကွာ"

သူ့အလုပ် ကိုယ့်အလုပ်ရှုပ်နေတာကြောင့်လေးငါး ရက်ကြာခဲ့သည်တိုင် ငွေကောအင်္ကျီပါ မရသေး။

တစ်နေ့၌ အောင်ကျော်မှနေ၍ ကျော်စွာလတ်အား "ကျော်စွာလတ်ရေ သူဌေးကမင်းဆီမှာ အင်္ကျီတစ်ထည်နဲ့ ငွေတစ်ထောင်ငါ့အတွက်ပေးထားတယ်။ အဲဒါပေးကွာ"

"ဘာလဲ မင်းအတွက်မ[illegible]ပါဘူး၊ ငါ့ဆီမှာလည်းမ ရှိဘူးကွ"

"ဟာ မင်းဒီလိုမလုပ်နဲ့လေကွာ၊ ငါ့အတွက်ပေး တာပါ"

"ဟေ့ကောင် မင်းကိုငါ ဗမာစကားပြောနေတာကွ မင်း နားမလည်ဘူးလားကွ"

ဒေါသတကြီးဖြင့် အောင်ကျော်အား ထိုးမည်ကြိတ် မည်ဖြစ်လာသောကြောင့် စကားနည်းရန်စဲနေခဲ့သည်။ အ



www.burmeseclassic.com

www.burmeseclassic.com



ခန်းသို့ပြန်ပြီး နားနေလိုက်ကာ ဝတ္ထုစာအုပ်ထုတ်ကာ ကု
လားထိုင်တွင်ထိုင်၍ဖတ်နေလိုက်သည်။ ကျော်စွာလတ် သူ
တစ်ပါးရပိုင်ခွင့်ကိုသုံး၍ တစ်ပါးသူအား ရန်လိုခြင်းဖြစ်
သည်။ အောင်ကျော်မှာ အလိမ်ခံနေရသည့်အပြင် မရသည့်
အဆုံးဆက်လက်စကားမများလို၍ ဝတ္ထုထိုင်ဖတ်နေလိုက်
သည်။ အခန်းထဲထိရောက်လာပြီး

"ငါ့ကိုတော့ ကျောမယ်မကြံနဲ့ကွ၊ ကျော်စွာလတ်
တဲ့ကွ"

အောင်ကျော်မှာ ဝတ္ထုဖတ်နေရာမှ နေ၍----

"ကျော်စွာလတ်မင်းကလည်းငါ့ကိုဝေဆုချတဲ့အက
နဲ့ငွေယူသုံးထားတဲ့အပြင် ငါ့ကို မကျေနပ်ဘူး မင်းလုပ်
ပါလားကွ"

"ဟ မင်းလိုချင်ရင် သူဌေးဆီသွားတောင်းပေါ့"

"ဘာဖြစ်လို့ သူဌေးဆီသွားတောင်းရမှာလဲ၊သူဌေး
ကမင်းကိုပေးလိုက်တယ်၊ မင်းကငါ့ကိုမပေးဘဲ ပေးပြီး
ပြောတယ်။ မင်းလူလိမ်လူကောက်ပဲကွ၊ တော်တော့မင်းနဲ

ဆက်စကားမပြောချင်တော့ဘူး"ဟု ဆိုကာ ဆက်လက်





ပတ်လက်ကုလားထိုင်တွင် ဝတ္ထုဖတ်နေလိုက်သည်။ကျော်
စွာလတ်မှာ အနာပေါ်တုတ်ကျသွားသည်။ ပို၍ ဆဲဆိုနေ
လေတော့သည်။ အောင်ကျော်ဘာမှဆက်မပြောတော့။ ဤ
ကဲ့သို့အောင်ကျော်မှာ စကားမပြောဘဲဝတ္ထုဖတ်နေသည်ကို
ကျော်စွာလတ်မှနေ၍ အောင်ကျော်ရင်ဘတ်အားဆွဲ၍

"မင်းငါ့ကိုပြောရဲရင်ပြောကြည့်စမ်း"

"မဟုတ်ဘူးလား၊ မင်းနာနေသလား၊ မင်းလိုလိမ်
ညာခိုးဝှက်တဲ့ကောင်နဲ့ ငါစကားပြောရမှာ ရှက်တယ်ကွ
လူလိမ်ရ"ဤသို့ အောင်ကျော်နှင့်ကျော်စွာလတ်တို့မှာ အ
ငြင်းပွား စကားများရန်ဖြစ်ကြသည်။ အလုပ်သမားအချင်း
ချင်းက ဝိုင်း၍ ဖျန်ဖြေပေး၍ကျော်စွာလတ်အပြင်သို့ထွက်
သွားတော့သည်။ တစ်အောင့်အကြာ ကျော်စွာလတ်မှာ ဓါး
ကိုင်၍ အခန်းထဲဝင်ရောက်လာသည်ကို အောင်ကျော်တစ်
ယောက်မသိရှိလိုက်။ အခန်းထောင့်တွင်ထိုင်၍ဝတ္ထုဖတ်နေ
သည်။ ကျော်စွာလတ်မှာ အောင်ကျော်အကျႌစကိုဆွဲ၍ ဘာ
မပြောညာမပြောဘဲ "မင်းလားကွ ငါ့ကိုပြောတာ၊ ကဲကွာ
ပြောဦး"ဆို၍ အောင်ကျော်နဖူးအား ဓါးဖြင့်ထိုးလိုက်လေ
သည်။



www.burmeseclassic.com

www.burmeseclassic.com





"အမလေးဗျ ဓါးနဲ့ထိုးတယ်ဗျ"

အောင်ကျော်နဖူးတွင် သွေးများဖြာ၍ကျလာတော့သည်။လုပ်ဖော်ကိုင်ဖက်အလုပ်သမားများ ရောက်ရှိလာပြီး သွေးအိုင်ထဲလဲကျနေသော အောင်ကျော်အားပြုစု၍ တောင်ကြီးမြို့ဆေးရုံကြီးတွင်တင်ပို့ကုသထားလိုက်သည်။ ကျော်စွာလတ်မှာ ကြောက်လန့်ပုန်းရှောင်နေတော့သည်။အလုပ်သမားခေါင်းဆောင် ကိုထွန်းရီမှ တောင်ကြီးအမှတ် (၂) ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်အမှုဖွင့်အရေးယူပေးရန်တိုင်တန်းခဲ့တော့သည်။

"ဖြစ်စဉ်ကတော့ ဒါပါပဲဆရာ"

အမှုစစ်ဒုရဲအုပ်---မှမေးမြန်းသမျှအား ကိုထွန်းရီမှ ပြောကြားပြီး တရားခံကျော်စွာလတ် နေထိုင်သော တောင်ကြီးမြို့ သစ္စာလမ်းနေအိမ်တွင် သွားရောက်ဖမ်းဆီးလိုက်ပြီး သက်သေခံဓါးအား ရှာဖွေပုံစံဖြင့်သိမ်းဆည်း၍ အမှတ်(၂) ရဲတပ်ဖွဲ့စခန်းမှ အောင်ကျော်အားဓါးဖြင့်ထိုးသူ ကျော်စွာလတ်ကို ပ/၇၃/၉၈ဖြင့် အမှုရေးဖွင့်ပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၂၆ဖြင့်ဖမ်းဆီးချုပ်နှောင်ထားလိုက်သည်။

ခင်တာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတွင် တက်ရောက်ကုသနေသော အောင်ကျော်ထံသို့ အလုပ်သမားများစုပေါင်း၍ သွားရောက်တွေ့ဆုံ အားပေး စကားပြောကြားကြသည်။

"အောင်ကျော်၊မင်းနေထိုင်ကောင်းအောင်နေ၊ဘာ မပူနဲ့ကွ နော်"

"ကျွန်တော်ဗျာ-ကျွန်တော့်အမေ၊ ညီ-ညီမတွေအ တွက်အိပ်မက်လည်းမကောင်းဘူး"

"အောင်ကျော် မင်းအဲဒါတွေကိုဘာမှမတွေးနဲ့ကွ"

အလုပ်သမားခေါင်းဆောင် ကိုထွန်းရီမှ အားပေး ကားပြောကြားရင်း"ကျွန်တော့်အမေအတွက်ပူတာပါ။ကျွန် တော့်ဘဝအတွက်မပူပါဘူး။ ကျွန်တော့်အမေကို တွေ့ချင် တယ်"

"တို့အကြောင်းကြားပေးပါမယ်။ မင်းသက်သာ အောင်နေပါ။ သူဌေးလည်း ဒီအကြောင်းကိုသိရလို့မင်း ပိုလို့အံပေါင်ပေးမယ်ပြောနေတယ်။ ညနေသူဌေးလာမ ကွနော်"

ကိုထွန်းရီမှ အောင်ကျော်ဘေးနားတွင် အားပေး





ကားပြောကြား၍နေပါသော်လည်း အောင်ကျော်မှာမျက်စိ တ်သွားသည်။ ခေါင်းကတော့ညိတ်လျက်ဖြင့် ကြားနေ ကြောင်း၊သိနေကြောင်း အမှတ်လက္ခဏာဖြင့်ပြနေသည်။

"ကိုကြီးထွန်းရီ ကျွန်တော့်ညီနဲ့ညီမလေးအတွက် ကျွန်တော် တာဝန်မကျေသလိုဖြစ်နေပြီ"

အောင်ကျော် အားယူ၍ပြောလိုက်သည်။ လေသံက တိုးသည်းစွာ။

"နောက်ပြီး အမေ့ကိုတွေ့ချင်----"

စကားစပြတ်သွားသည်၊ အောင်ကျော်တစ်ယောက် ရှိထားသည့် ဓါးဒဏ်ရာပြင်းထန်လွန်းသည့်အတွက် အ သက်ရှူရပ်တန့်သွားတော့သည်။ လုပ်ဖော်ကိုင်ဖက်များ ဖြေမဆည်နိုင်၊စိတ်ကိုချုပ်တည်းမထားနိုင်တော့ဘဲကိုထွန်း နှင့်အဖွဲ့ငိုချလိုက်တော့သည်။

အမှတ်(၂) ရဲတပ်ဖွဲ့စခန်းမှ အောင်ကျော်သေဆုံး သွားကြောင်းဆေးရုံမှသတင်းပေးပို့သဖြင့် ဓါးဖြင့်ထိုးသူ ကျော်စွာလတ်အား ပုဒ်မ၃၂၆မှနေ၍ ၃၀၂သို့ ပြောင်းလဲ မှုဖွင့်တည်ဆောက်ကာ တောင်ကြီးခရိုင် တရားရုံးသို့



www.burmeseclassic.com

www.burmeseclassic.com




တရားစွဲဆိုလိုက်တော့သည်။ ဘာမဟုတ်သည့် အကျိုးတ
ထည်ကိစ္စကြောင့် အဆင်ခြင်ကင်းမဲ့၊မိုက်မဲခြင်းတို့ကြော
ရတရားဥပဒေက ဆုံးမညှဲ့ရက်ကို ကျော့်စွာလတ်တ
ယောက် သတိသံဝေဂရစွာဖြင့် စောင့်ဆိုင်းနေရပါတော
သည်။

**မြို့တော်အတွင်း ဒုစရိုက်သမားများအတွ**

**နေရာမရှိစေရ**







**မြို့တော်အတွင်း ဒုစရိုက်သမားများအတွက်**

**နေရာမရှိစေရ**



www.burmeseclassic.com

www.burmeseclassic.com















www.burmeseclassic.com

www.burmeseclassic.com







# မိန်းမမိုက်

ခင်တာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်တာပေ





ခင်တာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဒွေးရေ..."

"ဘာလဲ...မောင်"

"မောင်တို့မှာက စီးပွားရေး သိပ်မကောင်းလှဘူး ကွာ။ မောင်စဉ်းစားကြံစည်ထားတာ တစ်ခုတော့ရှိတယ်။ အဲဒါဘာလဲဆိုရင် တစ်ဖက်နိုင်ငံမှာ မောင် အလုပ်သွား လုပ်မလို့။ ဟိုမှာ မောင်ကြိုးကြိုးစားစားနဲ့ အလုပ်လုပ်ပြီး တော့ ဒွေးဆီကို မောင်ရတဲ့ပိုက်ဆံ ပြန်ပို့၊ အင်းမိသားစု စားရေးဝတ်ရေး၊ လှူရေးတန်းရေး အဆင်ပြေမှာပဲဆိုတာ ဒွေးနဲ့တိုင်ပင်ကြည့်တာ"

"မောင်ပြောတဲ့အစီအစဉ်သိပ်ကောင်းတယ် မောင် ဒွေးတို့လမ်းထိပ်က မောင်ကိုဦးတို့၊ ရွှေထူးတို့တောင် တစ်ဖက်နိုင်ငံမှာ အလုပ်သွားလုပ်ကိုင်လို့ ရွှေတွဲလ ငွေတွဲ လဲနဲ့။ ဒွေးကတော့ သဘောတူတယ်၊ ဒီအကြံကို ဒွေးသ ဘောတူတယ်"

"အင်း သွားတာက ဟုတ်ပါပြီ။ သားသမီးတွေနဲ့ ခွဲခွာပြီးနေရမှာရယ်၊ ဒီက ချစ်ဇနီးကိုလည်း ခွဲနေရမှာ ဆို တော့"





ကိုထွန်းအောင်မှ ပြောဆိုလိုက်ရင်း ချစ်မယားမေး စေ့ကိုဆွဲ၍ အနမ်းမိုးများ ရွာချလိုက်သည်။ ဒွေးဒွေးမြင့်မှ နေ၍ ......

"မောင်ရယ်၊ စီးပွားရေးကြောင့် ခွဲခွာနေရတာဆို တော့လည်း ဒီလိုပဲပေါ့။ ချစ်တာ ကြင်နာတာလေးတွေကို ခဏအောင့်ထားရမယ်။ မောင်ကိုသာ ဒွေးက မယုံတာသို လား။"ဒွေးဒွေးမြင့်မှကိုထွန်းအောင်အားချစ်မျက်စောင်းလေး ထိုးကာ နှုတ်ခမ်းစူ၍ ပြောလိုက်သဖြင့် ကိုထွန်းအောင်က

"မောင်က ဟောဒီက အချစ်စူဘူးကြီး ဒွေးကို ဘယ်တော့မှ သစ္စာမဖေါက်ဘဲ ရာသက်ပန် ချစ်သွားမှာပါ။ "ဒွေး" ရယ်။ ဒါဟာ အချစ်သက်သေစကားရပ်ပါပဲ"

ဤသို့ဖြင့် ထွန်းအောင်တစ်ဖက်နိုင်ငံသို့ အလုပ် သွားရောက်လုပ်နေခဲ့သည်။ ပထမပိုင်းတော့ ကျိုးနွံမိရှိ ချစ်ဇနီးမယားဖြစ်သူ ဒွေးထံသို့ စာအဆက်အသွယ်ရှိခဲ့ပြီး


www.burmeseclassic.com

www.burmeseclassic.com



လစဉ် ငွေကိုလည်းပေးပို့ခဲ့သည်။ နှစ်တွေကလည်းတစ်နှစ်ကျော်ကျော် ကြာလာခဲ့ပြီဆိုတော့လည်း တစ်ဦးနှင့်တစ်ဦးကအလွမ်းတွေသာပိုပြီး ဝေးကွာခွဲခွာနေရသည်။ ဖွေးတစ်ယောက် မောင်ရှိစဉ်က အယုအယအပွေ့အဖက်တွေကိုပြန်လည်မြင်ယောင်နေမိသည်။ လူ့စိတ်ဆိုတာ အခက်သားလား။ အချို့လူသားများသည်အချစ်သစ်ပင်စိုက်ပျိုးပြီး အ







ချစ်ရေလောင်းကာ အချစ်ရိပ်အောက် လဲလျောင်းခိုနားကြသည်။

သောက်လေငတ်လေငတ်မပြေသကဲ့သို့ အချစ်ဗိမ္မာန်ဘုံလေးတွေကိုကြံဖန်၍သာ ဖန်တီးတည်ဆောက် တတ်ကြသည်။ ကိုထွန်းအောင်တစ်ယောက် တစ်ဖက်နိုင်ငံတွင် အလုပ်ပင်ပန်းနွမ်းနယ်မှုကြောင့် ငှက်ဖျားမိပြီး ဆေးရုံတက်ရောက်ကုသနေရသည်။ ဇနီးဖြစ်သူထံ ငွေလည်းမပို့နိုင်စာလည်း မဆက်သွယ်၊ (၅)လမှ (၈)လသို့ပင် ချည်းနင်းဝင်ရောက်လာခဲ့သည်။

ကျိုက္ခမိမြို့ရှိ ဖွေးဖွေးမြင့်မှာတော့ ကိုသိန်းထွန်းဆိုသူ ငယ်သူငယ်ချင်းနှင့် တွေ့ကြသည်။ ကိုသိန်းထွန်းကလည်း ဟိုအလုပ်ယောင်ယောင် ဒီအလုပ်ယောင်ယောင်၊ ဘာအလုပ်မှ မယ်မယ်ရရမရှိ။ အဲ .... ဘနပ်ဖူးတော့ သိုက်တူးတတ်သည်။အမြင်တွင်တော့ကုန်သည်လိုလိုဖွေးဖွေးမြင့်ဆီကို နေ့တိုင်းသွားသည်။ တစ်ခါတလေ ဖွေးဖွေးမြင့်တို့အိမ်တွင် ညအိပ်တတ်သည်။

ကိုသိန်းထွန်းတို့နေတာက ဖွေးဖွေးမြင့်တို့နှင့်တစ်ရပ်ကွက်ကျော်ကျော်၊ ကြိုးချင်းထားတော့လည်း ကြိုးချင်းကငြိ၊ အိုးချင်းထားတော့ အိုးချင်ထိမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒွေးဒွေးမြင့်နှင့် သိန်းထွန်းတို့ တိတ်တခိုးချစ်[...] သည်။ ဒွေးဒွေးမြင့်မှာလည်း ကိုသိန်းထွန်းကို ယုံသ[...] ယုံတော့ ပုံအပ်သည်အထိ။ ပြီးတော့ လင်တော်မော[...] ယောကျ်ားဖြစ်သူ ကိုထွန်းအောင် တစ်ယောက်ထံက စာ[...] ဆက်အသွယ်မရ၊ မိမိစိတ်ထဲ တွေးထင်သည်က ကိုထွ[...] အောင်သေပြီ။ တစ်ဘက်နိုင်ငံတွင် အလုပ်လုပ်ကိုင်ရ[...] သေဆုံးသွားသည်ဟုသာ တွက်ဆထားသည်။ ဒွေးဒွေး[...] အမေ ဒေါ်ကြိုင်ကို မိမိရဲ့ အဖြစ်သနစ် ဖွင့်မပြောပေ။ [...] ကြိုင်အစစ အရာရာ အားလုံး ရိပ်စားမိသည်။ ဒီတေ[...] သမီးနှင့် ပတ်သက်လာတော့လည်း ရေငုံနှုတ်ပိတ်နေလို[...] သည်ပေါ့။ ကြာတော့ ဒွေးဒွေးမြင့် ကိုယ်ဝန်မဖုံးနိုင်၊မဖျ[...] ဖျက်ချရအောင်လည်း မဖြစ်နိုင်။ ကိုသိန်းထွန်းကို ပြော[...] တော့ ....

“ ကိုသိန်း.... ရယ်”

“ဘာလဲ .... မြင့်”

“ဒွေး ကိုယ်ဝန်ရနေပြီကွာ၊ အဲဒါ....”





ဒွေးဒွေးမြင့် ပြောလက်စ စကားကိုရပ်ကာကိုသိန်း [ထ]ွန်းပြောလာမည့် စကားကို ငံ့လင့်လျက်။ကိုသိန်းထွန်း [...]စိတ်ရာကို တွေးကာ ခေါင်းဖြည်းလေးစွာဖြင့် ....

“မြင့်ရယ်၊ ဖြစ်နိုင်ပါ့မလားကွာ၊ ဒီကိုယ်ဝန်က [က]ိုသိန်းနဲ့ရတဲ့ ကိုယ်ဝန်မှ ဟုတ်ရဲ့လား”

“ ကိုသိန်း ဘယ်လိုပြောလိုက်တာလဲကွယ်၊ဒီကိုယ် [ဝ]န် ကိုသိန်းနဲ့ရထားတဲ့ကိုယ်ဝန်၊ကိုသိန်းရဲ့ရင်သွေးလေး”

ကိုသိန်းထွန်းတစ်ယောက် ခေါင်းကုတ်၊စိတ်ရှုပ်စွာ [ဖ]ြင့် ....

“ ဒီမှာ မြင့် .... ကိုသိန်းပြောမယ်။ ဘယ်နည်းနဲ့ [...] ကိုယ်နဲ့ရထားတဲ့ကိုယ့်ရင်သွေးလေးမဖြစ်နိုင်ဘူး။နောက် [...] မြင့်က ယောကျ်ားရှိနေတဲ့ အိမ်ထောင်သည် မိန်းမ၊ [...]ဒီ မြင့်ယောကျ်ားနဲ့ ရတဲ့ကိုယ်ဝန်ကို ကိုသိန်းနဲ့ရတဲ့ [က]ိုယ်ဝန်ဆိုပြီး နွားမရှု့ပိတ်တော့ မလုပ်ပါနဲ့”

“ဩော် ရှင်က .... အင်းလေ သိပါပြီ၊ ကျွန်မ [ယ]ောကျ်ား အလုပ်သွားရောက်လုပ်ကိုင်နေတာ (၂)နှစ်ပြည့် [...]တော့မယ်။ ရှင် ဒါသက်သက်ယုတ်မာပက်စက်တာ၊ဒီတော့ [...]ဖြစ်မဲ့တဲ့ ရှင်ကလေးကို ကျွန်မ လွယ်မွေးမယ်။မိခင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ မေတ္တာကို ကျွန်မပြရမှာပေါ့၊ ကိုသိန်းထွန်း ရှ
ကျွန်မဆီကို . နောင်ဘယ်တော့မှ မလာပါနဲ့တော့
ရှင်ဟာ ကလေးအဖေလို့တောင်မှ အမည်မခံလိုတဲ့အော
တန်းကျတဲ့ ယောကျ်ား။ ကျောချမှ ဓားပြမှန်းသိရတယ်
ဟီး... ဟီး... ဟီး...”။

မိန်းမသားတို့၏လက်နက်မျက်ရည်စက်။မျက်ရ
ကိုသာ အဖော်အဖြစ်ပြုရသည်။ ဧွေးဧွေးမြင့် လူမှုလူ့ကျ
ဝတ်တွင်မဟာအမှားကြီးကိုကျူးလွန်မိပြီးမှလင်ယောကျ်ား
ဖြစ်သူ ကိုထွန်းအောင်ကို တမ်းတမိသည်။ ကိုထွန်းအော
ဘယ်ဘဝရောက်လေပြီလဲ။ ရောက်ရာဘဝကများ ဧွေးဧွေး
မြင့်အား ဤလိုအဖြစ်သနစ်မျိုးကို မြင်တွေ့လျှင် ကျိန်ဆ
နေမည်လား။ အို ... ဘာတွေးနေမိပါလိမ့်။

တစ်လနှင့် တစ်လကလည်း အကုန်မြန်လိုက်တာ
ခုဆို့ရင်ကြည့်၊ ကိုယ်ဝန်က ကိုးလကျော်ချေပြီ။ မိခင်တို့၏
သားလွယ်မွေးဖွားရသည်ကိုက (၉)လလွယ် (၁၀)လဖွား
အချို့ အဆိမ့်၊ အဖန် အခါး၊ အစားအသောက်ကအစရှောင်
ရသည်။ သေချင်းဆိုး သိန်းထွန်းတစ်ယောက် စကားများ
ပြီး ယနေ့အထိ မမြင်မတွေ့ရတော့။ ကလေးမီးဖွားရန်(





ရက်အလို ကိုထွန်းအောင်သူငယ်ချင်းကိုညိုရွှေတစ်ယောက်
တစ်ဖက်နိုင်ငံမှပြန်လာသည်။ ကိုထွန်းအောင်က ချစ်ဇနီး
ဖြစ်သူ “ဧွေး” ကို စာတစောင်လူကြုံကိုညိုရွှေနှင့်ပေးလိုက်
သဖြင့် ဧွေးဧွေးမြင့်တို့ အိမ်တိုင်ရာရောက် လာရောက်
ပေးသည်။ ညီသည် ကိုညိုရွှေပြန်သွားတော့ လက်ထဲတွင်
ကိုင်ထားသည့်စာကို ဖွင့်မဖောက်သေး။လက်များတုံရင်နေ
သည်။ စိတ်တွေ ရောက်ယက်ခတ်နေသည်။ နာရီဝက်မျှ
ကြာမှ စာအိတ်ကို ဖွင့်ဖတ်လိုက်တော့။





www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချစ်ရတဲ့ဌေး"

မောင်စာရေးလိုက်တယ်။တစ်ဖက်နိုင်ငံမှာမောင်အလုပ်လုပ်ရင်းငါးကျော်ပျားမိလို့မောင်ဆေးရုံတက်နေရတာနဲ့ ဌေးထံ အဆက်အသွယ် ပြတ်သွားခဲ့တယ်။သိပ်သတိရတယ်ကွာ။ ဆေးရုံတုန်းကဆိုရင်မောင့်အနားမှာ"ဌေး" သာ ရှိနေရင် သိပ်ကောင်းမှာ။ မောင့်အပေါ်သစ္စာရှိရှိ ချစ်နေတဲ့ ဇနီးမယားကိုပိုချစ်သလိုသားသမီးနှစ်ယောက်ကို ပိုသတိရတယ်။ ဒါကြောင့်ကွာ မောင် "ဌေး"နဲ့အတူ ဘကွ ပြန်လည်ဆုံစည်း၊ မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်နေဖို့ ပြန်လာတော့မယ်။

မောင်ပြန်ရောက်မှ ချစ်တဲ့အချစ်တွေကို အတိုးချ ချစ်တော့မယ်။ အိပ်မက်လှလှလေးတွေ မက်ပါစေ။

"ဌေး" ချစ်တဲ့

မောင်



ခင်တာပေ



ဌေးဌေးမြင့်တစ်ယောက် ကိုထွန်းအောင်၏ စာကိုဖတ်ပြီး ပို၍ ရင်တွေ ပန်းတွေ တုန်လာသည်။ ခက်ချေပြီ။ ပို၍ အခက်ဆုံးက ဒီဗိုက်။ ဒီဗိုက်က ပြဿနာ။ ဒီဗိုက်က ပြဿနာ။ ဒီဗိုက်ကြောင့် လမ်းသူလမ်းသားတွေကိုလိမ်ညာခဲ့ရသေးသည်။ လူတွေက ဘာမှန်းမသိဘူး။ သိပ်စပ်စုကြသည်။ လမ်းထိပ်က ဒေါ်စိန်က ......

"ဟဲ့ ညည်းဗိုက်က"

"ဗိုက်မဟုတ်ပါဘူး...။ အဲဒါ သွေးလုံးလေလုံး... ဖျင်းစွဲနေတာ ဒါကြောင့် အိမ်ထဲက အိမ်ပြင်ကို မထွက်ဘဲ ဆရာခေါ်ပြီး ကုသနေတာပါ"

"ဩော်--- ဩော် ငါကမသိပါဘူးအေ၊ ငါကဗိုက်များကြီးနေသလားလို့ပါ"

"ဘယ်က ဟုတ်ရမှာလဲ၊ ဖျင်းစွဲနေလို့ပါ"



ခင်တာပေ

www.burmeseclassic.com

www.burmeseclassic.com



ဋ္ဌေးဋ္ဌေးမြင့်တစ်ယောက် ဖျင်းစွဲသည်ကို တရားခံလုပ်ရသည်ကိုကအမော။ကြာလာတော့လည်းပတ်ဝန်းကျင်က ဖျင်းစွဲတာ ... အင်းလေ ... ဟုတ်မှာပေါ့။ အင်း... ဖျင်းစွဲတာမဟုတ်လဲမိုက်ကြီးတာပေါ့နှင့်သာ။ပတ်ဝန်းကျင်၏ဒဏ်ကို ဖြေရှင်းနိုင်ပြီးကာမှ ယခုတော့ လင်တော်မောင်ကိုထွန်းအောင်ပြန်လာတော့မယ်။အခုဒီမှာကလည်းနေ့မွေးမလား၊ညမွေးမလား။ ကိုထွန်းအောင်တစ်ယောက် ပြန်လာလို့ ဒီကလေးက ဘယ်ကလဲဆိုရင် ပြဿနာမဖြစ်ပေဘူးလား။ ခက်ချေပြီ။ မကြံတတ်။ မစဉ်တတ်။



ခင်စာပေ



နောက်နှစ်ရက်ကြာတော့ အခြားရပ်ကွက်က လက်သည်နှင့်ပဲ အိမ်ထဲမှာတင်ကလေးကိုတိတ်တိတ်ပုန်းအောင်မြင်စွာ မွေးဖွားလိုက်ရသည်။ ကလေးက ယောကျ်ားလေး၊ ဖြူဖြူတုတ်တုတ်၊နှာတံကလေးကပေါ်ပေါ်။ဩော် သားတိုရုပ်ရည် သိတာမည်သား။ ပင်ပမ်းနွမ်းနယ်သမျှကလေးမြင်တော့လည်း အားအင် အသစ်တွေနဲ့လန်းဆန်းလာမိသည်။ လက်သည်အဘွားကြီး ပြန်သွားတော့မှ ကလေးကို အားရပါးရ ကြည့်မိတော့ ကိုသိန်းထွန်းနဲ့ တစ်ပုံထဲ၊ တစ်ရုပ်ထဲ။ ဆက်တွေးလိုက်တော့ ကိုထွန်းအောင် မျက်နှာကို ပြန်မြင်ယောင်လာသည်။ ရင်တွေတုန်လိုက်တာ။ကိုထွန်းအောင်၏ဒေါသတကြီးမျက်နှာကိုမြင်လိုက်ရပြန်တော့"ဋ္ဌေးဋ္ဌေးမြင့်" တစ်ယောက် ဆက်မတွေးလိုတော့။

ဒီပြဿနာကိုဘယ်လိုရှင်းမလဲ။စိတ်ဆင်ရိုင်းအကြံကို ဋ္ဌေးဋ္ဌေးမြင့် ချုန်းဖြင့် မအုပ်နိုင်သောအခါတွင် ကလေးမွေးကင်းစ(၁)ရက်သားတောင် မပြည့်တတ်သည့် နီတာရဲရဲ ကလေးမျက်နှာဆီသို့ ခေါင်းအုံးတင်ပြီး ဖိလိုက်သည်။

"ကဲ ... ကဲ ... သေစမ်း၊သေစမ်း"

ခင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကလေးနီတာရဲလေး ခေါင်းအုံးအောက်မှာ ...။

"ကဲဟယ် ...ဒီလောက်အသက်ပြင်းလှတဲ့ကလေး သေစမ်း"

ပြောဆို၍သတ်နေတော့သည်။ စိတ်ရိုင်းဝင်လှစ် မရှိတော့လေရော့လား။ မိခင်စိတ်ဆိုသည်ဘယ်ဌာနေဆီသို့ လွင့်စင်ကုန်သည်မသိ။

ကလေးနီတာရဲရဲမှာ သေဆုံးသွားတော့သည်။ မြ မိုရ်တောင်ဦးမကကျူးသား မွေးမိခင်များ ရာဇဝင်တွင် တင်ခဲ့သည်။ မြတ်မိခင်တွေ မြောက်မြားစွာ အများကြီး။ ဌေးဌေးမြင့်၏ ယုတ်မာရက်စက်သည့်စိတ်ထား၊ မည်သည့် အတိုင်းအတာဖြင့် စာဖွဲ့ပြရမည်လဲ။ ဌေးဌေးမြင့် ကလေး နီတာရဲအလောင်းကို အနီးတွင်ထုတ်ပြီး ကလေးအလောင်း ဖျောက်ရန် ကြံစည်စိတ်ကူးလိုက်သည်။

ထိုစဉ် အိမ်ရှေ့ဘက်က...

"ဟော့ ဌေးဌေးမြင့်ရေ"

မဖြစ်၊ ဒီကိစ္စ လူသိခံလို့မဖြစ်။ ဒီတော့ကလေးအ လောင်းကို ထင်းရှူးသေတ္တာထဲ ထည့်လိုက်ပြီးဝှက်ထားကာ အိမ်ရှေ့သို့ထွက်ခဲ့တော့သည်။လမ်းထိပ်ကဒေါ်စိန်ကိုလှမ်း မြင်လိုက်ရပြီ။ ဌေးဌေးမြင့်က...





"ဒေါ်စိန်က ဘာကိစ္စရှိလို့လဲ"

"ညည်းနဲ့အေ၊ ငါကညည်းဆီကိစ္စရှိမှလာရမှာလား အခု ညည်းဒီအိမ်မှာ ကလေးမွေးတယ်ကြားတာနဲ့ငါလာ မေးတာ။ ဟဲ့... ဘယ်လိုလဲကျန်းမာရဲ့လား"

"ဘယ်က ကလေးမွေးရမှာလဲ၊ ဖျင်းစွဲပြီး သွေးလုံး လေလုံး ဖြစ်နေတာကို ဆရာမခေါ်ပြီးထုတ်ပြစ်လို့ပျောက် သွားပါပြီ"

"ညည်းနှယ်တော်၊ ညည်းကသာ လိမ်နေ၊ ညည်း ကလေးမွေးပြီးပြီဆိုတာ တစ်လမ်းလုံး အကုန်သိတယ်။ ယောကျ်ားလေးမွေးတယ်ဆို ဘယ်မှာလဲ၊ငါ့ကိုပြစမ်းပါဦး"

"ဘာတွေလာပြောနေတာလဲ၊ ဒေါ်စိန် ကျွန်မ က လေး မမွေးပါဘူး"

ဟု ဌေးဌေးမြင့်ကဘူးကွယ်၍ ငြင်းဆိုနေသည့်အ တွက် ဒေါ်စိန်လည်း မကျေမနပ်ချက်ဖြင့် ဌေးဌေးမြင့်တို့ အိမ်က ပြန်ထွက်ခဲ့ရသည်။ ဌေးဌေးမြင့်လည်း ကလေးအ လောင်းကို ဖျောက်ဖျက်ပြစ်ရန်ကိုသာ ခေါင်းထဲမှာစဉ်းစား နေရသည်။ ညနေပိုင်းသို့ရောက်ခဲ့သည်။

ကျောင်းဆင်းအိမ်ပြန်လာသော ကလေး(၂)ဦးကို



www.burmeseclassic.com

www.burmeseclassic.com



ထမင်း ခူးခပ် ကျွေးမွေး လိုက်သည်။ သေတ္တာထဲ ထည့်ပြီး ဖျောက်ထားသည့် ကလေးအလောင်းကိုတော့သိပ်စိတ်မချ။ ရင်ထဲမှာတော့ ဒီကလေးမရှိတော့သည့်အတွက်တစ်ရန်ရှင်းသွားသည်။ ကိုထွန်းအောင်၏ အမုန်းကိုလည်း ခံစားစရာမလိုတော့။ ကိုသိန်းထွန်းကိုလည်း တွယ်တာစရာမရှိ။ခက်ထန်မာကြောသည့် နှလုံးသားဖြင့် တွေးရန်ရှိနေစဉ်အိမ်ရှေ့သို့ လူတစ်အုပ် ရောက်ရှိလာကြသည်။ရပ်ကွက်ရ-ယ-က ဥက္ကဋ္ဌတွေ၊ အဖွဲ့ဝင်တွေ၊ ဒေါ်စိန်တို့အမျိုးသမီး ၃ ဦးနှင့်







ဒုရဲအုပ်တိုးဝင်းနှင့်နယ်ထိန်းတပ်ဖွဲ့ဝင်တွေ ရောက်ရှိလာကြပြီး ဒုရဲအုပ်တိုးဝင်းမှနေ၍...

"မဌေးဌေးမြင့်တို့အိမ်မှာသတင်းအရရှာဖွေချင်လို့ပါ။ ဒီမှာသက်သေလူကြီးတွေလဲ ပါကြပါတယ်"

"ကျွန်မ... ကျွန်မ... ဘာအပြစ်ရှိလို့လဲ"

"ဟုတ်ကဲ့၊သိပ်မကြာလှသောအချိန်မှာသိရပါ့မယ်"

"ကျွန်မမှာ ဘာအပြစ်မှ မရှိပါဘူးရှင်"

ဌေးဌေးမြင့်မှ ပြောဆို၍ နေသော်လည်းဒုရဲအုပ်တိုးဝင်းမှ ပြုံးရွှင်သော မျက်နှာဖြင့် ချိုသာစွာ...

"ဒီလိုပါခင်ဗျာ၊ ဒေါ်ဌေးဌေးမြင့် ကလေးမွေးဖွားကြောင်းကို ကျွန်တော်တို့သိရပါတယ်"

"ကျွန်မကလေးမွေးဖွားတာမဟုတ်ပါဘူး။'ရေဖျင်း' သွေးလုံးလေလုံးပါ"

"ဟုတ်ကဲ့၊ အဲဒါတွေက နောက်မှရှင်းပါခင်ဗျာ။အခုလောလောဆယ် အိမ်ထဲမှာရှာပါရစေ"

ဒုရဲအုပ် တိုးဝင်းမှ ပြောဆိုအိမ်ပေါ်တက်ရောက်ရှာကြသည်။ အခုမှ သတိရလိုက်သည်။ဌေးဌေးမြင့်ကိုမွေးဖွားပေးလိုက်သည့် အရပ်လက်သည်ကြီးလည်း ပါလာသည်ကို တွေ့လိုက်ရတော့ကျောထဲစိမ့်သွားသည်။ ဒုရဲအုပ်တိုးဝင်းမှ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲရှိ ပုံးထဲသို့ လည်းကောင်း၊ အဝတ်ခြင်းများ ထဲသို့ လည်းကောင်း သေချာရှာဖွေပြီး သေတ္တာသော့ခတ်ထား သည်ကို ဌေးဌေးမြင့်အား ဖွင့်ခိုင်းလိုက်ပြီး ကြည့်လိုက်ရာ စောင်အကြမ်းတစ်ထည်အုပ်လျက်မွေးကင်းစကလေးနီတာ ရဲကို အနီးဖြင့်ပတ်လျက် တွေ့ရှိလိုက်ရသည်။ ဒုရဲအုပ်တိုး ဝင်းမှနေ၍...

"ဟုတ်ကဲ့၊ ကျွန်တော်တို့ကိုတာဝန်သိပြည်သူတစ် ဦးက သတင်းပေးလို့ ခုလိုသက်သေများနှင့်အတူဒီကလေး အလောင်းကိုလာရှာရတာပါပဲ"

"ကျ...မ"

"ဟုတ်ကဲ့ ဒေါ်ဌေးဌေးမြင့်၊ ကလေးမွေးဖွားပေးတဲ့ ဒီအဒေါ်ကလည်း သူကိုတိုင် မွေးဖွားပေးခဲ့ကြောင်း ပြောပြ လို့ သိရှိပြီးပါပြီ"

"ကျွန်မ... ကျွန်မ...ဟီး... ဟီး"

"ကျွန်တော်ဆက်ပြောချင်တာက ဒေါ်ဌေးဌေးမြင့် ကလေးကို ခေါင်းအုံးနဲ့ဖိသတ်နေတာကို လမ်းထဲက က လေးတွေ ဘောလုံးကန်ကြရင်း ဒေါ်ဌေးဌေးမြင့်ရဲ့ အိမ် အောက်ထဲ ဘောလုံးဝင်သွားလို့ ဘောလုံးလာအကောက် အဲဒီကလေးက ဒေါ်ဌေးဌေးမြင့်ရဲ့ ပြုလုပ်ပုံ အားလုံးကို





ရ-ယ-က ဥက္ကဌထံ လာရောက်ပြီးပြောပြလို့ သိရှိခဲ့ရ ပြီးပါပြီ ခင်ဗျ"

ဒုရဲအုပ် တိုးဝင်းမှ စိတ်ရှည်လက်ရှည်စွာ ရှင်းပြ နေလေသည်။ လာရောက်ကြသည့် သက်သေများကြောင့် ယင်းသတင်း ခဏခြင်း ကျိုက္ကမီတစ်မြို့လုံး ပြန့်နှံ့သွား လေသောအခါတွင် ဘီလူးမကဲ့သို့ ကြောက်စွံ့ ကုန်ကြ သည်။ အမျိုးမျိုး ပြစ်တင် ဝေဖန်ကြသည်။ နောင်တမလွန် ထားဦး၊ ယခုအချိန်တွင်ပင် ရာဇဝတ်ဘေး ပြေးမလွတ်၊ တရားဥပဒေအရ အရေးယူခံရတော့မည်။

ဒုရဲအုပ်တိုးဝင်းက နယ်ထိန်းတပ်ဖွဲ့ဝင်များအား ရဲ လုပ်ထုံး လုပ်နည်းကုန်စင်အောင် ပြုလုပ်ပြီး၍ ဌေးဌေးမြင့် အား လက်ထိပ်ခတ်လိုက်လေတော့သည်။





www.burmeseclassic.com


www.burmeseclassic.com





ခင်စာပေ





ခင်စာပေ

www.burmeseclassic.com


www.burmeseclassic.com





ခင်တာပေ





အတွင်းဒေါ်သသမားရဲ့ မသိတဲ့ တိုက်တွန်းချက်



www.burmeseclassic.com

www.burmeseclassic.com







# မသိစိတ်စေခိုင်းသည့် လူသတ်မှု

## ချစ်လိုက်ကြသည့်သားအဖ

...းနှစ်ဆူကျေးရွာ ရန်ကုန်မန္တလေး ကားလမ်းမကြီးနှင့်မဝေးလှနီးကပ်သည်။ပဲခူးတိုင်း တောင်ငူမြို့ထဲတွင် ပါဝင်သည်။ ကျေးရွာ၊ တောလက်ကျေးရွာဆိုစေကာမူကားလမ်းမကြီးနှင့်မဝေးသောကြောင့်လည်း ခေတ်မီလုပသော လူနေတိုက်တာတွေလည်း ဆောက်လုပ်ထားသည်။ထိုအထဲတွင် ဒေါ်ပြုံးကြည်တို့ မိသားစုလည်းပါဝင်သည်။ တောင်သူစပါးစိုက်ပျိုးကာ ကြံရာသီအချိန်၊ ပဲစိုက်ပျိုးချိန်တို့တွင်လည်း စိုက်ပျိုးလိုက်သေးသည်။ ဆွေမျိုးထဲတွင်မတော့ ဒေါ်ပြုံးကြည်က ငွေရှင်သည်။ တောသူဋ္ဌေးတစ်ဦးဖြစ်ပြီး တူတော်မောင် သန်းထွန်းတို့ဇနီး မောင်နှံမိသားစုကို တစ်အိမ်ထဲခေါ်ယူကျွေးမွေးစောင့်ရှောက်ထားလိုက်သည်။အစ်မကြီးမှမွေးတဲ့သူဆိုတော့လည်း တူလိုတစ်မျိုး သားလိုတစ်သွယ်၊ ဒေါ်ပြုံးကြည်က သန်းထွန်းကိုချစ်ရှာသည်။

ခင်တာမေ

www.burmeseclassic.com

သန်းထွန်းကလည်း ငယ်စဉ်တောင်ကျေးထဲက… နှစ်ပါးမျက်ကွယ်ပြုပြီးနောက် အဒေါ်ထံတွင် မိခိုကြီး… လာခဲ့ရပြီး အိမ်ထောင်ရက်သားကျသည်အထိ ဒီအဒေါ်… သာနေထိုင်စားသောက်ခဲ့ရသည်။ သန်းထွန်းကအကျင့်… သည်။ အရက်မူးလာတိုင်းသွေးဆိုးသည်။ အဒေါ်ဖြစ်သူ… သိမ့်ဖျောင်းဖျ ဆိုဆုံးမခဲ့ရသည်။သန်းထွန်းတို့လင်မယား… ခဲ့ကြသည်မှာလည်း ကြာခဲ့ပြီ။ ကလေးနှစ်ယောက်ရရှိခဲ့… ပြီး သမီးမိန်းကလေးနှစ်ယောက်နှင့် သားယောက်ျား… တစ်ယောက်ထွန်းကားခဲ့ပြီး ကလေးတွေ အချိန်ခါ အရွ… ရောက်သည်အထိ ဖအေတာဝန်သန်းထွန်းကျေပွန်ခဲ့သည်…

သမီးမိန်းကလေးဆိုတော့လည်း ဖအေမှာ အ… ရာရာ သမီးအတွက် အလိုလိုက်ခဲ့သည်။ ဒီသမီးမှ ဒီသ… အရိပ်တကြည့်ကြည့်ဖြင့် နေခဲ့သည်။ အရက်သိပ်မူးလာ… သန်းထွန်းကို ဖေဖေရယ် ဆူညံနေတာပဲ ပြောလိုက်… သန်းထွန်းမိမိအိပ်သည့်အိပ်ရာထဲ ဝင်ရောက်အိပ်ပစ် လို… သည်။ သမီးစကားဆိုလျှင်အောင်မြင်သည်။ သမီးမျက်… မငယ်စေလိုသည့်သဘော၊ သမီးကိုချစ်လိုက်တာမှ အ…





…လွန်ပါးစပ်ထဲတောင် ငုံထားလိုက်ချင်သည်။ လယ်ယာ …ပင်နီးခွင်က ပြန်လာတိုင်း သမီးဖြစ်သူကို အရင်ဆုံးမေး …ည်။ သမီးမျက်နှာမြင်လိုက်ရလျှင် သန်းထွန်းတို့ ပင်ပမ်း …ျ အရာအားလုံး ပြေပျောက်ရသည်။ ဒေါ်ပြုံးကြည်နှင့် …န်းထွန်းတို့ကလည်း ကိုယ့်တူသား "အရီးလေး" "အရီး …း"ဟုသာသန်းထွန်းကအဒေါ်ကိုခေါ်သည်။ အဒေါ်က …ည်း "ထွန်း" "ထွန်း" ဖြင့် သန်းထွန်းက အဒေါ်ကို

"အရီးလေးပြုံး"

"ဟဲ့ ဘာတုံး ထွန်းရဲ့"

"ဟိုလေဗျာ ကျုပ်သမီးကို မသေသေချာချာဂရုစိုက် …နိုင်းနော်။ ကျုပ်အလုပ်သွားနေချိန်မှာ သမီးလေးဘေးတ …း ယောက်ျားလေးတွေနဲ့ စကားမပြောစေနဲ့နော်"

အင်း သန်းထွန်း–ထွန်း,ထွန်း နှင့်သမီးကို သိပ် …ပ်ပါလား"

"ဟာဗျာအရီးလေးပြုံးကလည်းချစ်လိုက်တာမှတုန် …တာအရီးလေးပြုံးသိသားပဲလေ"

"အေးလေ ငါလည်းသိတာပဲ၊ ငါကလည်းချစ်…တဲ့



www.burmeseclassic.com

www.burmeseclassic.com



မြမ်းလေးပါတော်"

"အဲ ဒါနဲ့ အရီးလေးပြုံးကိုပြောထားရဦးမယ်"

"ဘာလဲဟဲ့"

"ရွာထဲက အုန်းစိန် ကျွန်တော့်သမီးကို ရည်းစားစကားပြောတယ်လို့ ကျွန်တော်ကြားခဲ့ရတယ်"

"အမလေး ထွန်းရယ် အပျိုနဲ့ လူပျိုတွေရည်းစားစကားပြောတာ ဘာဆန်းကြယ်နေလို့လဲ နင့်သမီးအချိန်ခါအရွယ်ရောက်နေပြီပဲ"

"ဟာ မလိုချင်ဘူး သမီးကိုဘယ်ယောကျ်ားလေးမှ ရည်းစားစကားမပြောရဘူး၊ အဲဒါ ကျုပ်ရဲ့ဖနိုးကိုလည်းမှာထားတယ်။ အရီးလေးပြုံးကိုလည်း မှာကြားတယ်နော်။ ကျုပ်သမီးကို ဘယ်ယောကျ်ားလေးနဲ့မှ စကားမပြောစေနဲ့ဗျာ"

"ဟဲ့ ထွန်း အရူး"

"ဟုတ်တယ် သမီးအတွက်ဆိုရင်ကျုပ်ချစ်တဲ့သမီးအတွက်ဆိုရင် ကျုပ်ရူးမတတ်ချစ်တယ်"

"ငါက မြေးတော်တဲ့သူပါ ပိုချစ်တာပေါ့"





"အေး ချစ်၊ ချစ်ကြာ၊ နင်တို့သားအဖတွေ လွန်ကိုလွန်တယ်။ ကဲ–ကဲ သွားစရာရှိတာသွားတော့ ထွန်းရေ ကောက်စိုက်သမတွေ လယ်ကွင်းမှာ စောင့်နေကြဦးမယ်"

"ဟုတ်ကဲ့ပါ၊ သွားတော့မယ်၊ ကျွန်တော့်သမီးကို ...က်စေ့အောက်မှာထားနော်"

★ ★ ★





www.burmeseclassic.com

www.burmeseclassic.com









## သီးချိန်တန်သီး

သန်းထွန်း၏သမီး မထွေးစိန် အပျိုကြီး ဖားဖား
စ်နေသည်။ လုံးကြီးပေါက်လှ အလှသွေးကြွယ်နေတော့
ည်း ရွာမှာကွမ်းတောင်ကိုင်ရသည်။ရွာရဲ့ကာလသားတွေ
သန်းကြ၊ အချစ်စာလွှာလေးတွေ ကမ်းကြနဲ့ဆိုတော့ ရွာ
က အုန်းစိန်က အချစ်အတွက်ပထမ။မထွေးစိန်ရဲ့အချစ်
လဒ်ကြောင့် ချစ်ရည်းစားတိတ်တိတ်ပုန်းချစ်နေကြသည်။
ချစ်ရည်းစားဘဝဆိုတာ ရယူပိုင်ဆိုင်လို့မရ၊ ချိန်းတွေ့
မသိ သူမသိ စာဖြင့်ဆက်သွယ် အချစ်ကြိုးမျှင်တွေ
ည်နှောင် ချစ်ခရီး ဘဝဖော်အတွက်လက်တွဲသွားဖို့ အ
းစိတ်ကူးထဲပျော်။ လူငယ်တို့ရဲ့သဘာဝတရား ရည်းစား
ဝမှကျော်လွန်၍ ဂေဟာပတိအိမ်ဦးဖွဲ့အပ်သောတဏှာပေမ
အချစ်လမ်းကြောင်းကို သူတို့နှစ်ဦးသားလျှောက်လှမ်းချင်
ကြသည်။ ၁၅၀၀ မေတ္တာနယ် ခြေဆန့်လိုကြသည်။ အိမ်
ထောင်ရေးသားဖြင့် ခရီးလမ်းကြောင်းပြောင်းဖို့ ရေး



www.burmeseclassic.com

www.burmeseclassic.com



မထွေးစိန်၊ အုန်းစိန်တို့ကလည်း စိတ်နှလုံးချင်းထဲကကြ တော့ အချစ်အလင်းရောင်ခြည်ဖြင့် ချစ်ခရီးဖဲမွေ့ယာကော် ဇော်တွင် အချစ်သစ်ပင်ကိုစိုက်ပျိုးပြီးအချစ်သစ်ပင်ရှင်သန် ကြီးထွားလာစေရေးကိုသာ လိုလားကြသည်။အချစ်သစ်ပင် ရိပ်ကြီးတွင် ချစ်ရသူအုန်းစိန်၏ရင်ခွင်ထဲ နားလျှောင်းမှေး စက်ခြင်းသည် နောက်ဆုံးမတော့ အဖွား ဒေါ်မြကြည်၊ အမေ ဒေါ်တင်တင်မြ၊ အဖေ ဦးသန်းထွန်းတို့ အလစ်အွင် တစ်ခြားတစ်ရွာတစ်ကျေးသို့ အုန်းစိန်မျက်နှာ တစ်ရွာ ထင်ပြီး ခိုးရာလိုက်ပြေးကြလေတော့သည်။

ဖခင်ဖြစ်သူ သန်းထွန်း ချစ်လှစွာသောသမီးလေး ခိုးရာလိုက်ပြေးတော့ ယင်း၏ဇနီးဖြစ်သူဒေါ်တင်တင်မြကို အတ္တဒေါသဖြင့် ခြိမ်းမောင်းလေတော့သည်။

"နင်အသုံးမကျလို့ ခုလို ငါသမီးလင်နောက်လိုက် ပြေးတာ၊ နင်အိမ်မှာနေပြီး ဘာမှအသုံးမကျဘူး တိရစ္ဆာန် မရဲ့"





"ကိုသန်းကလည်း သမီးကအရွယ်ရောက်နေပြီပဲ၊ သူ့ချစ်သူနဲ့ လိုက်ပြေးသွားတာ ကျွန်မတို့က ပြန်ခေါ်ပြီး ပေးစားလိုက်ကြတာပေါ့"

"ဘာလဲ နင်ကပါကြံရာပါလုပ်နေတာလား။ ငါ့ သမီးက ငါ့မျက်စေ့ထဲမှာငယ်ငယ်ပဲရှိသေးတယ်။ဖအေဖြစ် သူငါတောင် ချစ်လို့ ကြည့်လို့မဝသေးဘူး"

"အလိုတော် ကျွန်မကမွေးရတဲ့ မအေပါရှင်။ ဒီ လောက်အထိ အကဲမပိုစမ်းပါနဲ့ရှင်"

"ဟာဒီမိန်းမစကားရှည်လိုက်တာ ကဲဟာ သမီးတစ် ယောက်တောင် နိုင်အောင်မထိန်းနိုင်တဲ့ဟာမ ကဲ---ကဲ"

သန်းထွန်းတစ်ယောက်ငှင်း၏ဇနီးအားပြောလည်း ပြော နှားရိုက်သည့်ကြိမ်ဖြင့် ရိုက်လည်းရိုက်ကာ သမီးလင် နောက်လိုက်သည့် အတ္တဒေါသတရား အမိုက်မှောင်ဖုံး လွှမ်း၍နေတော့သည်။ အဒေါ်ဒေါ်ပြုံးကြည်မှ ရောက်ရှိလာ ရောက်ဖျန်ဖြေပေးခဲ့ပါသော်လည်း-

"ခင်ဗျားကြီးလည်းကြံရာပါပဲ၊ သမီးလင်နောက် လိုက်ပြေးတာ အားပေးအားမြှောက်ပြုပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ - ထွေန်း နှင့်သမီးလင်နောက်လိုက်ပြေးတာ ငါ ဘယ်လိုသိမှာတဲ့လဲ"

"ခင်ဗျားကြီးတို့ မသိပဲနေမလား၊ကြိတ်ပြီး ကျုပ်ကိုမပြောဘဲထားလို့ နေမှာပေါ့"

အတ္တဒေါသ မီးပွား

သန်းထွန်းတစ်ယောက် အချိန်ရှိသ၍ သမီးဖြစ်သူလင်နောက်လိုက်ပြေးသွားသည့် ကိစ္စကို တစ်ပျစ်တောက်တောက်ပြောဆိုနေတော့သည်။ ပို၍ဆိုးဝါးသည်က အရက်ကိုအရင်ကထက်ပို၍ သောက်စားလာသည်။ ပို၍ ဆူပူ ဆဲဆိုလာသည်။ အဒေါ်ဖြစ်သူမှာ တူတော်မောင် ဖြစ်အင်ကိုကြည့်၍ စိတ်မကောင်းဖြစ်ရုံကလွဲ၍ သန်းထွန်းနှင့်မျက်နှာချင်းမဆိုင်ချင်ပဲနေလိုက်သည်။ တင်တင်မြနှင့် စကားများ ရန်ဖြစ်နေကြသည်မှာ နေ့ရှိသ၍ ဖြစ်သည်။

ခင်တာပေ



## သန်းထွန်းတစ်ယောက်

ဒီနေ့ ၃-၁-၉၈ ရက်နေ့ တောင်ငူမြို့ မိုင်ဒါကွင်းကြီးထဲတွင်လွတ်လပ်ရေးပျော်ပွဲရွှင်ပွဲသို့ သမီးအား ရှာဖွေရန်တွေ့လိုတွေ့ငြား လာရောက်ကြည့်ရှုရင်း မတွေ့သည့်အခါ နာကျည်းစွာဖြင့် အရက်ဆိုင်ထဲသို့ ဝင်ရောက်အရက်သောက်ခဲ့သည်။

"သမီးလေးရယ်၊ အဖေ့ရင်ထဲ သမီးလေးမရှိတော့ရင်တွေမီးလောင်ကျွမ်းခံရပြီကွယ်။ ဒီအရက်ကလည်းအဖေ့ရဲ့ အပူသောကကို မငြိမ်းသတ်နိုင်ဘူး သမီးရေ၊အဖေ့ဆီကိုအမြန်ပြန်လာပါကွယ် သမီး ချစ်သမီး"

အရက်သာ သောက်လာခဲ့သည်။ သန်းထွန်းတစ်ယောက် မူးမူးဖြင့် ဘုရားနှစ်ဆူကျေးရွာကိုပြန်လာခဲ့သည်။ ပါးစပ်မှလည်း ပွစိပွစိ ရေရွတ်နေလိုက်သေးသည်။ စီးကျလာသည့် မျက်ရည်များကို သုတ်လိုက်ရင်းမိမိဇနီးတင်ပေါင်မြအား လှမ်း၍ ခေါ်လိုက်သည်။

ခင်တာပေ

www.burmeseclassic.com

www.burmeseclassic.com


"ဟော့ "မြ" ရေ ဟော့ "မြ" ကိုသန်းပြန်လာတယ်
ကွာ တံခါးလာဖွင့်ဦးကွ"

အော်ခေါ်နေပါသော်လည်း အချိန်က ၄-၁-၅
ရက်နေ့ မနက် ၅ နာရီထိုးလုနေပြီ။ ဇနီးဖြစ်သူမနီးသေ
လည်း သန်းထွန်း၏အခေါ် ဒေါ်ပြုံးကြည်ကအိပ်ရာထဲတွ
နိုးနေသည်။ အိပ်ရာထဲမှ တူတော်မောင် သန်းထွန်း အော်
ဟစ်နိုးနေသံကြောင့် တံခါးဖွင့်ပေးရန်ထလာခဲ့ပြီးတံခါး
ဖွင့်ပေးလိုက်ပြီး ဒေါ်ပြုံးကြည်က---

"ငထွန်း သောက်စားလာပြီး အော်ဟစ်နေပါလာ
ပတ်ဝန်းကျင်ကိုလည်း အားနာပါဦးဟဲ့ ငထွန်းရဲ့" ပြော
လိုက်ရာ သန်းထွန်း အနာဟောင်းကို တူးဆွပေးလိုက်
လိုအသည်းတွင် စူးဝင်သွားသော ဒဏ်ချက်ဖြင့်-

"ဩော် ခင်ဗျားဟာ ကျုပ်သမီး လင်နောက်လို
သွားတာကိုအားပေး ကူညီတယ်။ အားပေး အားမြှော
လုပ်တယ်။ ခင်ဗျားကို လုံးဝမကျေနပ်ဘူး။"

"တူမောင်ရယ် လာ အိမ်ထဲကိုဝင် ...တော့"

"မအိပ်နိုင်ဘူး ခင်ဗျားကို ကျုပ်...မေးစရာ ရှိတယ်"

"ဘာမေးမှာလဲ ဟဲ့"





"ကျုပ်သမီး ဘယ်ရွာမှာ ရှိနေသလဲ ပြော၊ အဲဒါ
သိချင်တယ်ပြောဗျာ"

"ခက်ချေပြီ ငါမှ သိမှမသိတာဘယ်လိုပြောပြရမှာ
ဟဲ့ ငထွန်းရဲ့"

"ကဲ ဒီလောက်တောင် ဖြစ်လှတဲ့ အဖွားကြီးလာ
လိုက်ခဲ့အသေသတ်ပစ်မယ် ပြောမလား မပြောဘူးလား"

ဟုပြောဆိုကာ ဒေါ်ပြုံးကြည်ရင်ဘတ်အင်္ကျီစအား
ကိုင်လျက်နေအိမ် နောက်ဘက် စပါးကျီ အနားသို့ဆွဲခေါ်
သွားခဲ့လေတော့သည်။

⊙⊙⊙⊙⊙


www.burmeseclassic.com

www.burmeseclassic.com



## အတ္တဒေါသတားဆီးမရ

ဒေါသတရား အရှိန်အဟုန် အတ္တမီးခဲတော
လောင်မှု အမှားအမှန်ဆုံးဖြတ်ချက်တွေကို မမြင်နိုင်အော
တားဆီးထားသည်။ အကူကား အသူရာ အရက်အစထဲ
မီးကျီခဲပျိုးထားသည်က အတ္တတရားကြောင့်ပင်။ လူသ
မကောင်းမှုကြောင့် ဆိုးကျိုးများကို မဖြစ်ပေါ်ပေါက်စေ
အတွက် ဒေါသတရားကို ဖျက်သိမ်းရိုက်ချိုးပါက ကော
ကျိုးချမ်းသာခြင်းကို ဖြစ်ထွန်းနိုင်စေပါလျက်သားသ
ချစ်၍မဆိုင် သူ့ကို စွတ်စွဲပုတ်ခတ်အနိုင်ထက်ပြုကာအ
ရာသေရည်သေရက်၏ကျေးကျွန်ခြေသုတ်လက်နယ်ပြု
တော့သည်။ ဒေါ်ပြုံးကြည်၏လည်ပင်အား သန်းထွ
ညှစ်လိုက်သည်။ ဒေါ်ပြုံးကြည် အားမသန်၍ မြေပေ
ကျသွားသည်။

"ခင်ဗျားအခုအချိန်ထိ ဖွင့်မပြောနိုင်သေးဘူး ဒေ





ါ။ ကျုပ်သမီး ဘယ်မှာရှိနေသလဲဗျာ။ ကျုပ်အသည်းတွေ
ွဲကုန်ပြီးဗျ၊"

"ငထွန်း ငါနင့်သမီးကို အောင်သွယ်လည်း ငါမ
လုပ်ဘူး။ ဘယ်မှာနေကြတယ်ဆိုတာလဲ ငါမသိတာအမှန်
ပါပဲ"

ပြောဆိုရာ သန်းထွန်းမှ မေးကြောကြီးများထောင်
ာကာ စပါးကျီအနီးတွင် စပါးပိုးသတ်ရန် ဆေးဗူးအား
တွေ့ရှိလိုက်ပြီး ပိုးသတ်ဆေးပြား(၂)ပြားအားယူ၍ ဒေါ်ပြုံး
ကြည် ပါးစပ်ထဲသို့ အတင်းထိုးထည့် နေလိုက်သည်။
ကျန်လက်တစ်ဖက်မှလည်း ဒေါ်ပြုံးကြည် လည်ပင်းအား
ိုင်းဖက်ညှစ်ထားလိုက်ပြီး အတင်းဆေးပြားကို ထိုးသွင်း
ိုက်ရာ ပြုသမျှနေရသော အားမတန်မာန်လျှော့၊ဒေါ်ပြုံး
ကြည်ဖြစ်နေသည်။ ဒေါ်ပြုံးကြည်ပါးစပ်ထဲ ပိုးသတ် ဆေး
ပြား(၂)ပြား ဝင်ရောက်သွားတော့သည်။

ဒေါ်ပြုံးကြည် တစ်ယောက်မြေပေါ်တွင် ခွေခွေလေး လဲကျ
သေဆုံးသွားလေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မှတ်ထား ကျုပ်သမီးကို ခင်ဗျား အောင်သွယ်ပေးတဲ့အတွက်ရယ်၊ လင်နောက်လိုက်ပြေးအောင် အကျိတော်ဆောင်တဲ့အတွက်ရယ်ကြောင့် ခင်ဗျားအတွက် ဆုလာဘ် ဟား ဟား ဟား ခင်ဗျား အဲဒီဆုလာဘ်ကို တ... လွန်မှာ ခံစားလိုက်"

သန်းထွန်း ဒေါ်ပြုံးကြည် အလောင်းအား ကြည့်ရှု ပြောဆိုလိုက်ပြီး နေအိမ်ထဲတွင် အိပ်ပျော်နေသောဒေါ်တင် တင်မြ၊ ၄င်း၏ ဇနီးကို လှုပ်နိုးကာ-

"ဟဲ့ "မြ" ထစမ်း ထစမ်း"

"ဘာတုံး တော်၊ ရှင်အရက်တွေ မူးလာပြီနဲ့ ... တယ်။ "အဲဒီအရက်မူးတာ ခဏထားစမ်း၊ ဒေါ်ပြုံးကြည် အရိုးလေး တစ်ယောက်တော့ သနားပါတယ်။

"ဘာဖြစ်လို့တုံး ..."

"ဘာဖြစ်ရမှာလည်း ပါးစပ်ထဲက အမြုပ်တစီစီ ထွက်လာပြီးကာလ ဝမ်း ...ျာပြီးသေနေတယ်"

"ရှင်"

"မရှင်နဲ့ သေသွားပြီဆိုကာမှပဲ"





ဒါဆိုရင် ကျုန်မတို့ ဘာလုပ်ကြမှာလဲ

"ဟာ နင်တို့မိန်းမတွေ အရေးဟယ်၊ အကြောင်းရယ်နဲ့ ဘာလုပ်လို့ ကိုင်လို့ မတတ်တော့ဘူး"

"ဒီတော့ ဘာလုပ်ရမှာလဲ"

"ဟ ကာလဝမ်းလျှောရင် ချက်ချင်း သင်္ဂြိုဟ်ရတယ်။ နို့မဟုတ်ရင် ရွာထဲလျှောက်ကူးစက်နေကုန်ရင် အကုန်မသာတွေ ဖြစ်ကုန်မှာဟ၊ ဒီတော့ ရွာထဲကို နင်သွားပြီး ဒေါ်ပြုံးကြည် ကာလဝမ်းလျှောလို့ သေသွားပြီ။ ဒါကြောင့် ရွာကလူတွေထံ မကူးစက်ရအောင်လို့ ချက်ချင်း မြေမြှုပ်သင်္ဂြိုဟ်မယ် လိုက်ပြောလိုက်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

သန်းထွန်း လှည့်စားလိုက်သည့် လှည့်ကွက် ဇနီး ဒေါ်တင်တင်မြပါ လှည့်စားခံလိုက်ရသည်။ ကျေးရွာမှ လူကြီးများနှင့်တကွ တစ်ရွာလုံးသို့ လိုက်လံ၍ ကာလဝမ်းကြောင့် ဒေါ်ပြုံးကြည် သေဆုံးသွားကြောင်း၊ ချက်ချင်း သင်္ဂြိုဟ်မည်ဖြစ်ကြောင်းနှင့်ရောဂါပိုးမွှားများမကူးစက်ရန် သတိထားကြပါဟု လိုက်လံပြောသဖြင့် ရွာမှ လူအများ ကြောက်လန့်နေတော့သည်။ဒေါ်ပြုံးကြည်၏ရုပ်အလောင်း



www.burmeseclassic.com

www.burmeseclassic.com



အား ချက်ခြင်းသန်းထွန်းမှ မြေမြုပ်သင်္ဂြိုဟ် လိုက်တော့သည်။ သန်းထွန်းမှာအမြင်ကျဉ်းမြောင်းသောအတ္တကြောင့် လူသတ်သမားဖြစ်ရလေတော့သည်။ ဤ လူသတ်ခဲ့ရာတွင် လူမသိ၊ သူမရှိ၊ မျက်မြင်သက်သေမရှိခဲ့။ ကျေးရွာမှ မည်သူမှမသိရှိလိုက်ပါသော်လည်း သန်းထွန်းကိုယ်တိုင်ကမူးလာသည့်အခါတိုင်း–

"ဒေါ်ပြုံးကြည်ကို ငါသတ်ပစ်လိုက်တာကွ"

◈ ◈ ◈ ◈ ◈

**ရဲနှင့်ပြည်သူ လက်တွဲကူ**
**ဒုစရိုက်ဟူသမျှ ချေမှုန်းကြ**





## အမှန်တရား ဖုံးကွယ်၍မရ

မိမိကိုယ်တိုင်က ထုတ်ဖော်ပြောကြားကာ လူသတ်ထားကြောင်း ဂုဏ်ဖော်ပြောနေပြီး ကျေးရွာအတွင်း ဓားတဝင့်ဝင့်ဖြင့်သာ ဆိုးသွမ်းရမ်းကားနေသော သန်းထွန်းအား ရ–ယ–က အဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ ဒေါ်ပြုံးကြည်ကာလ ဝမ်းလျောသေဆုံးသွားသည့် ကိစ္စကို သင်္ကာမကင်းဖြစ်လာကြတော့သည်။

တာဝန်ရှိသူများနှင့် ကျေးရွာသားများမှာ မနေသာတော့ဘဲ တောင်ငူမြို့ အမှတ် (၂) ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်အောင်ကျော်မိုးထံသို့ သတင်းပေးပို့ကာ စုံစမ်းအရေးယူဖော်ထုတ်ပေးရန် သတင်းရရှိသဖြင့် သတင်းဖြစ်စဉ် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်နှင့် ပတ်သက်၍ စခန်းမှူးရဲအုပ် အောင်ကျော်မိုးက မြို့နယ်ရဲတိုက်ဖွဲ့မှူး ဒုရဲမှူးအေးထွန်းထံသို့ တင်ပြ သတင်းအစီရင်ခံကာ -မြို့နယ်ရဲတပ်ဖွဲ့မှူးကြီး၏ လမ်းညွှန်ချက်စီမံချက်များကို နာခံလျက် ရဲအုပ်အောင်ကျော်မိုး၊ ဒုရဲအုပ်စိန်မြင့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ တောင်ငူမြို့ ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်စန်း၊ မှုခင်းဆရာဝန်ကြီး ဒေါက်တာ ဦးကျော်ညွှန့်၊ တောင်ငူမြို့နယ် ဒုတိယတရားသူကြီး ဦးဌေးဝင်း၊ အသိသက်သေများဖြစ်ကြသည့် ရ-ယ-က ဥက္ကဋ္ဌ ဦးစိုးလှနှင့်အဖွဲ့ဝင်များ၊ ဘုရားနှစ်ဆူကျေးရွာ "သချိုင်းကုန်း" ဒေါ်ပြုံးကြည်အလောင်းအား မြေမြှုပ်သင်္ဂြိုဟ်ထားရာ အလောင်းကို ပြန်လည်တူးဖော်စစ်ဆေးတော့သည်။

မှုခင်းဆရာဝန်ကြီးနှင့် လက်ထောက်ဆေးရုံအုပ် ဒေါက်တာ ဒေါ်မြင့်မြင့်စန်းတို့၏ စစ်ဆေးတွေ့ရှိချက်အရ ဒေါ်ပြုံးကြည်သေဆုံးရသည်မှာ လေပြွန်ပိတ်ပြီးအာရုံကြောမကြီးပြတ်တောက်ကာ လည်ပင်းရိုးကျိုး၍ သေဆုံးသွားရခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရတော့သည်။ စခန်းမှူးရဲအုပ်အောင်ကျော်မိုးမှ ဒုရဲအုပ်စိန်မြင့်အား "ကိုစိန်မြင့် အ





လောင်းမှတ်တမ်းဓာတ်ပုံကို ရှုထောင့်စုံကရိုက် လူသတ်တရားခံကိုလည်း ဖမ်းဆီးရမိဖို့အတွက် ခင်ဗျားတာဝန်"ပြောဆိုလိုက်သည်။

ထိုအချိန်တွင်း၌ သန်းထွန်းမှာလည်း အရက်ဆိုင်တွင် အရက်များကိုသောက်၍မြင်းတစ်ကောင်ပေါ်သို့တက်ခွလိုက်ပြီး ညာဘက်လက်တွင်ဓါးတစ်ချောင်း ကိုင်ဆောင်လျက် စိတ်တွေလေးလံနေတော့သည်။ တစ်စုံတစ်ဦးက အမိန့်ပေးစေခိုင်းနေသကဲ့သို့ သချိုင်းကုန်းကိုသွားညွှန်ကြားနေသဖြင့် မိမိစိတ်ကို ရဲစိတ်တင်လိုသဖြင့် အရက်ကိုသောက်လိုက်ပြီး မြင်းစီး၍ သချိုင်းကုန်းသို့ထွက်လာခဲ့တော့သည်။ သချိုင်းကုန်းတွင် ဒေါ်ပြုံးကြည်အလောင်းမြေပေါ်သို့ရောက်ရှိ၍ တာဝန်ရှိသူများဝိုင်းအုံကြည့်ရှုနေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ဝင်လာခဲ့တော့သည်။ အဲဒီလူတွေထဲမှာ အဖမ်းခံလိုက်တော့ဟု အမိန့်သံက သန်းထွန်းနားထဲကြားနေရသည်။ မြင်းပေါ်တွင်ဓါးကိုင်၍ ကြောင်စီစီဖြင့်ကြည့်နေသည်။ သန်းထွန်းအား ဒုရဲအုပ်စိန်မြင့်မှ လျှင်မြန်စွာဖြင့် မိမိရှေ့တွင်ရောက်ရှိလာသည်။ တရားခံလက်မှ ဖက်အား ကိုင်ဆောင်လာသည့်ဓါးကိုသိမ်းဆည်း၍ လက်



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ခတ်လိုက်လေတော့သည်။ သန်းထွန်းလက်ထိပ်ခတ်ခံလိုက်ရပြီးနောက် မြင်းပေါ်မှဆင်းခိုင်းကာ တရားခံ သန်းထွန်းကို ရဲတပ်ဖွဲ့ဝင်များရှေ့မှောက်အရောက် အချိန်ကိုက်ရဲတပ်ဖွဲ့ဝင်များ လွယ်လွယ်ကူကူ စိုက်စိုက်မတ်မတ်ဖြင့် တိုက်ဆိုင်မှုပဲလား၊ထူးခြားချက်ပဲလားဆိုသည်မှာ စဉ်းစားစရာများဖြစ်နေပေသည်။ မည်ကဲ့သို့ပင် ပြောပြောဆိုဆို မကောင်းမှုဟူသည်ကား ဆိတ်ကွယ်ရာမရှိ ဆိုသည်မှာ ပြယုတ်တစ်ခုအဖြစ် လက်တွေ့ဖြစ်သွား ရလေတော့သည်မှာ မည်သူငြင်းနိုင်ပါအံ့နည်း။မယုံမရှိဘူးဆိုပါလျှင် မကြုံသေးလို့ဟု ဆိုရတော့မည်။ ပြစ်မှုကျူးလွန်မိသူ သန်းထွန်းတစ်ယောက်မှာ အမှားကြီးမှား၍ ဝန်ချဖွင့်အံ့ကာကြေကွဲဖွယ်ဖြစ်ရပ် အဆင်အခြင်ကင်းမဲ့မှုကြောင့် အတ္တဒေါသတရားဦးဆောင်မှု သေရည်သေရက် သောက်စားမှုးယစ်စေခဲ့သည်။ သတိတရားလက်လွတ်ခဲ့ရသော လူသတ်မှုကြီးကားတောင်ငူမြို့နယ် ဘုရားနှစ်ဆူကျေးရွာတွင် "မသိတဲ့တိုက်တွန်းချက်" လူသတ်မှုမှာကား ရေပန်းစားသွားခဲ့လေတော့သတည်း။

ခင်ဇာပေ





# ရပ်ရွာအေးချမ်းသာယာရေး ဝိုင်းဝန်းကူညီစောင့်ထိန်းပေး

www.burmeseclassic.com

www.burmeseclassic.com





ဥပဒေဘောင်တွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
ပြည်သူသာယာ

ခင်စာပေ



# သတင်းထောက်ခင်

## ဟုကာညီရဲ့အပေါင်



ခင်စာပေ

www.burmeseclassic.com

www.burmeseclassic.com









## မဟူရာညရဲ့အမှောင်

ပဲခူးတိုင်း၊ ထန်းတစ်ပင်မြို့နယ်၊ ဇရပ်ကြီးမြို့အနီးတွင် မိုးကောင်းကျေးရွာရှိသည်။ အိမ်ခြေ (၇၀၀) ကျော်မျှရှိသည်။ မနု၊ ရှမ်း၊ ကရင်နှင့် ပအို့ဝ် တိုင်းရင်းသားများနှင့် မြန်မာများ နေထိုင်ကြပြီး အဓိက စီးပွားရေးလုပ်ငန်းက တောင်ယာ ဓားမခုတ်ခြံလုပ်သည်လည်းရှိသည်။ခြံထွက်သီးနှံများကို ရောင်းဝယ်ဖောက်ကားသူလည်းရှိသည်။ တောင်ယာထွက်ကုန် ဒူးရင်းသီး၊ ဒညင်းသီးများကိုဝယ်ယူပြီး တောင်ငူမြို့ပေါ်တက်ကာ ရောင်းချသည့် လုပ်ငန်းများကိုလည်းလုပ်ကြသည်။ အများအားဖြင့် လယ်ယာလုပ်ငန်းခွင်ဆင်း စပါးစိုက်ပျိုးကြသည်က ပိုများကြလေသည်။

မိုးကောင်းရွာထဲတွင် ဦးခွန်လုံနှင့် ဒေါ်နန်းနွယ်တို့ကလည်း လယ်ယာမြေအတော် ပိုင်ဆိုင်ကြပြီး ကျေးရွာရိုးစဉ်လာအတိုင်း စပါးစိုက်ပျိုးပြီး အတော်အသင့် ငွေ



www.burmeseclassic.com

www.burmeseclassic.com



ကြေးစုအောင်းမိုးကြသည်။ ကျေးရွာ တောသူဌေး မကျ
ကျ သူတို့မိုးကောင်းရွာတွင် သား(၂)ဦးရှိကြပြီး အစ်ကိုဖော်
နှမ်းနှင့် ညီငယ်ဖြစ်သူ သက်ဇော်၊ သားနှစ်ဦးဖြစ်သည်။

အချိန်အခါ အရွယ်ရောက်ပြီး လူပျိုပေါက်ကြီးတွေ
ဖြစ်ကြသည်။ အစ်ကိုဖြစ်သူမှာ ရိုးသားစွာ၊ တည်ငြိမ်းအေး
ချမ်းသလောက် သားငယ် သက်ဇော်တစ်ယောက်တွင်ကာ
အပေါင်းအသင်းများဖြင့်လည်ပတ် အချိန်ကုန်စေပြီး ဟေး
လားဝါးလား ရွာရိုးကိုးပေါက် လျှောက်သွားနေသည်။မိ
ကလေးများကို ရည်းစားစကားလိုက်ပြောသည်။ ကျေး
ရွာတွင်ရှိကြသည့် အမျိုးသမီးများက သက်ဇော်၏ လ
ကြောမတင်း၊ ဟေးလားဝါးလားစရိုက်ကိုရှောင်ကြဉ်ကြ
အမျိုးသမီးများက ဆလံ "တ" နေကြရသည်။ သက်ဇေ
မိမိဘဝကို မိမိမကျေနပ်။ ကျေးရွာထဲတွင် ရှိသည့် အပ
ချောလေးများကို လိုက်လံရည်းစားစကားပြောကြားခဲ့
ဝယ် တစ်ဦးတစ်ဟောက်ကမျှ၄င်းကိုပြန်လည်ချစ်ခွင့်မပေ





ပဲ၊ ရှောင်ကြဉ်သွားကြသည်ကိုက သက်ဇော်၏ရင်ကို အချစ်မြားဖြင့် ပစ်ခွင်းလိုက်ခံရပြီး အသည်းတွင် စူးဝင်ထိရနေသော ဒဏ်ရာဒဏ်ချက်ဖြင့် မိန်းကလေးများကို နာကျည်းနေသူ ဘယ်ဘဝကြောင့် အချစ်ကံခေတာမပါသလဲ။ တွေးတောလို့ကိုမရ၊ မရတော့လည်း နှလုံးသားနုနုကနေ အသည်းကြမ်းကြမ်းဖြစ်လာရသည်။ သက်ဇော်တို့ မိုးကောင်းကျေးရွာထိပ် ကင်းတဲတွင် သူငယ်ချင်းဖြစ်သူ လှလှ၊ တင်အုံးတို့ဖြင့် စိတ်မပါတပါ ထိုင်စကားပြောဆိုနေကြရင်းတာလမ်းမဘက်ဆီသို့ တစ်ဦးတည်းလမ်းလျှောက်လာသည့် မိုးကောင်းကျေးရွာသူ မခင်သက်ထားကြည်ကို လှမ်းတွေ့လိုက်ကြရသည်။ သက်ဇော်မှနေပြီး မခင်သက်ထားကြည် ဖြတ်လျှောက်သွားသည်ကို သူ၏ မျက်လုံးမှ မျက်တောင်မခတ်ပဲ သူ၏သူငယ်ချင်းနှစ်ဦးအား လှမ်းကာပြောလိုက်လေသည်။

"ဟေ့ လှလှ၊ ဒီကောင်မလေးတစ်နေ့တခြား သိပ်လှသလိုပဲကွ"

လှလှမှ နားထောင်ရင်း

"ဟာ - သူ့မှာ ရွာထိပ်ပဲက၊ ဟို ---- ထွန်းရွှေဆို



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကောင်ရဲ့ ရည်စားကွ၊ မင်းကလည်း ကြည့်ပြီး ငမ်းစမ်း ပါဦးကွ"

ဟု ပြောဆိုလိုက်ရာ သက်ဇော်က

"ဟာ မလိုချင်ဘူး၊ သူ့ကို ငါရည်းစားစကားလိုက် ပြောရမယ်--- အခုတော့ နေပါစေဦးကွာ---သိပ်လှတာ ပဲ"

"မင်း--- လိုက်မပြောဖူးတဲ့ ကောင်မလေး ဒီရွာ မှာ ရှိသေးလို့လားကွ သက်ဇော်ရဲ့--- သွားစမ်းပါ တစ် ခါလာလည်း ချိုမိုင်မိုင် ကမလို့လား ---မင်းပဲနောက် ကောက်ကျမယ်---- တော်ပြီ ငါပြန်မယ်--- မင်းတို့နေ ရစ်ခဲ့ကြတော့"

ဟု တင်အုန်းမှ ပြောဆိုကာ ထိုင်နေရာမှ ထကာ စက်ဘီးစီးပြီးနေအိမ်သို့ ပြန်သွားလေတော့သည်။ သက် ဇော်နှင့် လှုလှတို့နှစ်ဦးတည်း ကျန်ရှိနေကြချိန်တွင် လှုလှ က----

"မင်းကလည်း မိန်းကလေးတစ်ယောက်ကို ဖြစ် ဖြစ် မြောက်မြောက်စွမ်းဆောင်နိုင်တာလည်း မဟုတ်ဘဲနဲ့ အလကား လေကုန်အောင် လျှောက်ပြောနေတယ်"





"ဟေ့ကောင် လှုလှ ---- အေး---- မင်းကို ပြောချင်တာက ငါ့မှာအချစ်တွက် ချစ်သူတွေရှိကြောင်း ဘာလုပ်ပြရမလဲ"

"တော်ပါကွာ ---- ကောင်မလေးတွေကပါးရိုက် လိုက်မယ်ဆိုတဲ့ စကားနဲ့ မင်းနောက်ဆုတ်ပြန်ခဲ့ရတာကြီး ပဲ--- ဟဲ--- ဟဲ---၊ငါ့သူငယ်ချင်းအကြောင်း၊ ငါအသိ ဆုံးပါကွ"

"ဟာ --- ဒီတစ်ကြိမ်တော့ မရတော့ဘူး။ ခုနတို့ ရဲ့ရှေ့ တံရိုးပေါ်ကဖြတ်လျှောက်သွားတဲ့ မခင်သက်ထား ကြည်ကို ငါအတော်ကြိုက်သွားပြီကွ"

"မင်းသူ့ကို ရည်းစားစကား ပြောရဲလို့လား"

"စကားတင်ပြောရဲရုံမကဘူး အချစ်ကိုရအောင်ယူ ပြမယ် မင်းယုံလား"

"မယုံပေါင် နားရှိလို့သာကြားနေရတာ မျက်စိ တွေကမြင်ဘူးသားပဲ"

"အေးလေ တစ်နေ့မင်းအရှေ့မှာတင် သူ့အချစ်ကို တောင်းခံယူမယ် မင်းကြည့်နေ"



www.burmeseclassic.com

www.burmeseclassic.com

"အေးပေါ့ကွာ ကြည့်ရသေးတာပေါ့ ပါးရိုက်ခံရ ရင်လည်း မင်းပဲအရိုက်ခံရမှာ ဟဲ--- ဟဲ"

လှလှမှ မထေမဲ့မြင်ရိုက်တိုက်ဖြင့်ဆိုလိုက်သောစကား ကြောင့် သက်ဇော်မခံချင်စိတ် ဖြစ်မိပါသော်လည်း ဘာမှ ပြန်လည် ပြောကြားခွဲခြင်းအလျှင်းမရှိ။ လူတစ်ဦးတစ် ယောက်၏စိတ်ဓာတ်၊ ယဉ်ကျေးမှု၊ ပြောဆိုသောစကားရပ် များမှာက ထိုလူသားတို့၏ပတ်ဝန်းကျင်၊ အုံကျင်းအရိပ် အာဝါသအောက်မှာသာ အရောင်အဆင်းပြောင်းလွဲတတ် သည်မှာ လောကသဘာဝတစ်ရပ် ဖြစ်နေလေသည်မှာက အမှန်။

တစ်နေ့ ၅-၅-၉၈ ရက်နေ့ည (၁၀)နာရီတွင် သက်ဇော်က မခင်သက်ထားကြည်ထံက အချစ်ကိုတောင်း ခံယူပြမည်ဆိုစကားကြောင့် လှလှသည် ၄င်းနေသည့်အိမ် သက်ဇော်ချိန်းဆိုထားရာ ကျေးရွာ ရွာလည်လမ်းဆုံနေရာ သို့ သွားရောက်ပြီး သက်ဇော်နှင့်တွေ့ကာ

"ဟကောင်ရ မင်းရည်းစားစကားပြောရမဲ့အချိန်က ဒီလောက်မိုးကြီးချုပ် သူများတွေအိပ်ချိန်ကျမှ ဒီမှာလာပြီ ဘာလာလုပ်တာလဲ ကွ"



"မင်းကို ငါလက်တွေ့ပြမလို့ အချစ်အတွက်ငါ့မှာ ရင်ထဲဘယ်လိုခံစားနေရတယ်ဆိုတာပြချင်လို့"

"ဟာ ---ဒီလမ်းဆုံမှာဒီလောက်မှောင်မဲနေတာ ဘယ်သူကလာမှာလည်း"

"မင်း ခဏလေးသည်းခံပြီးစောင့်နေ---ဒီမဟူရာ ညအမှောင်မှာ--- မဟူရာမင်းသမီးလေး ငါ့ထံအရောက် လာစေ့မယ်"

"မင်းစကားတွေကလည်းဘာတွေမှန်းငါမသိတော့ ဘူး"

"မင်းက ဟိုးတစ်နေ့က ငါပြောထားတဲ့ကောင်မ လေးကို ငါ့ကိုချစ်လာအောင် သူ့ရည်းစားဆိုတဲ့ကောင် အသည်းကွဲကျန်ရစ်ရအောင် အချစ်လုပွဲ၊ အချစ်တောင်းခံပွဲ လုပ်မလို့"

"အချစ်လုပွဲ ဟုတ်လား သက်ဇော်"

"ဟုတ်တယ်လေ အချစ်လုပွဲကျင်းပမလို့"

သက်ဇော်နှင့် လှလှတို့အချီအချပြောနေချိန်တွင် မိုးကောင်းကျေးရွာအတွင်းရှိ ဗီဒီယိုရုံမှ ပွဲပြီးလို့ပြန်လာကြ သူတွေ သူ့အုပ်စုဖြင့်သူပြန်ကြသည်။ ကျေးရွာလမ်းဆုံ

ခင်တာပေ

www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်သို့ပြန်ရန်အတွက် ဗိဒီယိုအတူကြည့်ပြီး မခင်
သက်ထားကြည်နှင့်မစိုးနွယ်တို့ တစ်ဦးလက်တစ်ဦးကိုင်
ကာ ညအမှောင်အောက်တွင် ကျေးရွာ ရွာအလယ်လမ်းအ
တိုင်းပြန်လာခဲ့ကြသည်။ထိုစဉ် သူတို့နှစ်ဦးရှေ့တွင်မမျှော်
လင့်သော သက်ဇော်နှင့်လူလှတို့နှစ်ဦးကို တွေ့ရှိလိုက်ရ
သောကြောင့် မခင်သက်ထားကြည် စိုးထိတ်သွားကာ ခြေ
လှမ်းကျဲကျဲဖြင့် အိမ်ကိုအမြန်ပြန်ရောက်ရေးကိုဦးတည်ကာ
ပြန်ခဲ့မိသည်။

"ထားရယ်မင်းကို ကိုယ်သိပ်ချစ်တယ်ကွာနေပါဦး
မပြန်ပါနဲ့ဦးကွာ"

ဟု သက်ဇော်ကရှေ့မှ တားဆီးပိတ်ဆို့လိုက်ကာ
သူပြောချင်သည့်စကားကိုပြောဆိုနေသည်။ လူလှ အသာ
နားစိုက်ထောင်လျက်

"သက်ဇော် နင်ငါတို့ကိုမနှောင့်ယှက်နဲ့ ငါ့မှာ
လည်းရည်းစားရှိတယ်ဆိုတာ နင်လည်းသိတယ် ဖယ်ပါ
ငါတို့သွားမယ်"

ပြောဆိုပြီးဆက်သွားရန် မခင်သက်ထားမှ ခြေ
လှမ်းပြင်လိုက်ပါသော်လည်း သက်ဇော်မှနေ၍





"နင့်ကိုငါသိပ်ချစ်တယ် နင့်ကိုငါယူမယ်ဟာ ငါ့
ကိုနင်လက်ထပ်လိုက်ပါ၊ တကယ်ချစ်တယ်ဟာ ဒါမှမ
ဟုတ်ရင် တကယ်ချစ်တယ်ဆိုတဲ့အကြောင်း ဒီညနင့်ကိုငါ
းပြေးမယ် ဟုတ်လား ငါ့အချစ်ကိုလက်ခံလိုက်ပါဟာ"

မခင်သက်ထားကြည်အား လက်ဆွဲကာ အတင်း
ဖွဖွပြောကြားနေသော်လည်း မခင်သက်ထားကြည်အ
ဖော် မစိုးနွယ်က သက်ဇော်အပြုအမူကိုမကြိုက်မနှစ်သက်
၍

"ဟဲ့ သက်ဇော် သူ့မှာရည်းစားရှိတယ် နင့်ကိုသူမ
ချစ်တဲ့ ဥစ္စာ နင်ဒီလို အတင်းဆွဲလားရမ်းလား မလုပ်ပါ
နဲ့ ငါအော်လိုက်မှာနော်"

သက်ဇော်အား ပြောဆိုလိုက်ရာ သက်ဇော်မှာ မစိုး
နွယ်အားဒေါသတကြီးဖြစ်ကာ

"နင်အသာနေ ဖယ်စမ်းကွာ" ဟု မစိုးနွယ်အား
သက်ဇော်ဆွဲကာ တွန်းလွှတ်လိုက်သောကြောင့် မစိုးနွယ်
က်လက်ကလေးလဲကျသွားကာ ပြန်လည်လူးလဲထပြီး
ကြောက်လန့်တကြား အမှောင်ထုထဲသို့ ထွက်ပြေးသွား
လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ လာ လိုက်ခဲ့ နင့်ကိုချစ်ကြောင်းလက်တွေ့ပြမယ်"

"အိုး ဒီလိုမလုပ်နဲ့. နင်နော် လွှတ်ပါ။ လွှတ် နင်ခွေးကျင့်ခွေးကြံမလုပ်နဲ့."

သက်ဇော်မှ မခင်သက်ထားကြည်လက်အား ဆွဲလျက် အနိုင့်အထက်ပြုကာ ကျေးရွာလမ်းမဘေး လူမနေသည့်နေအိမ်ကြီးအတွင်းသို့ ဆွဲခေါ်နေလေတော့သည်။ လူလုမှာလည်း ၄င်းတို့မနီးမဝေးမှလိုက်လံကာ ဖြစ်စဉ်အားလုံးအား ကြည့်ကောင်းကောင်းဖြင့် ကြည့်နေလိုက်သည်။ သက်ဇော်သည်လည်း မဟူရာညအမှောင်ဘွင် တကျောက်လေသာ ရောပြွန်းစွာဖြင့် အချစ်တစ်ခုရရှိစေရေးကို ရှေးရှုကာ မှန်သည် မှားသည် မဝေဖန် မပိုင်းခြား အချစ်ကို ရယူပိုင်ဆိုင်ရေးကိုသာ လိုလားနေသည်။ လူလုတစ်ယောက် သူငယ်ချင်းဖြစ်သူသက်ဇော် အချစ်ရယူရေးကို ဝင်ရောက်ဟန့်တားခြင်းလည်းမရှိခဲ့။ ဆွဲလား ရမ်းလားဖြင့် ခေါ်ဆောင်နေသည့် နောက်ကိုလိုက်လာခဲ့သည်။





# နင့်ကိုချစ်နေတာ?





www.burmeseclassic.com

www.burmeseclassic.com



အိမ်ပျက်ခြံဝင်းကြီးထဲအရောက်တွင် မခင်သက်ထားအား သက်ဇော်မှ တွန်းလှဲလိုက်ကာအတင်းအဓမ္မကြံကော့သည်။

"နှင့်ကိုငါ ထိုင်ရှိခိုးပါတယ်ဟယ်--ဒီလို--ဒီလိုမပြုကျင့်ပါနဲ့--ငါ့ဘဝ--ငါ့ဘဝကို သနားငဲ့ညှာပါဟယ်နော်---မလုပ်ပါနဲ့--"

ပြောဆိုပါသော်လည်း ကျားသနားမှ နွားချမ်းသာရမည်။ အနီးကိုက် (၆)ကိုက် တွင် ဤအဖြစ်ကိုကြည့်နေသော လူလုထံသို့လှမ်းအကူအညီတောင်းခံပါသော်လည်း အချည်းနှီးသာ။ အားမသန်တော့ မာန်လျှော့လိုက်ရတော့သည်။

မျက်ရည်ကိုသာ အဖော်ပြုလျှက် ပါးပြင်ပေါ်သို့ လိမ့်ပြီးစီးဆင်းလာသော မျက်ရည်များမရေတွက်နိုင်တော့။ မခင်သက်ထားကြည်တစ်ယောက် အံကြိတ်တောက်ခေါက်ရင်း ဆံမြိတ်လည်းပြေ ပန်းလည်းချွေခံရသည်။ သက်ဇော်အားစိမ့်းစိမ်းကြည့်ရာ သက်ဇော်တစ်ယောက်မှာအောင်မြင်သော လူပမာ။

အချစ်အတွက်အနိုင်ရသည့် ချစ်လူကြမ်းပုံစံဖြင့်





မခင်သက်ထားကြည်ပါးပြင်အား အနမ်းမိုးများရွာသွန်းဖြိုးလေတော့သည်။ သက်ဇော်က

"ကဲ နင်ငါ့ကို ချစ်ချင်လည်းချစ် မချစ်ရင်လည်းနေလို့ရတယ်မှတ်ထား ငါကချစ်ရင် သိပ်အချစ်ကြမ်းတာဒီတော့ ဒီကိစ္စကို နင်ဘယ်သူ့ကိုမှပြောဖို့ စိတ်ကူးထဲမထည့်နဲ့ တိုင်မယ်ပြောမယ်ဆိုရင် နင့်ကိုဓားနဲ့အသေထိုးသတ်ပစ်လိုက်မယ် သိလား ကြားလား ဒါပဲ"

ပြောဆိုကြိမ်းမောင်းကာ လူလုအားခေါ်ဆောင်ပြီးထွက်ခွာသွားကြလေတော့သည်။မခင်သက်ထားကြည်တစ်ယောက်တည်းမျက်ရည်ကိုသာ အဖော်ပြုလျှက် အိမ်သို့တစ်ဦးတည်း ပြန်လာခဲ့လေတော့သည်။ နေအိမ်သို့ရောက်ပြီး မိဘနှစ်ပါးတို့အား နှီးကာ ငိုယိုပြီး သက်ဇော်က အတင်းအဓမ္မ အနိုင့်အထက် သားမယားအဖြစ် ပြုကျင့်လိုက်ကြောင်း ဖွင့်ပြောပြလေသည်။

"တောက် ဇော်ကားမိုက်ရိုင်းတဲ့ အကောင်။ ငါကိုယ်တိုင် ဒီကောင့်ကိုသွားသတ်မယ် ဓားပေးစမ်း သတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလိုတော် ဦးခွန်လုံကလည်း စိတ်ကောင်း ကောင်းထားစမ်းပါ။ ဒီသက်ဇော်ကို ရှင်သွားသတ်တော့ ရှင်လူသတ်မှုဖြစ်မှာပေါ့"

"အေး ငါ့သမီးကိုဖော်ကားလို့ သူ့ကိုသတ်တာ ဘာဖြစ်လဲ ငါထောင်ကျလည်းမဆန်းဘူး"

"တော် စဉ်းစဉ်းစားစားလုပ်ပါ။ ကျေးရွာလူကြီး တွေရှိပါတယ်။ အေးအေးနေပါတော်။ တရားဥပဒေရှိပါ တယ်။ လာ သမီးလိုက်ခဲ့ ကျေးရွာ ရ-ယ-က ဥက္ကဋ္ဌဆီ ကိုသွားတိုင်မယ်။ နှင့်အဖေ မလိုက်ချင်လည်း နေပါစေ လာသွားမယ်"

"မနန်း ငါလည်းလိုက်ခဲ့မယ်ဟုတ်တယ် ဒီကောင့် ကိုတရားဥပဒေအရ အရေးယူတာအကောင်းဆုံးပဲ"

၄င်း၏ဇနီးဖြစ်သူ ဒေါ်နန်းအားပြောဆိုကာ ရ-ယ-က ဥက္ကဋ္ဌအိမ်သို့ထွက်လာခဲ့လေတော့သည်။ ထို့နောက် ရဲဖွဲ့စခန်းသို့ရောက်ကြ၏။

"ဖြစ်စဉ်ကတော့ ဒါပါပဲကွယ်"

"ဟုတ်ကဲ့ ဒါလောက်ရှင်းပြနေတာ ကျွန်တော်





လည်း သားသမီးချင်းကိုယ်ချင်းစာသလို တရားဥပဒေအ တိုင်း အရေးယူဆောင်ရွက်ပေးမှာပါ"

"ဒါနဲ့ ဒီကောင်လေးနဲ့ဒီကောင်မလေးက ရည်း စားတော့မဟုတ်ကြဘူးနော်"

"မဟုတ်ပါဘူး သမီးရဲ့ရည်းစားကရှိပြီးသား အခု ဒီသတင်း ဖြစ်စဉ်ကို သမီးချစ်သူကြားတော့ သမီးကိုပစ် ခွာသွားပြီလေ လှည့်တောင်မကြည့်ဘူး"

ဧရပ်ကြီး ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကျော်ကျော်မှ မိ သားစုနှင့်အတူ မခင်သက်ထားကြည်က သက်ဇော်မှအနိုင် အထက် အလိုမတူပဲ သားမယားအဖြစ် ပြုကျင့်ကြောင်း ကျေးရွာ ရ-ယ-က အဖွဲ့နှင့်လာရောက်တိုင်ကြား သဖြင့် သေချာစွာစစ်မေးပြီး

"ကိုထွန်းထွန်းရေ သက်ဇော်ကိုဖမ်းဖို့ လုပ်ဗျာ (ပ) နံပတ်ဖွင့်ပြီး ပြီလား"

"ဟုတ်ကဲ့ ဗိုလ်ကြီး ဖွင့်ပြီးသွားပါပြီ"

"မခင်သက်ထားကြည် အခင်းဖြစ်စဉ် ဆေးကို သက်သေသိမ်းဆည်းဖို့ရယ် သူ့ကိုဆေးစစ်ဖို့ ဆေးရုံသွား



www.burmeseclassic.com

www.burmeseclassic.com



ကြမို့ ပြုလုပ်ကြ နယ်ထိန်းတပ်ဖွဲ့တွေနဲ့ အခင်းဖြစ်တဲ့နေ ရာကို သွားကြည့်ပြီး သက်ဇော်ကိုခေါ်လာခဲ့ဗျာ"







"ဟုတ်ကဲ့"

"(ပ) အမှတ်နဲ့ ပုဒ်မ ရက်စွဲရော"

"ဇရပ်ကြီးရဲတပ်ဖွဲ့ စခန်း (ပ)အမှတ် ၅၇/၉၈ ဖြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ ပါ ဗိုလ်ကြီး"

"ကောင်းပြီလေ လုပ်စရာရှိတာဆက်လုပ်"

"ဟုတ်"

စခန်းမှူး ရဲအုပ်ကျော်ကျော် တဆက်တည်းပြောဆိုအမိန့်ပေးကာ မခင်သက်ထားကြည်အား အသေးစိတ်စိစစ်မေးမြန်းစစ်ဆေးကာ မှတ်စုစာအုပ်တွင် ရေးမှတ်ထားလိုက်ပြီး ရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ထွန်းထွန်းနှင့် ဆေးရုံသို့ ဆေးစစ်ခံယူနိုင်ရန် စေလွှတ်လိုက်လေတော့သည်။

ညနေ နယ်ထိန်းတပ်ဖွဲ့မှပြစ်မှုကျူးလွန်သူ သက်ဇော်အား ဖမ်းဆီးခေါ်ဆောင်လာပြီး စစ်ဆေးမေးမြန်းကာ လိုအပ်သည်များကို ပြုလုပ်လျှက် အမှုကိုခိုင်မာစွာ တည်ဆောက်ပြီး ထန်းတပင်မြို့နယ် တရားရုံးတော်သို့ တရားစွဲဆိုရန် တင်ပို့လိုက်လေတော့သတည်း။



www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com








ရဲတပ်ဖွဲ့တို့သည် ပြည်သူတို့အမှုဖြစ်ပေါ်လေတိုင်း တိုင်ကြားလာသည့်ပြစ်မှုတိုင်းအချိန်ကြန့်ကြာခြင်းအလျှင်း မရှိဘဲ ချက်ခြင်းဆိုသလို တိုင်ကြားလာသည့် ပြစ်မှုဟူသမျှ ကိုယ်ရော၊စိတ်ပါ အားကျိုးမာန်တက်ဆောင်ရွက်ပေးလျက် ရှိနေသည်မှာ ယနေ့မျက်မှောက်တွင်မြင်တွေ့နေရသည်မှာ မှုခင်းကျဆင်းရေးသို့ ရေ့ရှုနေသည်မှာ စာဖတ်ပရိသတ် အသိပင်ဖြစ်သည်။ ကူညီပါရစေ ဆိုသည့် ဆောင်ပုဒ်နှင့် အညီလုပ်ဆောင်နေကြသည်။ရဲတပ်ဖွဲ့ဝင်များနေ့ရောညပါ တာဝန်များကိုမပြတ်မနားထမ်းဆောင်ကြရသည်။တောင်ဥ မြို့အမှတ်(၁)ရဲတပ်ဖွဲ့စခန်း၌ဖြစ်သည့် နယ်ထိန်းခေါင်း ဆောင် ဒုရဲအုပ်စိုးလွင်မှာ နယ်ထိန်းတာဝန်များ စီမံချက် များနှင့်၊ ၎င်း၏တပ်ဖွဲ့ဝင်များနှင့်အတူ နယ်ထိန်းရုံးခန်း ထဲတွင် ဆောင်ရွက်ပြောကြားနေစဉ်----

"ဆရာစိုးလွင် စခန်းမှူးကခေါ်ခိုင်းလို့"

ရဲအရာခံ ဗိုလ်မောင်ကိုမှ နယ်ထိန်းရုံးခန်းထဲ ရောက်ရှိသတင်းပို့သဖြင့် ဒုရဲအုပ်စိုးလွင်မှ လုပ်လက်စ လုပ်ငန်းများ ရပ်နားလိုက်သည်။ စခန်းမှူးခေါ်သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးကိစ္စတော့ရှိမည်။ လက်တွင်ပတ်ထားသော နာရီ အားကြည့်လိုက်တော့ ညနေ(၆)နာရီ (၄၅)မိနစ်ရှိနေသည်။ စခန်းမှူး ရုံးခန်းထဲရောက်တော့ အလေးပြုပြီး---

"ထိုင်ဗျာ ... ကိုစိုးလွင်ရေ၊ အကြောင်းကတော့ သူ့ရဲ့မော်တော်ဆိုင်ကယ် ရပ်ထားတာ ပျောက်သွားလို့ လာတိုင်တာ"

စခန်းမှူးရဲအုပ်သက်ဆွေမှ ရှေ့တွင်ထိုင်နေသော တင့်လွင်(ခ)ချစ်မောင်အား လက်ညှိုးထိုး၍ ပြောကြားရင်း ဒုရဲအုပ်စိုးလွင်အား ထိုင်ခိုင်းလိုက်သည်။ ဒုရဲအုပ်စိုးလွင်မှ အံ့အားသင့်၍...

"စခန်းမှူး ကျွန်တော် ဒီစခန်းရောက်တာကြာပြီ မော်တော်ဆိုင်ကယ်ရပ်ထားတဲ့ဥစ္စာကို ခိုးယူသွားတယ်ဆို တော့ ခင်ဗျားနာမည်က ...

"ကျွန်တော်နာမည် တင့်လွင် (ခ) ချစ်မောင်ပါ ဆရာ"

"ဘယ်တုံးက ပျောက်သွားတာလဲ... "

"အခုညနေပိုင်းကပါပဲ"

"ဘာမော်တော်ဆိုင်ကယ်လဲ အမျိုးအစားအရောင်





ပေါ့လေ"

"ဆိုင်ကယ်ကတော့ DT အမျိုးအစား အဖြူရောင်ပါ"

ဒုရဲအုပ် စိုးလွင်နှင့် တင့်လွင် (ခ) ချစ်မောင်တို့ စကားပြောဆို မေးမြန်းနေစဉ် စခန်းမှူး ရဲအုပ်သက်ဆွေမှ နေ၍ ကြားဖြတ်ပြီး...

"ဒီလို ဆရာရေ .... တောင်ငူမြို့ ထပ်ဆင့်အသံလွှင့်စက်ရုံ ရုပ်မြင်သံကြား စက်ရုံအနီး စက်ရုံလုံခြုံရေး တာဝန်ကျနေတဲ့ တပ်သားတင်ရွှေနှင့် တပ်သားတင်အောင်တို့မှ မသင်္ကာသဖြင့် ခေါ်ယူစစ်ဆေးဖို့ စခန်းကို ပို့အပ်လိုက်တာ"

"ခင်ဗျားက မော်တော်ဆိုင်ကယ်ပျောက်ရင် ကျွန်တော့် စခန်းလာပါလား။ ဘာဖြစ်လို့အဲဒီနား သွားတာလဲ"

"ဒီလိုပါ--- ကျွန်တော့်ဆိုင်ကယ်ပျောက်သွားလို့ လိုက်ရှာတာ နေရာအနှံ့ပါပဲ ဆရာ----- အဲဒါနဲ့ ကျွန်တော်လည်း ရထားလမ်းဘက် တွေ့လိုတွေ့ငြားနဲ့ လိုက်အရှာမှာ လုံခြုံရေးရဲတွေနဲ့ တွေ့တာပါ။ ကျွန်တော်က မော်တော်ဆိုင်ကယ် ပျောက်လို့ လိုက်ရှာနေတာပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ကယ်က ဘယ်မှာရပ်ထားတာလဲ"

"တောင်ငူမြို့ ရန်ကုန်- မန္တလေး ကားလမ်းမကြီး ဘေးမှာ ကျွန်တော်လက်ဖက်ရည်ဆိုင်ထဲ လက်ဖက်ရည် ဝင်သောက်နေတုန်းပြန်ထွက်လာတော့ကျွန်တော်ဆိုင်ကယ် မရှိတော့ဘူး ဆရာ---- ကျွန်တော့်ကို ကူညီပေးပါ။ အမှု လည်းဖွင့်တယ်။ ကျွန်တော့်ဆိုင်ကယ်သူခိုးကို ဖမ်းပေးပါ"

"စခန်းမှူး တစ်ခုတော့ရှိတယ်။ ကျွန်တော်တို့ တောင်ငူမှာ ဒီလောက်အတင့်ရဲပြီး ဆိုင်ကယ်၊ ကားခိုးတာ တွေတော့ တစ်ကြိမ်မှ မရှိဘူး"

စခန်းမှူး ရဲအုပ်သက်ဆွေမှာလည်း ...

"ဒီတော့ဗျာ--- ဆရာကြီးမောင်ကို အမှုဖွင့်ခိုင်း ကိုစိုးလွင်နဲ့ နယ်ထိန်းအဖွဲ့ ဖြန့်ခွဲရာကြဗျာ။ ဒီလို အတင့် ရဲ ခိုးတဲ့ သူခိုးမိတော့ ထိုက်သင့်တဲ့ ပြစ်ဒဏ်ပေါ့ဗျာ။ ကဲ ကိုတင့်ဆွေ ... ဆရာစိုးလွင်နဲ့ လိုက်သွားလိုက်"

ဒုရဲအုပ် စိုးလွင်မှ စခန်းမှူးအား အလေးပြု၍အကူ အညီတောင်းခံသော ကိုတင့်လွင့်အားခေါ်ဆောင်သွားတော့ သည်။

"ဆရာကြီးရေ ဒီကိုတင့်လွင်ကို ခဏခေါ်ထားပြီး





အမှုဖွင့်ထားလိုက်ပါဗျာ။ ကျွန်တော် နယ်ထိန်းတပ်ဖွဲ့ဝင် တွေ စုစည်းလိုက်ဦးမယ်။ ကိုတင့်လွင် ဒီမှာ ခဏစောင့်နေ နော်"

မှုခင်းရဲအရာခံမောင်ကိုအား မှာကြား၍နယ်ထိန်း ရုံးခန်းထဲသို့ ဒုရဲအုပ်စိုးလွင်မှ ဝင်ရောက်သွားပြီးနယ်ထိန်း တပ်ဖွဲ့ဝင်များ စုစည်းနေသည်။ အချိန်ကား ည(၈)နာရီ ကျော်လေပြီ။ နယ်ထိန်းအဖွဲ့လူစုံ၍ အဆင်သင့်ဖြစ်သော အခါတွင် ရဲအရာခံ မောင်ကိုထံသို့ ပြန်ရောက်လာပြီး...

"ဆရာမောင်ကို အမှုဖွင့်ပြီးပြီလား"

"ဟုတ်ကဲ့ဆရာ"

"ကဲ... ကိုတင့်လွင် ကျွန်တော်တို့အဖွဲ့နဲ့ တစ်ခါ တည်းလိုက်ခဲ့တော့"

ဆိုင်ကယ်ပျောက်ဆုံးသွားသည့် ပိုင်ရှင်ကိုတင့်လွင် အားခေါ်ဆောင်၍စခန်းမှစတင်ထွက်ခွာလာကြတော့သည်။ ကူညီပါရစေဆိုသည့် ဆောင်ပုဒ်အရထမင်းတောင်မစားနိုင် ပြည်သူမှတောင်းခံလာသည့် အချိန်၌တရားခံအား ဖမ်းဆီး နိုင်ရေး အရေးကြီးသည်။ ထို့ကြောင့်ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့များ။နယ်



www.burmeseclassic.com

www.burmeseclassic.com



ထိန်း တပ်ဖွဲ့ဝင်များ လူစုခွဲ၍ ဆိုင်ကယ်အား ရှာဖွေကြတော့သည်။ နေရာအနှံ့ ခြေဆန့်သည်။ တောင်ငူအမှတ် (၂) ရဲတပ်ဖွဲ့သို့လည်း အကြောင်းကြားပြီး ၄င်းနယ်မြေမှတွင် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်စောမောင် အဖွဲ့မှလည်း လိုက်လံရှာဖွေသေးတော့သည်။ ညပိုင်း(၂)နာရီကျော်လေပြီ။ တပ်ဖွဲ့ဝင်များ ပင်ပန်းခြင်း၊ နွမ်းနယ်ခြင်းများနှင့် ထမင်းဆာသည့်ဒဏ်က ပို၍ခံစားနေရသော်လည်း ပြည်သူ့အတွက် တာဝန်ကို တိတိကျကျ ဆောင်ရွက်သည်။ အမှတ်(၁) ရဲတပ်ဖွဲ့စခန်းအပိုင် နယ်မြေအထိကုန်သွားပြီး၊ ဟိုဘက် နယ်နိမိတ် နယ်စပ်သည် ကျွန်းကုန်းရဲတပ်ဖွဲ့အပိုင် နယ်မြေထဲ ပြန်လှည့်၍ ရပ်ကွက်ထဲ လှည့်လည်စုံစမ်းသည်။ ဘာသတင်းအစအနမှ မရဘဲ အချိန်မနက် (၄)နာရီ ထိုးတော့မည်။ ရ.ယ.က ဥက္ကဋ္ဌမှနေ၍...

"ဆရာ စိုးလွင်ရေ ....ကျွန်တော်တို့တော့မိုးလင်းတော့မယ်နဲ့တူတယ်ဗျာ"

"ဥက္ကဋ္ဌရယ် မှုခင်းတစ်ရပ်ဖြစ်ပေါ်လာရင်တော့ မိုးလင်းမယ်၊ မိုးချုပ်မယ် ဘယ်ရှိပါ့မလဲ။ ကျွန်တော်တောင် ယခုထိ ထမင်းမစားရသေးဘူးဗျာ"





ထို့ပြင် ဆိုင်ကယ်သတင်း ဘာမှထူးခြားချက်မရှိ။ သတင်းအစအန မရဘဲ ရှိနေတော့သည်။

သို့ဖြင့် နယ်ထိန်းအဖွဲ့များ ဆုံရပ်တွင်ပြန်လည်ဆုံမိကြသည့်အခါတွင် မနက် (၅)နာရီခွဲပြီ။ ရန်ကုန်-မန္တလေး ကားလမ်းမ မိုးအလင်း လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်ဝင်သောက်ကာ ဗိုက်ဖြည့်လိုက်ကြတော့သည်။ ဗိုက်ဖြည့်၍ စခန်းသို့ ပြန်ရောက်တော့ မိုးစင်စင်လင်းသွားပြီး တစ်မှေးမှ မအိပ်လိုက်ရ။

"ကဲ .... ကိုတင့်လွင် ကျွန်တော်တို့အားလုံး ခင်ဗျားအမြင်ပဲ လိုက်ရှာကြ၊ စုံစမ်းကြနဲ့ အတော်လေး ပင်ပမ်းနေပြီ။ ဘယ်လိုက ဘယ်လို ရပ်ထားတာက ပြန်စပေးစမ်းပါဦး"

"ကျွန်တော် .... ကျွန်တော် .... မလိမ်ချင်တော့ပါဘူး ဆရာ"

"ဗျာ .... ခင်ဗျား ကျွန်တော်တို့ကို လိမ်နေတယ်ဟုတ်လား"


"ဟုတ်ပါတယ် ဆရာ အမှန်က အဖြစ်က ဒီလိုပါ"



www.burmeseclassic.com

www.burmeseclassic.com





တရားခံစီးသော မော်တော်ဆိုင်ကယ်



"ဒီလို မမှန်သတင်းပေးပြီး ကျွန်တော်တို့ကို ဒုက္ခပေးတာပေါ့"

"ဒီလိုလည်း မဟုတ်ရပါဘူးဆရာ။ ကျွန်တော် လျှော်ရမှာ ကြောက်လို့"

"ဘာလဲဗျ .... ခင်ဗျားဟာ မရှင်းမရှင်းနဲ့ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

"ဒီဆိုင်ကယ်က ကျိုက်ပွဲမြို့မှာနေတဲ့ ကျွန်တော့်သူငယ်ချင်း လှသိန်းပိုင်ဆိုင်တဲ့ ဆိုင်ကယ်ပါ။ သူ့ထံက ကျွန်တော်ငှားစီးခဲ့တာပါ"

ဒုရဲအုပ်စိုးလွင်မှာတရားလိုမှတရားခံဖြစ်သွားသော ပြည်သူ့ဝန်ထမ်းအား မမှန်သတင်းပေးသူ တင့်လွင် (ခ) ချစ်မောင် ပြောသမျှ နားစိုက်ထောင်နေတော့သည်။

"ဘယ်သွားမလို့ ငှားစီးလာတာလဲ"

"နန်းချွန်းဘက်ကို သွားမလို့ပါ"

"အဲဒီတော့ ဘာဖြစ်သလဲ"

"အဲဒီလို ကျွန်တော့်ဆိုင်ကယ်ကို မောင်းနှင်လာ င်း တောင်ငူမြို့နှင့်ကျွန်းကုန်းအကြားနှစ်ဆောင်ပြိုင်လမ်း အနီးရောက်မှ ဆိုင်ကယ်မှ ပလပ်မီးပွင့်ပြီး မီးလောင် ယ်ဆရာ"

ခင်တာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မီးလောင်တော့ ...."

"အဲဒီလို မီးလောင်တော့ ကျွန်တော်လည်း ငြိမ်းသတ်ပါသေးတယ်။ တစ်ယောက်တည်းအားနဲ့ မီးတောက်က ပိုကြီးလာတယ်။ ကျွန်တော်လည်း ဘာလုပ်ရကိုင်ရမှန်းမသိဘဲ ကားလမ်းဘေး လယ်ကွင်းထဲကို ထွက်ပြေးခဲ့တယ် ဆရာ"

"မော်တော်ဆိုင်ကယ်ကို ဒီအတိုင်းထားခဲ့သလား"

"ကျွန်တော် ရန်ကုန် – မန္တလေးသွားတဲ့ ရထားလမ်းပေါ်ကိုရောက်တော့ မော်တော်ဆိုင်ကယ်က ပေါက်ကွဲသံ ကြားလိုက်ရတယ်။"

"မင်းက ဆက်ပြေးသွားခဲ့တယ်ပေါ့"

"ကျွန်တော်ပို၍ ကြောက်သွားတယ်။ နောက်ပြီး မော်တော်ဆိုင်ကယ် မီးလောင်ပေါက်ကွဲ သွားတဲ့အတွက် ပိုင်ရှင်ကို ကျွန်တော်ပေးလျော်ရမှာကြောက်တာရယ်၊ ဒီအမှုက လွတ်အောင်ရယ် အမှုဖွင့်အကူအညီတောင်းခဲ့တာပါ ဆရာ"

"ကလင်.. ကလင်.. ကလင်.."





တယ်လီဖုန်း၏ အသံပေး ခေါ်ဆောင်နေသောကြောင့် စကားစဖြတ်ပြီး ဒုရဲအုပ်စိုးလွင်မှ တယ်လီဖုန်းအား သွားရောက်ကိုင်ဆောင်လိုက်သည်။

"ဟုတ်ကဲ့.. တောင်ငူ အမှတ် (၁) ရဲတပ်ဖွဲ့စခန်းက ဒုရဲအုပ်စိုးလွင်ပါ။ ဘာအကူအညီပေးရမလဲ ခင်ဗျာ"

တစ်ဖက်ဖုန်းမှနေ၍..

"ကျွန်တော် ကျွန်းကုန်း ရဲတပ်ဖွဲ့က ရဲအုပ် ဘိုဝင်းပါ၊ ဆရာတို့၊ ကျွန်တော်တို့ နယ်မြေစပ်ကြား နယ်မြေထဲမဟုတ်ဘဲ ကျွန်တော့်အပိုင်နယ်မြေထဲမှ မနေ့ည ၆ နာရီလောက်က မော်တော်ဆိုင်ကယ် မီးလောင်ကြောင်းသတင်းရလို့ ကျွန်တော်ချက်ခြင်း အခင်းဖြစ်တဲ့နေရာကို သွားကြည့်တော့ မော်တော်ဆိုင်ကယ် မောင်းနှင်သူ မရှိဘူး ဖြစ်နေတယ်။ ထွက်ပြေးတိမ်းရှောင်နေတယ်။ ဆိုင်ကယ်မောင်းနှင်သူ မည်သူမည်ဝါမှန်း မသိသေးဘူး။ စခန်းမှာတော့ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၉၇ နဲ့ အမှုဖွင့်ထားထယ်"

"အတော်ပဲ ဗိုလ်ကြီးရေ .. အဲဒီအမှုကိုပဲ ခု ကျွန်တော်စစ်နေတာ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အား.. မိုလ်ကြီးရေ ကျွန်တော်တို့တော့ တစ်ညလုံး မအိပ်ရသေးဘူး။သူ့ကို ကျွန်တော်တို့ စခန်းကလည်း ပုဒ်မ၁၈၂ နဲ့ ဖွင့်ပြီး တရားစွဲမယ်။ စစ်ဆေးပြီးရင်မိုလ်ကြီးတို့ဆီက လာခေါ်လိုပါတယ်"

"အေးဗျာ.. ကျေးဇူးပါပဲ.. ဒုရဲအုပ် တင့်ဆွေကို ကျွန်တော် လွှတ်လိုက်ပါ့မယ်"

"ဟုတ်ကဲ့ခင်ဗျာ.."

အဖြေက ရှင်းသွားသည်။ ဤအကြောင်းအခြင်း မှုခင်းဖြစ်စဉ် အကြောင်းစုံအား ရဲအုပ်သက်ဆွေထံ သတင်းပေးပို့ကာ တရားခံအား အမှုဖွင့် အရေးယူ၍ အချုပ်ခန်းထဲသို့ ထည့်လိုက်တော့သည်။

ညထဲက မေးစက်ခြင်းမရှိခဲ့စေသော ဒုရဲအုပ် စိုးလွင် နယ်ထိန်းတပ်ဖွဲ့ဝင်များမှာ မေးငိုက်မည့်အချိန် မပေးနိုင်ဘဲ ယူနီဖောင်းလဲ၍ စခန်းမှူး ဆက်လက်တာဝန်ပေးသော ဝတ္တရားများကို ဆက်လက်ဆောင်ရွက်ရင်း...

"အင်း ကိုယ်လွတ်ရုန်းသမား ရဲတပ်ဖွဲ့ကိုလှည့်စားအကြံများတဲ့အတွက် လူ့ဘဝအမှုအထွေထွေ ဘဏ်တိုက်ကြီးထဲမှ ပညာရလိုက်တယ်ဗျာ" ဟူ၍သာ ရေရွတ်ရင်းဖြင့်





၂၇.၁၁.၉၈ ရက်နေ့ ညနေ ၆ နာရီက ကိုယ်တွေ့ကြုံသည့် ဖြစ်ရပ်မှန်မှုခင်းကို တင်ပြရင်း ဥပဒေကို လှည့်စား၍ မရနိုင်ကြောင်း သာဓကပြုလိုက်ရပါ၏။

ကိုယ်ကျိုးစွန့်စရိုက်ကိုမြှောက်ကြ

နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို စောင့်ရှောက်ကြ



www.burmeseclassic.com

www.burmeseclassic.com





ခင်တာယ





ဥပဒေဘောင်တွင်း
နေထိုင်ခြင်း
အေးကောင်းရန်ကွာ
ပြည်သာယာ

www.burmeseclassic.com

www.burmeseclassic.com



**ပြစ်မှုမှန်သမျှ**
**ဆွေးရိုးမရှိ**

**မြို့တော်အတွင်း ဒုစရိုက်သမားများအတွက်**
**နေရာမရှိစေရ**





**သတင်းထောက်ခင်**

# အာဃာတတရားရဲ့ လက်တုံ့ပြန်ချက်



www.burmeseclassic.com

www.burmeseclassic.com







# အာဃာတတရားရဲ့ လက်တုံ့ပြန်ချက်

တောင်ငူမြို့နယ်ကျွန်းကုန်းနယ်အပိုင် ပဲချက်ကုန်းကျေးရွာအုပ်စု၊ထန်းပင်ကောက်ကျေးရွာသည် မြန်မာ့ဓလေ့ကျေးတောရွာကလေးဖြစ်သည့်အလျောက် အိမ်ကြီးအိမ်ကောင်းများရှိလေသည်။ အနောက်ရိုးမတောသို့ တက်ရောက်၍ ထင်းခုတ်တောင်ယာစိုက်၊ အင်ဖက်ခူး၊ လက်သမားအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်း ရှာဖွေစားသောက်ကြသည်။ ညနေပိုင်း အလုပ်ကိုယ်စီကိုယ့်ငှ၊ ငြိမ်းချိန်ဝယ် အမောပြေအပန်းလည်းပြေရန်အရက်သောက်ခြင်း

ခင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဈေးရက်မင်းစည်းစိမ်ကို ယူတတ်ကြသည်။ တစ်မျိုးက အရက်သောက်ပြီး သွေးဆိုးကြသည်။ တချို့ကျတော့ သည်အရက်ကလေး ဝမ်းထဲကိုဝင်သွားသည်နှင့် အရက်၏ အရသာ အရှိန်တက်နေခြင်းကို ငြိမ်ခံယူ၍ နေတတ်ကြ သည်။ အချို့ကအရက်ကလေးသောက်ပြီးရင် ဇာတိဂုဏ်ကို ပြတတ်လေသည်။ မိမိကျေးရွာအတွင်းလမ်းသလား၍အော် ဟစ်ဆဲဆို ကြိမ်မောင်းနေသည်။ ကျေးရွာထဲတွင်မတော့ အမူးသမား၊ အရူးသမားကိုတော့ဖြင့် လစ်လျူရှုထား လိုက်သည်။ သွေးဆိုးသည့်အထဲတွင် ထန်းပင်ကောက် ကျေးရွာမှ မောင်စုလည်းပါဝင်သည်။ မောင်စုအသက်(၂၅) နှစ်ကျော်၍ (၂၈)နှစ်ထဲ ဝင်တော့မည်။ လူငယ်တို့၏ သဘာဝကို အခြေခံ၍ အရက်ကို ကြိုက်၍သောက်သည်။ အရက်သည်သာကိုးကွယ်ရာ၊ အားထားရာထင်မှတ်နေသူ။

ဒီနေ့အဖို့တော့ အလုပ်ကလည်း ပြတ်နေသည်။ ဒီ တော့ ဇီးပင်သာကျေးရွာရှိ သူငယ်ချင်းများထံသို့ သွား ရောက်လည်ပတ်ရင်း အရက်သောက်ရန် မိမိရွာမှနေ၍ ထွက်ခဲ့ပြီး ဇီးပင်သာကျေးရွာတွင် သူငယ်ချင်းချက်ကြီးနှင့်





တွေ့ အရက်သောက်၍ ချက်ကြီးမှ

"ကဲ . . . မောင်စု မင်းသောက်ပြီးရင်တော့ရွာကို ပြန်တော့၊ ငါလည်း ရေချိန်ကိုက်နေပြီ . . ဒီတော့ အရက် ဖိုး ငါရှင်းပေးလိုက်မယ်"

"နေစမ်းပါဦး . . . ချက်ကြီးရ၊ ငါရေချိန်မမှန် သေးဘူးကွ"

"ဟာ . . .မင်းဟာကလွန်တယ်။အရက်နှစ်ပုလင်း လောက် ရေချိန်မကိုက်သေးဘူးဆိုတော့၊ မင်းသိပ်မူးနေရင် ရွာပြန်ဖို့ မင်းခက်နေမှာပေါ့ကွ"

ချက်ကြီးက ဖေးဖေးမမဖြင့် မောင်စုကို ပြောသော် လည်း မောင်စုမှာ အမျိုးမျိုးစကားများဖြင့် ထပ်မံသောက် ရန်အတွက် ပြောဆိုနေသောကြောင့် ချက်ကြီးက . .

"အေးကွာ . . မင်းသောက်ချင်နေသေးတယ်ဆိုရင် တော့ နောက်တစ်ပုလင်းသောက်၊ ငါရှင်းပေးလိုက်မယ်၊ သောက်ပြီးရင်မင်းရွာကိုပြန်တော့၊ငါအနောက်ရိုးမထဲထင်း ခုတ်ဦးမယ်"ဟု ပြောဆိုကာ အရက်ဆိုင်တွင် ကျသင့် ငွေများကို ရှင်းလင်းပေးပြီး ချက်ကြီးနေအိမ်သို့ပြန်ခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ မောင်စုလည်း ချက်ကြီးပြန်သွားပြီးနောက် အမြည်းဖြစ်သော ပကြီးလျော်ကို ဝါးရင်းစားရင်း နောက်







ထပ်တစ်ပုလင်းကုန်၊ ရေချိန်လည်းပို၍ ကိုက်လာခဲ့တော့သည်။ပါးစပ်မှလည်းတွေ့ကရာတွေကိုအော်ဟစ်မြည်သံပြီး ဦးပင်သာကျေးရွာ၊ရွာလမ်းလမ်းမအတိုင်း၊ ဒယိုင်ဒယီးဖြင့် မိမိကျေးရွာသို့ ပြန်လာခဲ့တော့သည်။

ဟော့ . . ပျော်တယ်ကွ . . ဟား . . ဟား . .သိပ်ပျော်ဖို့ကောင်းပဲ၊ ဒီရွာထဲက မိန်းမတွေ ငါ့ကိုလာကြည့်ကြပါဦး. .” ပြေဆို၍လာရင်း ခေါင်းထဲချာချာလည်နေသည်။

အရက်သောက်စားခြင်း ထိုနံ့စော် ဆိုးဝါးလှသော အသူရာ၊ ခါးအန့်သောရန်သူ အသူရာရည်ကို သောက်မိျုမိသူ မပြောမဆိုအပ်သော စကားများစွာကိုလည်း ပြောသည်။ ကြောက်လုံချည်ကွင်းသိုင်း၍ သွားသည်။ ရဲစိတ်၊ ရဲမာန် အစုအဝေးဖြင့် အားအင်ထဲစု၍ ရောက်လာသည်။

ဤသည်ကိုကား မောင်စုက အဖော်အဖြစ်သတ်မှတ် ဦးပင်သာရွာလယ်လမ်းနားထိ မူးမူးဖြင့်သွားရောက်နေစဉ် လာသောရွာသားများက အမူးသမားမောင်စုကိုမြင်တော့ တားကြသည်။ ဒါကို သူ့ကိုယ်သူ အဟုတ်ကြီးထင်သည်။ လျှောက်သည်။ ဦးဖိုးခွေးတို့ခြံရှေ့အရောက်မိုးဝေမှလမ်းလျှောက်လာရာ မောင်စုကဝင်ရောက် တိုက်မိုက်



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ဖိုးဇော်က . . .

"ဟာ . . ဗျာ . . ခင်ဗျာ . . ဒီလောက်လမ်းမအကျယ်ကြီးကို ဝင်တိုက်ရသလားဗျာ"

ပြောလိုက်သဖြင့် မောင်စုက ဖိုးဇော်ကိုမော့ကြည့်ပြီး

"ဟေ့ကောင် တိုက်တော့ဘာဖြစ်သလဲ . အတိုက်မခံချင် မင်းရှောင်ရမှာပေါ့ကွ၊ ငါလာနေတာ မင်းမြင်သားပဲ"

"ခင်ဗျားသိပ်မူးနေရင်လည်း တစ်အိမ်အိမ်မှာသွားအိပ်ဗျာ"

"ဘာလဲကွ . .မင်းကငါမူးနေတယ်ထင်လို့လား"

အရက်မူးသမားကို မူးပါတယ်လို့ပြောရင် အရက်သမားတိုင်းမကြိုက်။

"ငါမူးနေတာမဟုတ်ဘူး . . မင်းသိပ်မူးနေတာ အိပ်ချင်းအိပ်၊ မင်းကသာ အိမ်ကိုပြန်အိပ်ရမယ်"

"တော်တော့ဗျာ၊ ခင်ဗျားကို ကျွန်တော်ထိုးမိလိမ့်မယ်"





"အံမာ . . အံမာ . . ခွေးပါးစပ်က နတ်စကားထွက်လို့ ဟေ့ ဒီရွာထဲကလူတွေကိုတစ်ယောက်မှဂရုမစိုက်ဘူးကွ"

မောင်စုမူးမူးဖြင့် လှမ်းအော်၍ ဆဲဆိုလိုက်ပြီး ဖိုးဇော်ကို ပါးတစ်ချက်လှမ်းထိုးလိုက်ရာ ဖိုးဇော်မှရှောင်လိုက်သဖြင့်မထိုးမိပဲမောင်စုမှာချာချာလည်၍ လဲကျသွားတော့သည်။ ဖိုးဇော်မှ

"ဟာ . . ဒီကောင် . . ငါတို့ရွာကိုလာပြီးအရက်မူးလာသောင်းကျန်းနေတယ်၊ ခွေးမသား . . ကဲကွာ ဒီလောက်တောင်ဖြစ်လှတာ တို့ရွာမှာ လူမိုက်လာလုပ်ဦး"

ဟုပြောဆို၍ လဲကျနေသည့် မောင်စုအား ခြေထောက်ဖြင့်ကန်ကျောက်နေလိုက်သည်။ ထိုအချိန်တွင် ရွှေသီးမှာလည်း ယင်းအနီးသို့ရောက်လာ၍ ဖိုးဇော်တို့ မြင်ကွင်းအားကြည့်ပြီး

" ဟေ့ကောင် . . ငဇော် . . ဘာဖြစ်နေတာလဲကွ"

"ဒီမှာ တစ်ခြားရွာသား . . ငါတို့ရွာမှာလာပြီး အရက်မူး လူစွမ်းကောင်းလုပ်နေတယ်ကွ . . အဲဒါ [illegible]



www.burmeseclassic.com

www.burmeseclassic.com



နေတာကွ”

ထိုအခါမောင်စုက လဲကျနေသည့် မြေပေါ်မှပြန်ထလာပြီး . . .

“ဘာလဲကွ . . မင်းတို့က လူမိုက်တွေလား” မေးရာ ရွှေသီးက . .

“ ဟေ့ကောင် . . မင်းရွာကို မင်း အေးအေးဆေးဆေးပြန်တော့ကွာ”

“မပြန်တော့ မင်းတို့ ဘာလုပ်ချင်လို့လဲကွ”

“ဟာဗျာ . . ပြောရခက်လိုက်တာ”

“မင်းတို့က ဘာလဲ . . သူကြီးလား . .ကဲကွာ. . . ဒါငါ့လက်သီးကွ”

ဟု ပြောဆို၍ ရွှေသီးမေးစေ့အား ထိုးချလိုက်ရာ အလစ်အငိုက်တွင် မောင်စုက ရွှေသီးကိုထိုးလိုက်သဖြင့် လဲကျသွားကာ ဖိုးဇော်မှာ အမူးသမားမောင်စုကိုလက်သီးဖြင့် ဘယ်ညာဆင့်၍ထိုးလိုက်ရာ မောင်စုမြေကြီးပေါ်တွင် လဲကျသွားတော့သည်။ ဤ အဖြစ်အပျက်ကို ဇီးပင်သာကျေးရွာမှ ရွာသားများ အစမှအဆုံး လူအများဝိုင်းအုံရောက်ရှိလာကြပြီး မူးယစ်ရမ်းကားနေသူ မောင်စုအား





ဝိုင်းဝန်းဖမ်းဆီးကာ ကြိုးဖြင့် တုပ်နှောင်ထားလိုက်တော့သည်။ မောင်စုကလည်းကြိုးဖြင့်တုပ်နှောင်ထားသည့်ကြားထဲမှ---

ကျွန်းကုန်းရဲတပ်ဖွဲ့ စခန်းမှူးရဲအုပ်ဘိုဝင်းမှ ရာဇဝတ်မှုကျူးလွန်သူ တရားခံများစွာကို တရားဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ရာတွင် စွန့်စွန့်စားစားဖြင့် နိုင်ငံတော်တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်ရာတွင်လည်းကောင်း၊ အမှုမှန်ဖော်ထုတ်ရေးတွင်လည်းကောင်း၊ လျင်မြန်ဖျတ်လတ်နိုးကြား ကြိုးစားပြီး ယခုလည်း ၄င်းတပ်ဖွဲ့ဝင် နယ်ထိန်းများ ရဲတပ်ဖွဲ့များကို နေရာအနှံ့ ဖြန့်ခွဲ၍ တရားခံ မောင်စုအား ရှာဖွေဖမ်းဆီးရမိနိုင်ရန် စုံစမ်းထောက်လှမ်းနေခဲ့သည်။ ဖွဲ၊ လုံ့လတော့ ရဲအုပ်ဘိုဝင်းတို့မလျော့၊ ရဲတပ်ဖွဲ့ဝင်နှင့် တရားခံ၊ လိုက်သူနှင့်ပြေးသူမြေလှိုးမိုးပျံ၍ လိုက်ဖမ်းဆီးမည်သာ။ ဘာမဟုတ်သည့်မြို့ရွာနယ်မြေ ပိုင်းဝေခွဲခြား၊ နမြောဝန်တို၊ အကြည့်မလိုလား၊မြေကျူးဝင်မခံ အတ္တဆန်သည့်ဒေသအစွဲ၊ ရပ်ဝန်းခွဲမှုကြောင့် တောင်ပိုင်း၊ မြောက်ပိုင်း၊ ကျေးရွာပိုင်းနှင့်ဧချာခြင်းနီးကပ် ဘေးချင်းကပ်သည်၊ လူနေစုဝေး၊ နယ်ပယ်



www.burmeseclassic.com

www.burmeseclassic.com



လေးတွင်ပင် မှုးယစ်ရမ်းကား အတ္တစွဲမှုကြောင့် ရန်လိုရန်ဖက် ဒေါသမုန်တိုင်းထန်ခဲ့သေးသည်ကိုရဲအုပ်ဘိုဝင်းသဲဓာ ဂရုနေလေသည်။

"ဗိုလ်ကြီး"

စခန်းမှူးရုံးခန်းထဲတွင်ရဲအုပ်ဘိုဝင်းသောကမျှတာဖြင့် ကြုံရသော မှုခင်းအတွေ့တွေအား သုံးသပ်စဉ်းစားနေစဉ် နယ်ထိန်းရဲတပ်ကြပ်ကြီးမှ အလေးပြုခေါ်လိုက်သဖြင့်

"အော်--ဘယ်လိုလဲနယ်ထိန်းကြီးရဲ့မောင်စုသတင်း အခြေအနေက"

"ဟုတ်ကဲ့---အခုပဲ ဗိုလ်ကြီးကို ထူးခြားဖြစ်စဉ်ကို လာရောက်သတင်းပေးတာပါ"

"ဘာထူးခြားမှုရှိသလဲ ကဲ---ထိုင်ပါဦး---"

စခန်းမှူးကြီး၏ ရှေ့စားပွဲတွင်ရှိသော ထိုင်ခုံတွင် တိုင်နိုင်းလိုက်ပြီး ရဲတပ်ကြပ်ကြီးမှ

"လူသတ်တရားခံပြေး မောင်စုကိုကျွန်တော့်ရဲတပ်ဖွဲ့ဝင်တွေ စုံစမ်းထောက်လှမ်းတာ ဘာမှ ခြေခြေမြစ်မြစ် သတင်းစုံစမ်းလို့မရဘူး"

"အေးလေဗျာ---ဒီတော့"





"မောင်စုရဲ့သတင်းကလည်း ပျောက်ချက်သားကောင်းနေတော့ တရားခံဘက်ကလျော့တွက်ထားမှာပဲဆိုပြီး ဗိုလ်ကြီးစိမ်ချက်အတိုင်း ကွင်းဆက်တွေ တစ်ခုခြင်း လိုက်စုံစမ်းတော့ "

"တွေ့ခဲ့ပြီမဟုတ်လား"

"ဟုတ်ကဲ့တွေ့ခဲ့ပါတယ်၊မောင်စု အခုရှောင်ပြေးပုန်းအောင်းနေတဲ့ နယ်မြေက နည်းနည်းတော့ဝေးတယ်"

"ဘယ်လောက်ဝေးလို့လဲဗျာ--"

"ကျွန်တော်တို့စခန်းနဲ့ဆိုရင် (၂၁)မိုင်လောက်ဝေးပါတယ်ဗိုလ်ကြီး"

"ဆက်ပြောဗျာ"

"စစ်တောင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာရှိတဲ့ကရင်ချောင်းကျေးရွာအုပ်စု ထုံးဘိုကြီးမှာဒီကောင်ရောက်နေတာကြာပြီ--ဒါကြောင့် ကျွန်တော်တို့ဒီကောင်ကိုဖမ်းဆီးဖို့အတွက်---"

"ကောင်းပြီလေဗျာ--- ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်တွေနဲ့အတူ ဖမ်းဖို့အတွက်မလုံလောက်ဘူး၊တပ်မတော်စစ်ကြောင်း၊နယ်မြေခံစစ်ကြောင်းတွေကို ကျွန်တော်အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



တောင်းခံပြီး ဝိုင်းဖမ်းကြတာပေါ့"

"ဟုတ်ကဲ့---ဗိုလ်ကြီး"

ကျွန်းကုန်းရဲတပ်ဖွဲ့စခန်းတွင် မောင်စုအားဖမ်းဆီးရမိနိုင်စေရန်အတွက် ရဲတပ်ဖွဲ့ဝင်များအား စုဖွဲ့၍စခန်းမှူးရဲအုပ်ဘိုဝင်းဦးဆောင်၍ ကရင်ချောင်းကျေးရွာအုပ်စု၊ ထုံးဘိုကြီးကျေးရွာ ရ.ယ.က ဥက္ကဋ္ဌ ဦးချစ်မောင်နှင့် ကျေးရွာရွာသားများ၊ ကျွဲရိုင်းကျေးရွာမှ ဦးသိန်းအောင်နှင့် ရွာသားများ၏ အကူအညီဖြင့် ဒေသခံလုံခြုံရေးတာဝန် ယူထားသော တပ်မတော်သားများဖြင့် ပူးပေါင်း၍ လူသတ်တရားခံပြေး မောင်စု ပုန်းခိုရာများသို့ ပိတ်ဆို့ ရှာဖွေဖမ်းဆီးလေတော့သည်။ တစ်အိမ်ပြီးတစ်အိမ် ရှာဖွေခဲ့ရာတွင် တရားခံမောင်စုမှာ ရှာဖွေ၍မရသေးဘဲ နောက်ဆုံး ထုံးဘိုကြီးကျေးရွာ ရွာအရှေ့ဘက်၏ အိမ်တဲလုံးတွင် ပုန်းနေကြောင်း သိရ၍ ယင်းတဲအား ပိတ်ဝိုင်းကာ ရဲအုပ်ဗိုလ်ဝင်းမှ အသံကျယ်ကျယ်ဖြင့်

"ဟေ့--မောင်စု--တို့ရဲတပ်ဖွဲ့ဝင်တွေမင်းအိမ်ကိုဝိုင်းထားလိုက်ပြီ၊ မင်းထွက်ပြေးဖို့မကြိုးစားပါနဲ့၊ ထွက်ပြေးလဲမင်းမလွတ်ပါဘူး"





ပြောလိုက်ရာ တဲအတွင်းမှ တရားခံပြေးမောင်စုက

"ခင်ဗျားတို့ ကျုပ်အိမ်အနားကို ကပ်မလာကြနဲ့နော်၊ ကျွန်တော်အသေသာခံသွားမယ်၊ ကပ်လာတဲ့သူ မလွတ်ဘူးမှတ်"

ရဲအုပ်ဗိုလ်ဝင်းမှ တပ်ဖွဲ့ဝင်များအား ဘယ်ညာစက်ဝိုင်းသဏ္ဌာန် ပြုလုပ်ပြလိုက်ပြီး အသင့်နေရာယူခိုင်းထားလိုက်သည်။ ရဲအုပ်ဘိုဝင်းက

"မောင်စု အခုအချိန်ကစပြီး မင်းကို (၅)မိနစ်အချိန်ပေးမယ်၊ မင်းအေးအေးဆေးဆေး တရားဥပဒေအရ ဖမ်းဆီးခြင်းကို မင်းခံယူပါ၊ ပြန်လည်ခုခံထွက်ပြေးမယ်ဆိုရင် သေနတ်နဲ့ ပစ်ခတ်ဖမ်းဆီးရလိမ့်မယ်"

"မလိုချင်ဘူး၊ ခင်ဗျားတို့ မလာကြနဲ့နော်"

စခန်းမှူးရဲအုပ်ဘိုဝင်း အကြိမ်ကြိမ်မေတ္တာရပ်ခံ၍ ပြောကြားနေသော်လည်း မရရှိသဖြင့်ရဲအုပ်ဘိုဝင်းဆုံးဖြတ်ချက်တစ်ခု ချလိုက်တော့သည်။ ရဲတပ်ဖွဲ့ဝင်ဖြန့်ခွဲနေရာယူထားသည့်နေရာနှင့် တဲအိမ်အကွာအဝေးမှာ ဝါးနှစ်ပြန်အကွာတွင်ရှိနေပြီးတဲအတွင်းမှတရားခံမောင်စုအားဝင်ရောက်ဖမ်းဆီးပါကတပ်ဖွဲ့ဝင်များထိခိုက်ဒဏ်ရာမရရှိစေရေး၊၄င်း



www.burmeseclassic.com

www.burmeseclassic.com



နောက် တရားခံမောင်စုသည် ဝှန်းအတွင်းမှထွက်ပြေးသွား ခဲ့သော် ရွာအပြင်စည်းတွင် ဒေသခံလုံခြုံရေး တပ်မတော် စစ်ကြောင်းရှိသည်။ တရားခံ ထွက်ပြေး လွတ်မြောက်စရာ မရှိ။

"ကောင်းပြီ မောင်စု၊ အခုငါ တစ်ကနေတစ်ဆယ် အထိအမှတ်စဉ်ရေတွက်မယ်၊မင်းအမှတ်စဉ်တစ်ဆယ်ပြည့် လို့မထွက်လာရင်တော့ အသေပစ်ခတ်ဖမ်းဆီးမယ်၊ ဒါပဲ"

ဟုပြောကြားလိုက်သည်။ တဲအတွင်း ဘာအသံမျှ မကြားရ။

"တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်" နံပါတ် ခြောက်အရောက်တွင် မောင်စုတစ်ယောက် ဦးခေါင်းပေါ် လက်နှစ်ဖက်မြှောက်ကာ

"ဗိုလ်ကြီး တကယ်မပစ်လိုက်ပါနဲ့၊ကျွန်တော်အဖမ်း ခံပါတော့မယ်၊ ကျွန်တော်လာနေပါပြီခင်ဗျာ"

တပ်ဖွဲ့ဝင်များမောင်စုကိုယ်ပေါ်အနံ့ရှာဖွေ၍လက် ထိပ်ခတ်လိုက်ကာ တရားခံမောင်စုအား ကျွန်းကုန်းရဲတပ် ဖွဲ့စခန်းသို့ ခေါ်ဆောင်ခဲ့တော့သည်။ လိုအပ်သောစစ်ဆေး မှုများပြုလုပ်ကာ တရားခံမောင်စုမှာလည်း မိမိသည် နှိ





ဆန္ဒအလျောက် ဖြောင့်ချက်ပေးပါကြောင်း ပြောဆိုသဖြင့် တောင်ငူမြို့နယ်၊ ဒုမြို့နယ်တရားသူကြီးဦးဌေးဝင်းထံတွင် ဖြောင့်ချက်ပေးလေတော့သည်။ ကျွန်းကုန်းရဲတပ်ဖွဲ့စခန်းမှ လူသတ်တရားခံပြေးမောင်စုအား ရဲလုပ်ထုံးလုပ်နည်း ကုန် စင်အောင် ပြုလုပ်လျက် တရားစွဲဆိုတင်ပို့ခဲ့တော့သည်။

"ဟူး---"

လေပူတစ်ချက်မှုတ်၍ လက်ကိုင်ပုဝါဖြင့်နဖူးပြင်မှ စီးကျလာသော ချွေးများကိုသုတ်လိုက်ရင်း ပြုံးသူ မှားယွင်း စောင်နှင်းသည့်တိုင် မိမိဘက်မှတရားဥပဒေဘောင်အတွင်း အနိုင်ယှဉ်နိုင်ပါလျက် ရန်ကိုရန် ချင်း လက်တုံ့ပြန်နှင်းခဲ့ သော် အရက်သေစာသောက်စားခဲ့၍ဝေခွဲရန်အချက်ကြောင့် အမှားကြီးမှားခဲ့လေစွ။အမှားတကာတို့၏ထိပ်ခေါင်အမိုက် မှောင်ကိုတိုးဝင်ရေ့ကိုလက်မတွန့်အမှောင်လမ်းကိုဆက်၍ ဆက်ကာ တိုးဝင်ရာခဲ့သဖြင့် တရားဥပဒေအရ အရေးယူခံ ရခြင်းသည် ရန်ကိုသတ်၍ ဥပဒေဘောင်အတွင်း မဖြေရှင်း ခြင်း၏ ဆိုးကျိုးဖြစ်စေကြောင်း ကောင်းကောင်းကြီး သင်



www.burmeseclassic.com

www.burmeseclassic.com



ခန်းစာ ရမိလိုက်ပါတော့သည်။ ဪ . . အရှုံးကိုဝယ်ယူမိလေပြီ၊ လက်တုံ့ပြန်ပါကအမှား၏နောက်ဆုံးဝယ်နှောင်တာရမည်ဆိုတာ သိကြပါစေ။ ဥပဒေဘောင်အတွင်းနေထိုင်ခြင်းဘေးကင်းရန်ကွာ လွန်ချမ်းသာကြပါစေလို့ဆုတောင်းမိလိုက်ပါတော့သတည်း။





www.burmeseclassic.com





အမျိုးသမီးငယ်များသတိထားဆင်ခြင်စရာဖြစ်ရပ်တစ်



အမှောင်ညမှငရဲခန်း

ဘဝမှောင် ဒုစရိုက်သမားတစ်သိုက်၏ ရိုင်းမိုက်သော အကြံဆိုး

တစ်ကိုယ်တည်းခရီးထွက်၊

ဘဝပျက်၍ မျက်ရည်ဝေရသော မိန်းမငယ်တစ်ဦး



ခင်တာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းအဖော်မပါ

ဘူတာရုံသို့ ရန်ကုန်စာပို့ အမြန်ရထား ဆိုက်လာသည်။ သာစည်ဘူတာတွင်းမှ ခရီးသည်များ လှုပ်လှုပ်ရွရွ ဖြစ်ကုန်သည်။ ရထားပေါ်သို့ အလုအယက်တက်ကြသည်။ မအေးချိုကလည်း ခရီးဆောင်အိတ်ကိုဆွဲကာ ရထားပေါ် တက်သည်။ သို့သော် ထိုင်စရာနေရာ မရတော့။

မအေးချိုတစ်ယောက် တောင်တွင်းကြီးမြို့မှနေ၍ မန်[redacted]မြို့ရှိ ညီအစ်ကို မောင်နှမများထံတွင် သွားရောက်လည်ပတ်ခဲ့သည်။အလုပ်အကိုင်ကောင်းမွန်ပါကအလုပ်လည်း လုပ်ကိုင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် တောင်တွင်းကြီးမြို့ မှနေ၍ သာစည်ဘူတာသို့လိုက်ခဲ့သည်။သာစည်ဘူတာရုံထဲခဏသာအနားယူရန် ခရီးသည်များထိုင်သည့် ခုံလွတ်တွင်ဝင်ထိုင်လိုက်ပြီးအပန်းဖြေနေလိုက်သည်။ခရီးကလည်း ပန်းတော့ အိပ်ချင်လာသည်။ အိပ်လို့မဖြစ်သေး။ ခရီးဆက်ထွက်ရဦးမည်။ ရထားပေါ်ရောက်မှ တစ်မှေးလောက် အိပ်မည်ဟု စဉ်းစားခဲ့သော်လည်း နေရာမရတော့ စိတ်ညစ် သွားရသည်။ လူသွားလမ်းတွင် နေရာယူမည်ပြုစဉ် အမျိုးသမီးကြီးတစ်ဦးမှ----





“လာ --- လာ၊ အန်တီအနားမှာ လာထိုင်ကွယ်၊ ခရီးထွက်လာတာက သမီးတစ်ယောက်တည်းပဲလား၊ အဖော်မပါဘူးလား”

“သမီးကဘယ်သွားမှာလဲကွယ်”

“ဩော်၊ ဟုတ်ကဲ့ရှင့်၊ ကျွန်မက ရန်ကုန်မှာရှိတဲ့ မောင်လေးတွေ ညီမလေးတွေထံ သွားလည်မလို့ပါအန်တီ၊ ဟုတ်ကဲ့ ကျွန်မတစ်ဦးတည်းပါပဲ၊ အဖော်မပါဘူး”

“သမီးတို့ အဖေအမေတွေက ဘာလုပ်ကိုင်စားကြလဲ” စကားကောင်းနေကြသည်။ ရထားက သာစည်ဘူတာမှနေ၍ ထွက်ခွာခဲ့တော့သည်။

“အဖေအမေတွေကတော့ တောင်ယာပဲ လုပ်ကိုင်စားသောက်ကြတာပဲ။ သမီးလည်း ရွာမှာဆို တောင်ယာပဲ လုပ်ကိုင်ရတာ၊ အရမ်းပင်ပန်းလွန်းလို့ အခု ရန်ကုန်မှာရှိတဲ့ မောင်လေး ညီမလေးထံ အလုပ် သွားရောက် လုပ်ကိုင်မယ်၊ အဲ အလည်သဘောနဲ့လည်းဖြစ်ပါတယ်”

မအေးချိုက ကျေးလက်တောသူဓလေ့အတိုင်း ပြုံးပြုံးရွှင်ရွှင်ဖြင့် ပွင့်လင်းစွာ တစ်လမ်းလုံး အန်တီကြီးနှင့် စကားပြောဆိုလာကြသည်။ ဘေးတွင်လည်း မိန်းမသား



www.burmeseclassic.com

www.burmeseclassic.com



ချင်းမို့ အိပ်ရေးပျက်သည်ကိုအတိုးချအိပ်လိုက်သည်။ အိပ်ရာ ကနိုးတော့ ညောင်လေးပင်ဘူတာ ရောက်နေပြီ။ သေးမှ အန်တီကြီးက ဒီဘူတာမှ ဆင်းမည်ဖြစ်သည်။ အန်တီကြီး ရဲ့ ထိုင်ခုံနေရာတွင် မအေးချို နေရာရလိုက်သည်။ အန်တီ ကြီးကလည်း----

"ခရီးထွက်တယ်ဆိုတာ အဖော်လေး ဘာလေးနဲ့ သွားရတာစိတ်ချရတယ်။ ကိုယ်ကမိန်းကလေးဆိုတော့ပိုပြီး ဂရုစိုက်ရမယ်။ အေးသေသေချာချာဂရုစိုက်သွား၊ ဟုတ် လား" ဟု မှာကြားသွားခဲ့သည်ကို ကြားယောင်ရင်း မှေး







ာန် အိပ်ပျော်သွားခဲ့သည်။ ဒိုက်ဦးဘူတာရောက်၍ ကြည့် ိုက်ရာ ရထားပေါ်မှခရီးသည်များ တစ်ယောက်တစ် ပေါက်ပြောနေကြသည်။

"ဟော့၊ ရထားစက်ခေါင်းပျက်လို့ မနက်ကျမှပဲခရီး ဆက်ထွက်မယ်လို့ပြောတယ်"

"ဟိုးဘက်သံလမ်းမှာ စစ်ရထားတွဲရှိတယ်။ လိုက် ျင်တဲ့ခရီးသည်တွေ လိုက်လို့ရတယ်လို့ပြောနေတယ်"

အသံတွေကအစုံ၊ မထူးတော့၊ ရသည့်ရထားဖြင့် န်ကုန်ကိုဆင်းရမည်၊ အချို့ခရီးသည်တွေကလည်း စစ်ရ ထားတွဲသို့ပြောင်းစီးနေသည်မို့ မအေးချိုလည်း အုတ်ရော ရောဖြင့် ရထားတွဲပေါ်မှဆင်းလာခဲ့ပြီးတစ်ဖက်ရထားလမ်း ကိုကျော်ပြီး စစ်ရထားတွဲပေါ်တွင် တက်လိုက်သည်။အချိန် တည့်နက်လှပြီ။ သန်းခေါင်ကျော်(၁)နာရီထိုးပြီး။ ရထား ပေါ်ရောက်တော့သိပ်မကြာလိုက် ရထားကစတင်၍ ခုတ် မောင်းလာသည်။ ရသည့်နေရာတွင်ဝင်ထိုင်လိုက်ပြီး မှေး၍ လိုက်လာခဲ့သည်။ ပဲခူးဘူတာရုံကို ရထားရောက်တော့ နံ နက်(၃)နာရီပင်ထိုးတော့မည်၊ ခရီးသည်တွေအားလုံးအား



www.burmeseclassic.com

www.burmeseclassic.com



သည်၊ မဆင်းလို့လည်းမရ၊ ဒီရထားကပဲခူးဘူတာတွင်ခရီးဆုံးသည်။ မအေးချို့လည်း ခရီးဆောင်အိတ်တစ်လုံးဆွဲပြီး ဆင်းလာခဲ့သည်။ ဘယ်သွားလို့ဘယ်လာရမှန်းမသိ။ အသိမိတ် ဆွေလည်းမရှိ။ အိုး–မထူးပါဘူး၊ ဘူတာရုံထဲက ခရီးသည်တွေ ထိုင်တဲ့ ထိုင်ခုံမှာ မနက်လင်းတဲ့အထိ ထိုင်ရုံပဲရှိတော့တယ်။ လူကလည်းပင်ပန်းနွမ်းနယ်နေပြီး ခရီးကပန်းတော့ဒီအချိန် ကိုယ့်အိမ်က အိပ်ရာထဲဆိုရင် ပစ်လှဲ၍သာ အိပ်လိုက်ချင်သည်။ ထိုင်ခုံတွင်ထိုင်ရန် နေရာကြည့်လိုက်တော့ တွေ့ပြီ ခရီးသည်တချို့၊ အုပ်စုလိုက်၊ မိသားစုလိုက် ထိုင်သူကထိုင်၊ဆေးလိပ်ဖွာသူကဖွာလို့။အင်းလေ––မနက်ရထားအလာစောင့်ပြီး စီးသွားတော့မယ်။ စိတ်ပျက်ပျက်နှင့် ထိုင်ချလိုက်ရင်း ဟိုငေးဒီငေး ယောင်ချာချာနှင့် ဖြစ်၍နေသည်။





ကယ်တင်ရှင်လား၊သေမင်းလား

"ဒီက ညီမလေးက ရန်ကုန်ကိုရထားစီးဖို့လား"ဟု ခပ်ဝိုန်ဝိုန် အသားညိုသူတစ်ဦးရောက်ရှိလာပြီး မေးသဖြင့်

"ဟုတ်ကဲ့၊ ကျွန်မ ရန်ကုန်ကိုရထားစီးမလို့ပါ"

"ဘယ်ကနေပြီး လာတာလဲ၊ ငါ့ညီမ ကြည့်ရတာ ပင်ပန်းနေသလိုပါပဲ၊ ဘာအကူအညီပေးရမလဲဟင်"

"ကျွန်မကတောင်တွင်းကြီးမြို့နယ်ထဲကပါပဲ၊ ရန်ကုန်မှာရှိကြတဲ့ ညီမလေးတွေထံ သွားလည်ပတ်မလို့ပါ။ သာစည်ကနေပြီးရထားစီးလာတော့ ဒိုက်ဦးမှာ စီးလာတဲ့ ရထားပျက်လို့ စစ်ရထားအကြုံနဲ့စီးလာခဲ့တာ အဲ့ဒီရထားက ဒီပဲခူးဘူတာမှာပဲ လမ်းကဆုံးသွားပြီ။ ဒါကြောင့် ရန်ကုန် ဆက်စီးဖို့ရထားထိုင်စောင့်နေတာပါ"

လူရွယ်မှာ စကားရောဖောရောဖြင့် မအေးချို့ဘေးတွင်ထိုင်လိုက်ရင်း မအေးချို့ပြောသောစကားကိုနားထောင်ကာရောက်လာသည်။ လူရွယ်က–

"ဒါဆိုရင် အစ်ကို တစ်ခုကူညီမယ်ကွာ၊ ညီမ



www.burmeseclassic.com

www.burmeseclassic.com









ကြည့်ရတာလည်း နယ်အဝေးတစ်နေရာက ဖြစ်နေတယ်။ ခရီးကလည်းပန်းဆိုတော့ အင်း–ရန်ကုန် ရထားကလည်း မနက်မိုးလင်းမှ လာမှာဆိုတော့ အစ်ကိုတို့အိမ်မှာ လိုက်အိပ်၊ အိမ်မှာက အမေလည်းရှိတယ်။ ညီမလည်းရှိတယ်။ သူတို့နဲ့ ဒီကညီမအိပ်ပေါ့၊ရေမိုးချိုးအနားယူလိုက်ပါလား”

မအေးချို လိုက်သွားသင့် မသင့်စဉ်းစားတွေဝေနေသည်။ နောက်ထပ် လူငယ်တစ်ဦးထပ်၍ ရောက်ရှိလာပြီး ပထမလူငယ်အား နှုတ်ဆက်စကားဆိုနေကြရင်း၊ ပထမလူငယ်က–

“အေးကွာ ဒီမှာက ခရီးသွားမိန်းကလေး တစ်ယောက်တည်း၊ အဲဒါ ငါကူညီတဲ့အနေနဲ့ ငါ့အိမ်မှာ အမေလည်းရှိတယ်၊ ညီမလည်းရှိတယ်၊ အိမ်ကိုလိုက်ပြီး အနားယူဖို့ ပြောနေတာကွ”

သည်တော့ ဒုတိယရောက်လာသော လူငယ်ကလည်း–

“ဟုတ်တယ်ဗျ၊ သူ့အိမ်မှာ သူ့အမေရှယ်၊ ညီမတစ်ဦးရယ်ရှိနေတော့ ဘာမှပူမနေနဲ့၊ အိမ်လိုက်သွားပြီး ရေမိုးချိုး အနားယူလိုက်ပါ၊ ဒီအနားလေးတင်ပါ”



www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုရင်း မအေးချိုအိတ်ကို ဒုတိယလူရွယ်က ဆွဲယူလိုက်သည်။ အေးလေ သူတို့အိမ်မှာလည်းအမေနှင့် ညီမရှိတယ်ဆိုတော့ လိုက်သွားပြီးရေမိုးချိုး ခဏနားလိုက် တာကောင်းပါတယ်။ ပြီးတော့မှ မနက်ရထားနဲ့ ရန်ကုန် ကိုဆင်းရုံပေါ့။ မအေးချိုတစ်ယောက် အမည်မသိလူငယ် နှစ်ဦးခေါ်ရာသို့ လိုက်ပါသွားခဲ့တော့သည်။ ဘူတာရုံ ရထားလမ်းအတိုင်းလျှောက်သွားခဲ့သည်။ ရထားသံလမ်း ဂုံးကျော်ကိုကျော်ဖြတ်၍ ခပ်မှောင်မှောင်ထဲရောက်ခဲ့သည်။ ဟိုကွေ့ဝင် ဒီကွေ့ချိုးနှင့် ဘေးဘယ်ညာကြည့်တော့လည်း တဲမှု၊တဲတန်းတွေမြင်တွေ့ရသည်။

"ကဲ ဟိုးရှေ့က မြင်ရတဲ့ အိမ်ပဲ လာ လာ"

ပထမလူငယ်ကလက်ညှိုးထိုး၍မအေးချိုအား လှမ်း၍ပြောလိုက်သည်ကို ကြည့်လိုက်ရာ ဝေါင်ထန်းရွက်များဖြင့် ကာရံထားသည့် တဲ တွေ့လိုက်ရသည်။ ဒုတိယလူရွယ်ထံမှ စကားစထွက်ပေါ်လာသည်။

"ကဲ၊ ဒါဆိုရင်လည်း ငါ အိမ်ကို ပြန်တော့မယ်။ မင်းတို့အိမ် ရောက်ပြီပဲ၊ သွားမယ်ဟေ့"

"အေးကွာ၊ မနက်ကျရင်လာခဲ့နော်"



"အေးပါကွ"

သူတို့အချင်းချင်းနှုတ်ဆက်လမ်းခွဲသွား၍ ဒုတိယလူရွယ် အမှောင်အတွင်း ပျောက်ကွယ်သွားပြီး ပထမလူရွယ်မှနေ၍ ဦးဆောင်ပြီး တဲတံခါးဖွင့်လိုက်သည်။မအေးချိုလည်းအနောက်မှလိုက်ပါလာခဲ့ပြီးစိတ်ထဲတွင်ကြောက်စိတ် အပြည့်နှင့်။ ပထမလူရွယ်က--

"ဒီတဲမှာ တို့နှစ်ယောက်ပျော်ကြမယ်နော်"

"ဘာ-ဘာ-ဘာပျော်ကြမှာလဲ"

မအေးချို အံ့သြစွာမေးလိုက်သည်။ လူရွယ်က တဟဲဟဲရယ်ရင်း ရှေ့တိုးလာပြီး ကျောချမှ ဓားပြမှန်း သိတော့သည်။ လှည့်၍ ထွက်ပြေးမည် ပြုလိုက်စဉ်-

"ဒီလို လုပ်လို့ဘယ်ရမှာလဲ၊ ပြန်ထွက်ချင်တယ် ဆိုရင်တော့ ငါ့ကို တန်ရာတန်ကြေးပေးခဲ့ရမှ ပြန်ရမယ်"

မအေးချိုတစ်ယောက် ထိန့်လန့်ချောက်ချားသွားသည်။ ထောင်ချောက်ဆင်ထားသည့် ပိုက်ကွန်ထဲ သက်ဆင်းရသည့် သားကောင်ပမာ။

"ကျွန်မ မိကောင်းဖခင် သားသမီးပါရှင်"

"အဲဒီ မိကောင်း ဖခင် သားသမီး မိန်းကလေးမို့


www.burmeseclassic.com

www.burmeseclassic.com



ဟဲ ဟဲ--၊ ငါက စိတ်ဝင်စားတာပါ"

"ရှိုးကြီးခိုးပါရဲ့ရှင်၊ကျွန်မ ပြန်ပါရစေ၊ ပြန်ခွင့်ပြုပါရှင်"

"ပြန်လို့ဘယ်ရမှာလဲကွ"

ပထမလူရွှယ်မှာ မအေးချိုပုခုံးအား ကိုင်၍ လွယ်ထားသည့် ခရီးဆောင်အိတ်ကို ယူ၍ လွှင့်ပစ်လိုက်သည်။







"ရှင်နော် ခွေးကျင့်ခွေးကြံ မကြံနဲ့၊ ကျွန်မအော်လိုက်မယ် သိလား"

"ဟား၊ ဟား ဟီး၊ ဟီး ရယ်စရာကြီးမင်းကြိုက်သလောက်အော်၊ ဘယ်သူမှ လာကြမှာ မဟုတ်ဘူးကွ"

"မလုပ်ပါနဲ့ရှင်၊ ကျွန်မ၊ ကျွန်မ တောင်းပန် ပါတယ်"

"စကားထပ်မရှည်နဲ့ အော်ရဲရင်အော်ကြည့်၊တစ်ခါတည်းသတ်ပစ်လိုက်မယ်။ ဘာ အောက်မေ့လဲ"

သိပ်သည်းနက်ရှိုင်းသောအမှောင်ထု၊ရှိုင်းစိုင်းယုတ်မာသော ငရဲခန်း၊နောက်တော့ --------

♥ ♥ ♥ ♥

ပထမလူက အရက်သောက်နေခိုက်၊ သူနှင့် အတူလမ်းခွဲခဲ့သည့် ဒုတိယလူရွှယ် တဲအတွင်းသို့ဝင်ရောက်လာပြန်သည်။

"အိုကေမှာ စိုပြေနေတာပဲကွ၊ ကဲ----- စကားနောက်မှ ပြောကွာ"

ဒုတိယလူရွှယ်က မအေးချိုအနီးသို့ တိုးကပ်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရက်နံ့က စူးစူးဝါးဝါး။

♥♥ ♥♥

မအေးချိုတစ်ယောက် ကယ်သူဝေးလို့မျက်ရည်ကို အဖော်ပြုရပြီ။

"ကျွန်မကို ဘူတာရုံကို ပြန်ပို့ပေးပါရှင်"

"အေး တို့အရက်သောက်လိုက်ဦးမယ်၊ ပြန်ပို့ပေးရမှာပေါ့ကွာ၊ တို့အတွက် ဖျော်ဖြေပေးတဲ့ သူပဲ"

ဟု ပထမလူရွယ်မှ အရက်ခွက်အားမော့သောက်လိုက်သည်။

မအေးချိုတစ်ယောက် အဖော်မပါ တစ်ဦးတည်း ခရီးထွက်လာခဲ့သည်ကိုက အမှား၊ ယင်းနောက်အမည်မသိ လူစိမ်းခေါ်ဆောင်ခဲ့သည်ကိုယုံကြည်စွာလိုက်ပါလာခဲ့သည်က ပို၍မဟာအမှားကြီးမှားခဲ့သည်။ပန်းလည်းချွေ၊လူလည်းနွံနစ်သည့်ပမာ မျက်ရည်တွေကျရင်း လူရွယ်နှစ်ဦး ခေါ်ဆောင်ရာနောက်သို့ ခရီးဆောင်အိတ်လွယ် လိုက်ပါလာခဲ့သည်။ ရထားလမ်းသံလမ်းတွေကိုလည်း ကျော်ဖြတ်ခဲ့ရသည်။ ရှေ့တွင် သံလမ်းကူးကျော်တံတားက ဖြူဖြူ၊ အဲ့ဒီအောက်နား အရောက်တွင် လူ(၂)ဦးကို တွေ့လိုက်ရသည်။





ဒုတိယငရဲခန်း

"ဟေ့ ---ဘယ်သွားကြမှာလဲ၊မင်းတို့ကိုစစ်ဆေးရမယ်"

ဟုပြောပြီး မအေးချိုအနီး တိုးကပ်သွားကာ----

"ဒီအမျိုးသမီးကိုငါတွေ့ဖူးပါတယ်။ ဩော်–ဩော် ညဥ့်ငှက်ပဲ။ ဟဲဟဲ အတော်ပဲ တို့တွေအတွက် ဟဲဟဲ ဘယ်လိုလဲ" မအေးချိုကို ကြည့်ပြီးမေးလိုက်သည်။

"ကျွန်မမိန်းကောင်းဖခင်သားသမီးပါရှင်၊ကျွန်မကျွန်မ ရန်ကုန်မြို့ကို ညီမထံသွားရောက်လည်ပတ်မလို့ပါရှင်"

"ဖျန်း–ဖျန်း–ဖျန်း"

မအေးချိုပြောလက်စ စကားမဆုံးခင် မအေးချိုပါးအား(၃)ချက်ရိုက်လိုက်ပြီး---

"ကောင်မ၊ အေးအေးဆေးဆေး ပြောတာ မရရင် နောက်ထပ် ပါးထပ်ရိုက်ပြီး သတ်ပစ်လိုက်မယ်။ဒါမျိုးတွေ ရိုးနေပြီ၊ လာပါကွာနော်"

သေသာသေလိုက်ချင်သည်။ လူဘီလူး လက်မှ လွတ်မလားအောက်မေ့သည် ပို၍ယုတ်မာသူတွေနှင့် ပက်ပင်းတိုးတော့သည်။ အံကြိတ်ပြီး စီးကျလာသည့်မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ အဖော်ပြုရသည်။ တဏှာဘီလူး တစ်ဦးပြီး တစ်ဦး၊ တစ်ယောက်ပြီးတစ်ယောက်၊ ထိုသူများကမအေးချိုကို လိုက်ပို့ရန် ပထမလူရွယ်နှစ်ဦးအား လှမ်း၍မှာကြား ဖိုက်သည်။

"မင်းတို့ကို ကျေးဇူးအများကြီးတင်တယ်။ ဒီတော့ သူ့ကိုရန်ကုန်သွားဖို့အတွက် မင်းတို့ကိုယ်တိုင် ကိုယ်ကျ ရထားပေါ်အထိလိုက်ပြီး တင်ပေးလိုက်၊ ငါတို့သွားမယ်" ပြောဆိုမှာကြား၍ တဏှာဘီလူး(၂)ကောင် ထွက်ခွာသွားကြတော့သည်။ မအေးချိုမှာခရီးဆောင်အိတ်အားလွယ်ရင်းလူငယ်နှစ်ဦးနောက်မှ ဖြေးညင်းစွာလိုက်ပါလာခဲ့တော့သည်။ ပဲခူးဘူတာရုံထိုင်ခုံတွင် ထိုင်ချလိုက်ပြီးပဲခူးဘူတာသို့ဆက်လက်ထွက်ခွာသွားနိုင်စေရန် လူငယ်နှစ်ဦးမှရထားပေါ်သို့ တင်ဆောင်ပေးခဲ့ပြီးလစ်ထွက်သွားတော့သည်။

မအေးချိုလည်း ဒီဘက်ရထားပေါက်မှ တက်၍ ဟိုဘက်ရထားပေါက်မှဆင်းကာ ခပ်သုတ်သုတ်ပဲခူးရထား ရဲ တပ်ဖွဲ့စခန်းသို့ ဝင်ရောက်ခဲ့တော့သည်။







အားကိုးခဲ့သူတို့ အတွက်ရဲတပ်ဖွဲ့

ရထားရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင်နှင့် အဖွဲ့ရထားရဲတပ်ဖွဲ့စခန်း နယ်ထိန်းရဲ ဒုတပ်ကြပ်ထွန်းသန်းတပ်ဖွဲ့ဝင်များတို့မအေးချိုပြောဆိုတိုင်ကြားလာသည်များကိုသေချာမှတ်သားထားလိုက်ပြီး မေးမြန်းလိုက်သည်။

"အဓမ္မကျင့်တဲ့သူတွေကိုမြင်ရင်မှတ်မိလား"

"ဟုတ်ကဲ့ မှတ်မိပါတယ်"

"ကောင်းပြီ ပထမလူငယ်၊ ဒုတိယလူငယ် (၂)ဦးကိုရော မှတ်မိသလား"

"ဟုတ်ကဲ့ မှတ်မိပါတယ်"

နယ်ထိန်းရဲဒုတပ်ကြပ်ထွန်းသန်းမှခေါင်းတငြိမ့်ငြိမ့်ဖြင့်အနည်းငယ်စဉ်းစားကာ သူ၏နယ်ထိန်းတပ်ဖွဲ့ဝင်အဖွဲ့အားပြောကြားလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဒီတရားခံတွေ ဒီအနားကပဲ၊ငါသိပြီလူစုခွဲပြီး ဒီကောင်တွေကို ဖမ်းကြရအောင်၊ ကဲဒီက မအေးချိုစခန်းထဲမှာပဲခဏနားနေလိုက်ပါ၊ဒီတရားခံတွေကိုကျွန်တော်တို့အခုပဲသွားဖမ်းမှာပါ"

ပြောဆိုမှာကြားပြီးနောက် နယ်ထိန်းအဖွဲ့ထွက်ခွာသွားကြတော့သည်။ မနက်လင်းစပြုလာသည်။မအေးချိုမှာလည်းအားအင်ကုန်ခမ်းနေပြီး တွေးမိလိုက်လေတိုင်း မျက်ရည်သာကျသည်။မတရားပြုကျင့်ခံလိုက်ရသည်။ဘယ်ဘဝင့်ကြွေးလဲ၊မိမိကိုယ်ကိုလည်းဖော်မပါတစ်ကိုယ်တည်းခရီးထွက်ခဲ့မိသည်။ ယုံလွယ်အောင် ပြောဆို ခေါ်ဆောင်ရာနောက် လိုက်ပါခဲ့မိသည့်အပြစ်သည် ဘဝကျေပျက် သွားခဲ့ရသည်။ ယခုတော့ယူကြုံးမရ သေသာသေလိုက်ချင်သည်။ မိမိကိုယ်ကို သတ်သေပစ်လိုက်ရမည်လား။ ဒါလည်းမဖြစ်နိုင်သေး။ မထူးပါဘူး။"ကူညီပါရစေ"ဆိုသည့် ရဲတပ်ဖွဲ့ဝင်တွေ မတရားစော်ကားကြသည့်တရားခံတွေကိုလိုက်လံဖမ်းဆီးနေပြီပဲ။ရထားရဲတပ်ဖွဲ့နယ်ထိန်း၊ရဲဒုတာကနှင့်အဖွဲ့သည်ပြစ်မှုကျူးလွန်ကြသည့် တရားခံများကိုအမှတ်(၃)ရဲတပ်ဖွဲ့





စခန်းနယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ဖမ်းဆီးလိုက်လေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးရမိသည့်တရားခံများမှလည်းပြစ်မှုကျူးလွန်မိပါကြောင်း ဝန်ခံကြပြီးရထားရဲတပ်ဖွဲ့စခန်း(ပခူး)မှနေ၍ အမှတ်(၃)ရဲတပ်ဖွဲ့စခန်းသို့ လွှဲပြောင်းပေးခဲ့သည်။အမှတ်(၃) ရဲတပ်ဖွဲ့စခန်းမှအမှုအား လက်ခံကာ (ပ)၂၃၉/၉၇ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ၃၇၆ ဖြင့်ဖမ်းဆီးစစ်ဆေးကာ တရားခံများဖြစ်ကြသည့်ကျော်စိန်ဝင်း အသက်(၂၅)နှစ်၊ ဌေးဝင်း အသက်(၂၉)နှစ်၊သက်ခိုင်အသက်(၂၆)နှစ်နှင့်သိန်းဇော်(ခ)အာလူး အသက်(၁၈)နှစ်တို့အားအမှုတည်ဆောက်ကာပခူးမြို့နယ်၊တရားရုံးတော်သို့ တရားစွဲဆိုခဲ့လေသည်။ တရားရုံးတော်မှအမှုအားလက်ခံပြီး ကြားနာစစ်ဆေးရာပြစ်မှုထင်ရှားသဖြင့်ထောင်ဒဏ်အသီးသီးပြစ်ဒဏ်ချမှတ်လိုက်သည်။

*ကျော်စိန်ဝင်းထောင်ဒဏ်(၅)နှစ် ကျန်တရားခံများ (၃)နှစ်မှ (၂)နှစ်ထိပြစ်ဒဏ်ပေးလိုက်သည်။*

ဤသည်မှာမြန်မာမိန်းကလေးများအဖို့သင်ခန်းစာရယူဖွယ်အဖော်မပါတစ်ကိုယ်တည်းခရီးသွား ပြောတိုင်းယုံထင်တိုင်းသွားခဲ့သည်မှာမိန်းကလေးများအဖို့မှားချေသည်။

ဤသို့ဖြစ်စဉ်များကို စောင့်စား၍ နေကြကုန်သောဒုစရိုက်သမားများမှာ ကျူးလွန်ရန်အခါ်အခွင့်သင့်သလို ဖြ






မှုကြလေသည်။ မည်သည့်အမှောင်ထဲတွင်မဆို ဆိတ်ကွယ်ရာ မရှိသည်မှာတော့ တရားဥပဒေ အဲဆုံးအဖြတ်ပေးမည်သာ။

မိန်ကလေးများ သတိထားစဉ်းစားပြီး ပြောတိုင်းမယုံ၊ ကျွေးတိုင်းမစား၊ ပေးတိုင်းမယူကြဘဲ၊ အဖော်မပါဘဲတစ်ကိုယ်တည်း ခရီးမသင့်ပါကြောင်း ကာကွယ်ရှောင်ရှားသတိထားနိုင်ကြစေရန် တင်ပြရေးသားလိုက်ရပါသည်။

(ကာယကံရှင် မိန်းကလေးအမည်ကို လွှဲပြောင်းတင်ပြထားပါသည်။)






www.burmeseclassic.com

www.burmeseclassic.com














www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်ဘေားသည် ပြေးမလွှတ် . . .
ရာဇဝတ်ကြွေးသည် ဆွေးရိုးထုံးစံမရှိ



ခင်စာပေ






ပြစ်မှုကျူးလွန်သူရဲ့ဘဝ
နောင်ရေးတစ်ဘက်ကျိတ်ကျိတ်မဆွေး

ခင်စာပေ

www.burmeseclassic.com

www.burmeseclassic.com





ဒုစရိုက်သမားအား

ယနေ့မျက်ကွယ်ပြုမိမှုသည်

နက်ဖြန်သင့်အတွက် ကြီးမားသောဒေါသမီးခြင်း ဖြစ်သည်





သတင်းထောက်ခင်

## မော်လမြိုင်လာပြီး စိတ်ကြွဆေးပြား ပြန်သူတစ်ဦး

## မူးယစ်ပူးပေါင်း အဖွဲ့မှ ပိတ်ဆို့ ဖမ်းဆီး





www.burmeseclassic.com

www.burmeseclassic.com











စိတ်ကြွဆေးပြား

ဖြစ်စဉ်ကိုစုံစမ်းကြည့်ရာ မွန်ပြည်နယ်မော်လမြိုင်မြို့ပေါ်တွင် ၂၁-၈-၉၈ရက်နေ့၁၅၀၀အချိန်ဒိုင်းဝန်ကွင်းရဲစခန်းနယ်မြေ၊အောင်စကြာရပ်ရှင်ရုံရှေ့တွင်တာဝန်သိပြည်သူတစ်ဦး မှနေ၍ ဖေယျာသီရိမြို့သစ်ရပ် ခင်ဇော်ဆိုသူနှင့်ရွှေပြည်အေးနေ သန်းဝေတို့သည် စိတ်ကြွဆေးပြားများကိုတစ်လုံးတွင် ကျပ် (၇၀၀)ဖြင့် လိုက်လံစပ်၍ ရောင်းချနေကြောင်း၊ ဝယ်ယူသူများမှလည်း ၎င်းစိတ်ကြွဆေးပြားများကို ဘယ်လိုဘယ်ပုံ သုံးစွဲရမည်ကို မသိနားမလည်၍လည်းကောင်း၊ ဆေးတစ်လုံးမှာလည်း ဈေးကြီးမြင့်သဖြင့်ဝယ်ယူခြင်း မရှိကြောင်းနှင့် ခင်ဇော်မှ၎င်းစိတ်ကြွဆေးပြားများကို ကြာအင်းဆိပ်ကြီး၊ ကရင်ပြည်နယ်မှယူဆောင်လာသူမှာ အမျိုးသမီး တစ်ဦးဖြစ်ကြောင်း၊ ယင်းဆေးများကိုစိတ်ချလက်ချဝယ်ယူသုံးစွဲနိုင်ကြောင်း၊စပ်နေသည်ကိုတိတိကျကျသတင်းပေးပို့လာခဲ့ရာ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုးယစ်အထူးအဖွဲ့ ကြီးကြပ်သူ အရာရှိ၊ ဒုရဲမှူးအင်းနိုင်ဦးစီး၍ ရဲအုပ်မြင့်စိုး၊ ရဲအုပ်သိန်းစိုးတို့ ခေါင်းဆောင်သော



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့သည် ဒိုင်းဝန်ကွင်းရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ် (စ–ခ–မ)သက်ဝေ၊ ရဲတပ်ကြပ်ကျော်ကျော်ထွန်း၊ ရဲဒုတက ဟန်စိန်တို့နှင့်အတူ နယ်ထိန်းရဲကပ်ဖွဲ့ဝင်များ သတင်းခိုင်လုံမှုရှိ၊ မရှိစုံစမ်းခဲ့ကြသည်။

## သတင်းစုဆောင်း

ပူးပေါင်းမှုးယစ်အဖွဲ့ကြီးကြပ်သူရဲအုပ်မောင်မြင့်ဦးမှ သတင်း အချက်အလက်များပေါ်တွင် သတင်းရယူစုဆောင်း၍ လိှုင်(ရယက)ဥက္ကဋ္ဌ၊ ရုံးခန်းတွင် ဥက္ကဋ္ဌဦးမြင့်သိန်း၊ အဖွဲ့ဝင်(၁) ဦးအောင်ထွန်းကြည်၊ ရယကအဖွဲ့ဝင်များနှင့်အတူ ရရှိပစ်မှတ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ချက်၊ စီမံချက်ပိတ်ဆို့ရေးတို့အားငှင်းစိတ်ကြွဆေးပြားများကိုအိမ်နီးချင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းမော်လမြိုင်မြို့ပေါ်တွင် ဝင်ရောက်၍ မွန်ပြည်နယ်ထဲသို့ ရောက်ရှိလာနေပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ပါဝင်ဖွဲ့စည်းထားသည့် မူးယစ်ပူးပေါင်းအဖွဲ့ဖြင့် ပူးပေါင်း၍ တက်ညီလက်ညီစွာ နိုင်ငံတော်၏ ဥပဒေနည်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အ





ညီ စနစ်တကျဝိုင်းဝန်းဖော်ထုတ်ကြရန်ပြောဆိုမှာကြားကာ ပစ်မှတ်အား ရှာဖွေစုံစမ်းခဲ့တော့သည်။

## ပစ်မှတ်ရှာဖွေစုံစမ်းခြင်း

မူးယစ်အထူးပူးပေါင်းအဖွဲ့တို့သည် စုစည်းဖြည့်ဖွဲ့ကာ၂၂–၈–၉၈ရက်နေ့၊၁၅၃၀အချိန်ခန့်တွင်မော်လမြိုင်မြို့လှိုင်ရပ်ကွက်၊ထောင်(၃)လမ်း၊ရွှေပြည်အေးအိမ် အမှတ်(၅)နေ သန်းဝေအိမ်အနီးပတ်ဝန်းကျင်သို့ဆယ်အိမ်မှူးဦးသိန်းညွန့်အကူအညီဖြင့် သန်းဝေအား စုံစမ်းရာ၊ သန်းဝေမှာ ခင်ဇော်နှင့်အပြင်သို့ ထွက်သွားကြောင်း သိရှိရသည်။ ထို့နောက် ခင်ဇော်နေထိုင်ရာ ဖေယျာသီရိ ရပ်ကွက်ရုံးသို့ ထွက်လာခဲ့ကြပြီး ယာယီမှူးကိုမောင်မောင်နှင့်တွေ့ဆုံကာ ခင်ဇော်အကြောင်း မေးမြန်းစုံစမ်းကြည့်ရာမှ ခင်ဇော်သည် ဖေယျာသီရိ (၁)၊ ဓမ္မစေတီ(၁၀)လမ်းတွင်နေထိုင်ကြောင်း၊ ယခုအခါတွင် ခင်ဇော်၏နေအိမ်မှ ဧည့်သည်အမျိုးသမီးနှစ်ဦးတည်းခိုနေထိုင်ကြောင်း၊ စုံစမ်းသိရှိခဲ့ရပြီးဧည့်စာရင်းဖိုင်တွဲ၌ လာရောက်တည်းခိုသူများကို ကြည့်ရှုစစ်ဆေးရာ ခင်ဇော် နေထိုင်သည့်နေအိမ်တွင် လာရောက်တည်းခိုသူမှာ



www.burmeseclassic.com

www.burmeseclassic.com



မစန်းစန်းအေးနှင့်နော်လာဖော့ဆိုသူဖြစ်ကြောင်း၊ယာယီမှူး ဦးမောင်မောင်၏ပြောဆိုချက်အရမစန်းစန်းအေးမှာခင်ဇော် နှင့်လက်ထပ်မည့်သူဖြစ်ကြောင်းသိရှိရပြီး ရရှိသတင်းအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပူးပေါင်းအဖွဲ့ သည် ၂၀၃၀ အချိန်တွင် သန်းဝေနေထိုင်ရာအိမ်သို့ ရှာဖွေ ဝရမ်းအမှတ်စဉ် ၂/၉၈/၃/၉၈ ဖြင့် ရှာဖွေခဲ့ရာ ၎င်းကို နေအိမ်ထဲတွင်တွေ့ရှိရပြီး စိတ်ကြွဆေးပြားများကို ရှာဖွေ မတွေ့ရှိခဲ့ကြဘဲ ခင်ဇော်၏ကွင်းဆက်များကို ထပ်မံစုံစမ်း စေခဲ့ရာ သန်းဝေက ခင်ဇော်မှာ မိမိအိမ်သို့ အမျိုးသမီး ခပ်ချောချောများဖြင့်လာရောက်ပျော်ပါးတတ်ကြောင်း၊လွန် ခဲ့သည့်(၃)ရက်ခန့်က ၎င်းထံရောက်ရှိလာပြီး ၎င်း၏ရည်း စားဖြစ်သူ မစန်းစန်းအေး၊ကြာအင်းဆိပ်ကြီးနေသူနော်လာ ဖော့ဖြင့် နှစ်ဦးရောက်ရှိနေကြောင်း၊ နော်လာဖော့ဆိုသူမှာ တစ်ဘက်နိုင်ငံသို့ နွားမှောင်ခို ကုန်ကူးနေသူထံမှ စိတ်ကြွ ဆေးပြားများ မော်လမြိုင်မြို့တွင် ရောင်းချရန် ပါလာ ကြောင်းသန်းဝေကပြောကြားခဲ့ပြီး မိမိအနေဖြင့်စီးပွားရေး မပြေလည်၍ လွယ်လွယ်ငွေရမည့် ဆေးပြားအပေါ် စိတ် ဝင်စား၍ ရောင်းချပေးခဲ့ကြောင်း သိရှိခဲ့ပြီး၊ ၎င်းဆေးပြား





များကိုခင်ဇော်၏ နေအိမ်တွင် မည်ကဲ့သို့ လျှို့ဝှက်သိမ်း ဆည်းထားပါကြောင်း ဖွင့်ဟပြောသည်။

**ဆေးပြား (၇၀၀) ကျော်**

မူးယစ်အထူး ပူးပေါင်းအဖွဲ့သည် ခင်ဇော်နေထိုင် ရာ ဖေယျာသီရိရပ်ကွက်အိမ်သို့ ဝင်၍ရှာဖွေခဲ့ရာ နော်လာ ဖော့အိပ်သည့် အခန်းထောင့် သစ်သားခုံရှည်ပေါ်တင်ထား သော မွေ့ရာလိပ်နှင့် ခေါင်းအုံးအကြားမှ စိတ်ကြွဆေးပြား များကို သက်သေများ ရှေ့မှောက်၌ဖမ်းဆီးရမိသည်။ ဆေး ပြားများမှာ ပလတ်စတစ်အိတ်ငယ် (၄)အိတ်ဖြင့်တစ်အိတ် လျှင်------

ဆေးပြား အပြား ၂၀၀ ခန့်စီ ထုပ်ပိုးစိတ်ကြွ ဆေးပြား ၇၇၁ လုံးနှင့်အတူ စိတ်ကြွဆေးပြား ရောင်းရငွေ ၂၉၃၀၉ ကျပ်တွေ့ရှိ၍ ၎င်းစိတ်ကြွဆေးပြားများကို နမူနာ အထုပ်များထုပ်လျက် ဓာတုဗေဒဝန်ရုံးသို့ ထင်မြင်ချက် တောင်းခံထားလိုက်သည်။ ယင်းစိတ်ကြွဆေးပြား (၁)ပြား လျှင် ၇၁၀ကျပ်ဖြစ်ပြီး ၇၇၀ပြားအတွက်ကာလပေါက်ဈေး ၅၃၉၇၁၀ ကျပ်ဖိုးခန့် သိမ်းဆည်းဖမ်းဆီးရမိခဲ့သည်။

ခင်တာပေ


www.burmeseclassic.com

www.burmeseclassic.com



## သူတို့ သူတို့

အမှုမှ တရားခံများကိုဆက်လက်စစ်ဆေးရာတရားခံများဖြစ်ကြသည့် ၁။ ခင်ဇော် (ဘ)ဦးထွန်းအောင်၊ သက်(၃၀)နှစ် ၂။ သန်းဝေ (ဘ) ဦးမောင်လှိုင် (၃၆)နှစ်၊ ကုန်တင်ကုန်ချ အလုပ်သမား ၃။ မစိုး (ခ) နော်လာဖော့ (ဘ) ဦးလှမောင် သက် (၄၀) နှစ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ၄။ မစန်းစန်းအေး' (ခ) မကြည်ကြည်ဝင်း၊ (ဘ) ဦးရွှေထုပ်၊ ကြာအင်းဆိပ်ကြီးမှ ဖွင့်ဟဝန်ခံ ထွက်ဆိုကြပြီး







၄င်းတို့ အပေါ် ဖေယျာသီရိ ရဲတပ်ဖွဲ့စခန်း (ပ) မယ ၁/၉၈ မူးယစ်ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉ (က) ၂၀(က)/၂၁ အရ ရဲအုပ်မြင့်ဦးမှ တရားလိုပြုလုပ်၍ ဖမ်းဆီး အရေးယူခဲ့သည်။

## တရားစွဲဆို အရေးယူ

မူးယစ်စေသော စိတ်ကို ပြောင်းလွဲစေသော ဆေးများ မြန်မာနိုင်ငံအတွင်းသို့ သယ်ဆောင်လာပြီး ရောင်းချသူများ ဖြစ်ကြသည့် ၁။ မစန်းစန်းအေး (ခ) မကြည်ကြည်ဝင်း ၂။ နော်ဖော့ ၃။ ခင်ဇော် ၄။ သန်းဝေတို့အပေါ် ၁၄-၉-၉၈ ရက်နေ့တွင် တရားစွဲဆို တင်ပို့ရာမော်လမြိုင်ခရိုင်တရားရုံး၏ ပြစ်မှုကြီးအမှု နံပါတ် ၃၀/၉၈ လက်ခံကာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလွဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅/၁၉ (က) ၂၀(က)/၂၁ အရ လည်းကောင်း အမှုကို လက်ခံကြားနာ စစ်ဆေးနေပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤဆောင်းပါးဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလွဲစေတတ်သည့် စိတ်ကြွဆေးပြားများအပေါ် စွမ်းစွမ်းတမံ ဖော်ထုတ်ခဲ့သည့် ပုဂ္ဂိုလ်များအားဂုဏ်ပြုရေးသား တင်ပြလိုက်ပါသည်။










www.burmeseclassic.com

www.burmeseclassic.com









## ဒုစရိုက် အရိပ်

ပဲခူးတိုင်း၊ ပဲခူးမြို့၊ ဥဿမြို့ သစ် မိုးတစိမ့်စိမ့်နှင့် ရွာသွန်းမစဲ ရွာလို့ကောင်းနေသည်။ အချိန်ကား နိုဝင်ဘာလ (၇) ရက်နေ့ ၊ ၁၉၉၅ ခုနှစ်၊ နေ့ ခင်းဘက် ဖြစ်ပွားပေါ်ပေါက်ခဲ့သော နှစ်လောင်းပြိုင်လူသတ်မှု၊ ယင်းလူသတ်မှုကို ပဲခူးခရိုင်ရဲတပ်ဖွဲ့ဝင်နှင့် အမှတ်(၃) ရဲတပ်ဖွဲ့ စခန်းမှ ယင်းလူသတ်မှုအတွက် ပ /ခ၆၉ /၉၅ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ ဖြင့် ပဲခူးမြို့နယ်၊ တရားရုံးသို့ တရားစွဲဆိုတင်ပို့၊ ပဲခူးမြို့နယ် တရားရုံးမှ ရာကြီး ၃ / ၉၅ ပုဒ်မ ၃၀၂ အရ ကြားနာစစ်ဆေးပြီး ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သဖြင့် သေဒဏ်ချမှတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သော့ပိတ်ထားသောအိမ်၊ ဤအိမ်ထဲတွင်ချောက်ချားဖွယ်ရာ မှုခင်းကြီးဖြစ်ပွားခဲ့ရသည်။

# လောဘဝိစိး
# ဆွေမျိုးရင်းမှန်းမသိဘဲ
# လူသတ်မှုဖြစ်





ချောက်ချားစရာမှုခင်း

ဤနှစ်လောင်းပြိုင်လူသတ်မှုကတရားရုံးပေါ်တွင် စိတ်ဝင်စားကြသကဲ့သို့ ပဲခူးမြို့နယ်တစ်ခုလုံး အများသူငါ စိတ်ပါဝင်စားပြီး အမှုစစ်ဆေးနေသည့် တရားရုံးတော်၌လည်း လာရောက်နားထောင်ကြသူများဖြင့် ပြည့်နက်နေတော့သည်။ စိတ်ဝင်စရာများက ပဟေဠိသို့ စိတ္တဇဆန်ဆန်၊ ပုံပြင်လိုလိုနှင့် လပေါင်းများစွာဖြင့် စိတ်ဝင်စားဖွယ်လည်းကောင်းလှသည်။

ပိုမို စိတ်ဝင်စားဖွယ်ရာသည်ကား မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ၊ ရာဇဝတ်ဘေး ပြေးမလွတ်။ ပြစ်မှုဟူသမျှ ဘေးဒုက္ခ၊ ပြစ်မှုကျူးလွန်သူ၏ဘဝအရေး တစ်သက် စိတ်မအေးလှဆိုသောစကားရပ်များ၊ ကဗျာလင်္ကာဆောင်ပုဒ်များကိုတရားရုံးတော်ရှိတရားခွင်ထဲ စစ်ဆေးနေသောလူသတ်မှုကသက်သေခံလျက်ရှိနေပေပြီ။ ဒီထက်ပို၍ ပြောဆိုရသော် အထူးသဖြင့်တရားခံတစ်ယောက်၏နှစ်ရှည်လများ ဖွဲ့ကပ်နေသောပြစ်မှုကျူးလွန်ခြင်း မကောင်းမှုအကျိုးတို့သည် အမြဲတစေ တုန်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ချောက်ချားစေခဲ့ပြီး စိတ်ဝေဒနာများ **မိန်းပိန်စက်မှု** တို့ကြောင့် ပိုမိုစိတ်ဝင်တစားရှိသွားခဲ့ပြန်**သည်။ တရား** ခံကလည်း ဖြစ်စဉ်ဖြစ်ရပ်မှန်ထုတ်ဖော် ပြောပြရာ၌ လူ အချို့က ဝိညာဉ်လောကဖြင့် ယှဉ်တွဲ၍တွေးခေါ်သည်။ အချို့ကလည်း ဖြစ်မှုကျူးလွန်ခြင်းဟူသော အတိတ်၏ မကောင်းမှုတို့မှ ခြောက်လှန့်သည်၊ ခြောက်လှန့်စေ သည်ဟုဆိုကြသည်။ ဘယ်သို့ပဲဆိုစေ လူသားမြောက် မြားစွာထဲက အမှားကြီး တစ်ခုကတော့ သင်ခန်းစာတစ် ရပ် ဖြစ်လာခဲ့ပါပြီ။

ရဲ
အကူအညီလိုလျှင်
199
ကိုသာခေါ်ရပါ၊





သော့ပိတ်ထားသောအိမ်

၃၀-၉-၉၅ ရက်နေ့ ည်နေ့က ပဲခူးတိုင်း၊ ပဲခူး မြို့၊ ဥဿမြို့သစ်ရပ်ကွက်၊ အနော်ရထာလမ်းသွယ် နှင့် လမ်းဆုံတွင်ရှိသော ကျယ်ဝန်းလှသည့် ခြံကြီးအတွင်း ခေတ်မီလှပစွာ ဆောက်လုပ်ထားသော သစ်သားပျဉ် ထောင် သွပ်မိုး၊ ထရံကာ အိမ်အမှတ် ၃/၂၀၅ကို သော့ ခတ်ပိတ်ထားသည်မှာ နှစ်ရက်ခန့်ရှိပြီးဖြစ်ကြောင်းကို တော့ဖြင့် တစ်ဘက်ခြံရှိ အိမ်နီးချင်းဦးတင်မောင်လတ် က သတိထားမိသည်။ အိမ်ရှင်များခရီးထွက်ဘုရားဖူး များသွားကြသည်လားဟူသည့် တွေးခေါ်ချက်နှင့် စောင့် ကြည့်နေခဲ့သည်။၄ရက်၅ရက်ခန့်ကြာသွားသည်၊အိမ်ရှင် များပြန်မလာကြ၊ သော့ကတော့ အခတ်မပျက်။ ဦးခင် မောင်လတ်လည်း ၄င်းခြံထဲမှ ပြွတ်၍သီးနေသော မာလ ကာသီးခူးစားရန် တံချူယူပြီးခူးလိုက်သည်။ သို့သော် မာလကာသီးက တံချူ၌ပါမလာဘဲ တစ်ဘက်ခြံထဲသို့ လိမ့်ပြီးကျသွားတော့သည်။ ဦးတင်မောင်လတ် ကာရံ ထားသည့် အုတ်ရိုးကိုကျော်ခွ၍ ဝင်ကောက်ယူရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်ခြံထဲသို့ရောက်သွားပြီးသူ့ရဲ့မာလကာ သီးကောက်ယူသည်။

ဖုန်ခါပြီး ပွတ်သပ်၍ စားလိုက်သည်။မာလကာ သီးအနံ့ကလည်း သင်းနေသည်။ အပုပ်နံ့ကလည်း နှာ ခေါင်းထဲရှူရှိုက်လိုက်မိသည်။ နံလိုက်သည့်အပုပ်နံ့၊ဝါး စားနေသည့်မာလကာသီးကိုထွေးပစ်ပြီး သက်ာမကင်း သောမျက်လုံးအစုံတို့ဖြင့် သော့ခတ်ပိတ်ထားသော အိမ် အနီးသို့ချဉ်းကပ်မိလိုက်တော့သည်။ အပုပ်နံ့ကပို၍ပို၍ ဆိုးဝါးလာသည်။ အိမ်အောက်သို့ကြည့်ရှုလိုက်ရာတွင် အပုပ်ရည်အကွက်ကြီးတစ်ခုကိုတွေ့လိုက်ရသည်။ ထ[illegible] ပေါက်ပြဲနေသည့်နေရာမှ ချောင်း၍ကြည့်ရှုလိုက်ရာ အိမ် တွင်း၌ယင်ကောင်အများကြီးအုံခဲနေသောအလောင်းနှစ် လောင်းကို တွေ့လိုက်ရသည်။ဦးတင်မောင်လတ်စိတ်ထ[illegible] ခေါင်းနပန်းကြီးသွားသည်။ကြက်သီးမွေးညင်းထ၍ဆ[illegible] လက်မကြည့်ရှုရဲတော့၊ အုတ်ခြံစည်းရိုးကို ကျော်ခွ[illegible] ရာအိမ်မှူး ဦးဘိုကေထံပြေးပြီး မြင်ခဲ့သမျှ ပြောပြလိုက် သည်။ ဦးဘိုကေနှင့် အခြားရပ်ကွက်လူကြီးတို့စုပေါင်း ၍ လိုက်လာကြပြီး အိမ်ထဲအတွင်းသို့ ထရံပေါက်[illegible]





ချောင်းကြည့်လိုက်တော့ အလောင်းနှစ်လောင်း ပုပ်ပွ ဖောရောင်ပြီး ရုပ်ဆင်းအင်္ဂါပျက်နေသော ယောကျာ်း အလောင်းတစ်လောင်း၊ မိန်းမအလောင်းတစ်လောင်း တွေ့လိုက်ကြရတော့သည်။

**ဥပဒေဘောင်တွင်း၌**
**နေထိုင်ခြင်း၌**
**ဘေး၊ကောင်း၊ရန်ကွာ**
**ပြည်သာယာ**



www.burmeseclassic.com

www.burmeseclassic.com









## နှစ်လောင်းပြိုင် လူသတ်မှု

ချက်ချင်း မဲရူး အမှတ်(၃) ရဲစခန်းသို့ သွားရောက်သတင်း ပေးပို့လိုက်တော့သည်။ ရဲတပ်ဖွဲ့စခန်းမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ လိုက်ပါလာကြပြီး ယင်းအိမ်အားစစ်ဆေးကြတော့သည်။စစ်ဆေးတွေ့ရှိချက်အရ သေဆုံးသွားသူ အမျိုးသားမှာ ပက်လက်အနေအထားနှင့်ဒူးထောင်လျက်သေဆုံးနေသောယော ကျ်ားအလောင်းတစ်လောင်း၊ ပက်လက်ဒူးထောင်လျက် အနေအထားဖြင့် အမျိုးသမီးအလောင်းတစ်လောင်း တွေ့ခဲ့ကြရသည်။ အလောင်းမှာမြင်၍ ကြည့်၍မကောင်း ပုတ်ပွရုပ်ပျက်ဆင်းပျက်နှင့် မည်သူမည်ဝါ ခန့်မှန်းမရသော်လည်းအိမ်ရှင်ဖြစ်သူဦးစိုးမြင့်ဝင်းနှင့် ၄င်း၏ဇနီးဖြစ်သူဒေါ်ခင်ဆွေဦးဟု ခန့်မှန်းရတော့သည်။သေဆုံးနေသည့်နေရာမှာလည်းနေအိမ်ရှိအိပ်ခန်းအတွင်း ခုတင်ဘေးတွင်ဖြစ်ပြီး အိမ်ရှေ့တံခါးမကြီးအား သော့ခတ်ပိတ်ထားပြန်သဖြင့်လူသတ်သမားသည် ချိန်ယူပြီး သွေးအေးအေးဖြင့်သတ်ပြီးမှထွက်ခွာသွားသည်ကိုတော့ဖြင့်ကောက်ချက်ချလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



# မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ ရာဇဝတ်ဘေးပြေးမလွတ်

နေ့စဉ်မှတ်တမ်းမှသဲလွန်စ

ရဲတပ်ဖွဲ့ဝင်များသဲလွန်စရှာဖွေရတော့သည်။ ရဲလုပ်ထုံးလုပ်နည်းများကုန်စင်အောင်ဆောင်ရွက်ကြည့်ရှုရှာဖွေခဲ့ရာတွင် အိမ်အတွင်းရှိစာအုပ်စင်မှအိမ်ရှင်ဦးစိုးမြင့်ဝင်း၏ နေ့စဉ်ဒိုင်ယာရီစာအုပ်မှတ်တမ်းထဲတွင် လူသတ်တရားခံ၏ခြိမ်းခြောက်သည့်လက်ရေးမူရင်းစာတစ်စောင်အားငှင်း၊ လူသတ်တရားခံနှင့် ပတ်သက်သည့် နေ့စဉ်မှတ်တမ်းရေးသားထားသည့် မှတ်တမ်းများအားငှင်း၊ အိမ်ရှေ့ဗီရိုနားရှိ ချိတ်ဆွဲထားသော ၁၉၉၈ ခုနှစ်၊ ပြက္ခဒိန်ပေါ်မှ လူသတ်တရားခံအိမ်သို့ လာရောက်သည့်နေ့၊ ပြန်လည်ထွက်ခွာသွားခဲ့သည့် နေ့များကို မှတ်သားထားကြောင်း၊ တွေ့ရှိလိုက်





ရသည်။ ၎င်းအပြင် အရိုးအသွား တစ်ပေကိုးလက်မခန့်ရှိ လူသတ်ရာတွင် အသုံးပြုခဲ့သည့် ဝါးရိုးတပ် ထင်းခွဲ ဓားမတစ်ချောင်းနှင့် အိမ်နောက်ဖေးဘက် ရေကပြင်မှနက်ဝါကွပ်စိပ်ယောက်ျားဝတ် ပုဆိုးတစ်ထည်အားသွေးစွန်းလျက် အနေအထားဖြင့်သိမ်းဆည်းရခဲ့တော့သည်။ သေဆုံးသူ ဦးစိုးမြင့်ဝင်းဒိုင်ယာရီနေ့စဉ်မှတ်တမ်းများအရလူသတ်တရားခံမှာ သေဆုံးသွားသော အိမ်ရှင် ဦးစိုးမြင့်ဝင်းဘက်မှတော်စပ်သော တူတော်မောင်ဖြစ်သည်။ အစ်မအရင်းမွေးဖွားပြီး ၎င်းအစ်မမှာ သေဆုံးသွားခဲ့သဖြင့် တူတော်စပ်သူအား သားအရင်းကဲ့သို့ ချစ်ခင်တွယ်တာမှု ပြုပြင်ထိန်းကျောင်းလာခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



## ခြေရာလည်းပျောက် ရေလည်းနောက်

လူသတ်တရားခံ ဝင်းသီဟ အသက်(၁၉)နှစ်၊ သူ့ကို ဖမ်းဆီးရမိနိုင်ရေးအတွက် ပဲခူးအမှတ်(၃)ရဲတပ်ဖွဲ့စခန်းမှ နယ်စုံအောင်ဖြန့်၍ခြေရာခံခဲ့သည်။ သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းသို့ ဆက်သွယ်ပြီးဖမ်းဆီးနိုင်ရန် အကူအညီတောင်းခံခဲ့သော်လည်း ဝင်းသီဟမှာခြေရာပျောက်လျက်ရှိနေတော့သည်။ လူသတ်တရားခံပြေးဟု ရဲတပ်ဖွဲ့မှကောက်ချက်ချ သတင်းရရှိထားရာ ရေးမြို့၊ မြိတ်မြို့များသို့ သွားရောက်ခဲ့သော်လည်း ပဲခူးကိုင်း ရွှေကျင်ကျောက်ကြီးမြို့ဘက်သို့ ရောက်ရှိနေကြောင်း သိရှိရပြန်သဖြင့် ကျောက်ကြီး ရွှေကျင်ဘက်တွင် မရှိပြန်တော့။ တောင်ငူမြို့ဘက် စစ်ကိုင်း၊ မန္တလေးမြို့များတွင် ခြေရာခံစုံစမ်းထောက်လှမ်းပါသော်လည်း ဝင်းသီဟမှာ တရားခံ၏သတင်း ပေါ်လိုက်မြုပ်လိုက်ဖြင့်သာ ဖမ်းဆီးရမိခဲ့ခြင်းမရှိခဲ့ဘဲ ပျောက်ဆုံးနေတော့သည်။





## မြေမလျှိုး မိုးမပျံနိုင်တော့ပြီ

ဝင်းသီဟ၊ လူသတ်တရားခံပြေး၊ ဌာနတစ်ခုမှ ထွက်၍နောက်ဌာနအသစ်တွင် ဝင်ရောက်နေခဲ့သည်။ ဤဌာနမှနေ၍ နောက်ဌာနသို့ဆက်လက်ကူးပြောင်းပြီးခြေရာဖျောက်သည်။ ရောင်တိမ်းပြီးနေထိုင် သွားလာခဲ့သည်။ ဤကဲ့သို့ ဝင်းသီဟမှာ ဟိုမြို့ရောက်လိုက်၊ ဒီမြို့ပြောင်းလိုက်ဖြင့် နှစ်ကာလတိုင်အောင် ရှည်လျားခဲ့တော့သည်။ ပဲခူးမြို့သူမြို့သားများမှ ဤလူသတ်မှုကို မဖော်ထုတ်ပေးနိုင်ခဲ့၍ ရှုထောင့်အမျိုးမျိုးမှ ဝေဖန်အပြစ်ဆို အားမလိုအားမရသည်အထိ ဖြစ်ပေါ်လာခဲ့တော့သည်။

ထိုအချိန်အခါတွင် လူသတ်တရားခံပြေးဝင်းသီဟမှာ ဌာနတစ်ခု၏ အပြစ်ပေးခံရပြီး တောင်ငူမြို့ အကျဉ်းထောင်ထဲဝယ် ထောင်ဒဏ်တစ်နှစ်ခွဲကျခံနေရသောအချိန်ဖြစ်၍ သတင်းအစအန လုံးဝမရရှိခဲ့ဘဲ ပျောက်ကွယ်နေခဲ့တော့သည်။ ၁၉-၈-၉၅ ရက်နေ့၊တောင်ငူမြို့အကျဉ်းဦးစီးထောင်မှူးမှ ပြစ်ဒဏ်ကျခံနေရသော ပြစ်ဒဏ်ကျတရားခံ ဝင်းသီဟသည် ၁၉၉၅၊ နိုဝင်ဘာလ၌ ပဲခူးမြို့၊ ဥဿာမြို့သစ်တွင် နှစ်လောင်းပြိုင်လူသတ်မှုကျူးလွန်ခဲ့ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ထောင်အာဏာပိုင်များထံ တရားခံကိုယ်တိုင် ဖွင့်ဟဝန်ခံလာသည့်အတွက် ၎င်းတရားခံအား စစ်ဆေးအရေးယူဆောင်ရွက်နိုင်ရန်အတွက် လာရောက်ခေါ်ဆောင်ရန် ပဲခူးအမှတ်(၃) ရဲတပ်ဖွဲ့စခန်းသို့ တယ်လီဖုန်းဖြင့် ထောင်မှူးကြီး ကိုယ်တိုင် ဆက်သွယ်ခဲ့ရတော့သည်။







အမှေ့ကိစ္စ

ဤသတင်းရရှိသည်နှင့်ချက်ချင်း လူသတ်တရားခံပြေး ဝင်းသီဟအား ခေါ်ဆောင်ဖို့ရာ အမှတ်(၃) ရဲတပ်ဖွဲ့မှ ဒုရဲအုပ် အောင်သိန်းဝင်းဦးစီး၍ လုံလောက်သော အစောင့်များဖြင့် တောင်ငူမြို့အကျဉ်းထောင်မှနေ၍ ပဲခူးမြို့သို့ ခေါ်ဆောင်ခဲ့ရတော့သည်။ ဝင်းသီဟကို ပဲခူးမြို့၊ အမှတ်(၃) ရဲတပ်ဖွဲ့စခန်းသို့ ရောက်ရှိလာသောအခါ လက်ရှိစခန်းမှူး ရဲအုပ်တင်အုန်းမှ ကိုယ်တိုင်ဦးစီးပြီး စစ်ကြောရေးပြုလုပ်ခြင်း တရားသူကြီး ရှေ့မှောက်တွင် တရားခံ၏ဆန္ဒအရ ဖြောင့်ချက်ပေးနိုင်ရန် စီစဉ်ပေးခြင်းတို့ဖြင့် အမှုအား နိုင်မာစွာတည်ဆောက်တော့သည်၊ ဝင်းသီဟ အသက်က(၁၉)နှစ်။

၁၉၉၅ ခုနှစ်ကဖြစ်သည်။ ၎င်း၏မိဘများမရှိတော့သည့်နောက်ပိုင်း ဦးလေးတော်စပ်သူ ဦးစိုးမြင့်ဝင်းနှင့်ဒေါ်ခင်ဆွေဦးတို့မှ လူလားမြောက်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ ဦးစိုးမြင့်ဝင်းတို့ ဇနီးမောင်နှံ၌ သားသမီးထွန်းကားခြင်းမရှိ။ တူတော်မောင်ကိုသာလျှင် သားအရင်းချစ်ခင်စေပြီး အရွယ်ရောက်လာတော့ ဌာနတစ်ခုတွင်



www.burmeseclassic.com

www.burmeseclassic.com




အလုပ်အကိုင်သွင်းပေးခဲ့ပြီး အလုပ်အကိုင်ရှိလာပြန်တော့ မွေးစားမိဘ ဦးလေးအဒေါ်ထံသို့မကြာခဏ အိမ်ပြန်လာသည်။သူ့အိမ်သို့ ပြန်လာလေ့ရှိသည်။ ပြန်သွားလေ့ရှိသည်ကို ဦးစိုးမြင့်ဝင်းမှ ပြက္ခဒိန်၌ အမြဲမှတ်ထားပြီး ဒိုင်ယာရီမှာလည်း မှတ်သားထားသည်။ ဒါက ဦးစိုးမြင့်ဝင်း၏ အလေ့အကျင့်။ ဝင်းသီဟအိမ်သို့ပြန်လာလေ့ရှိတိုင်း သူ့အတွက်အမွေတောင်းခံသည်။ မရသောအခါတွင်ခြိမ်းခြောက်ပြောဆိုလာသည်။ဝင်းသီဟမှာခြိမ်းခြောက်၍တောင်းလိုက်၊ ချော့၍တောင်းလိုက်ဖြင့်အချိန်ကာလကြာရှည်ခဲ့လေသည်။ ပြန်လာလိုက်သွားလိုက်ဖြင့်သာ၊ ၁၉၉၅ခုနှစ်၊ နိုဝင်ဘာလ နောက်ဆုံးအပတ်တွင် ဝင်းသီဟ ရုတ်တရက်အိမ်သို့ပြန်ရောက်လာခဲ့တော့သည်။ ထိုအချိန်မှာရေးမြို့တွင်ဝင်းသီဟမှာ အလုပ်လုပ်နေချိန်ဖြစ်သည်။ ဦးလေးဦးစိုးမြင့်ဝင်းထံလာရောက်ချိန်တွင် အဒေါ်ဖြစ်သူ ဒေါ်ခင်ဆွေဦးဘက်သို့လှည့်၍ အမွေခွဲဝေပေးရန်တောင်းတော့သည်။ဦးစိုးမြင့်ဝင်းက အပြင်သို့သွားနေချိန်မို့ ဘာမျှမပြောဘဲလင်ယောကျ်ားပြန်ရောက်ရှိချိန်တွင် ဝင်းသီဟမှာအမွေထပ်မံတောင်းခံနေကြောင်းတိုင်တန်းလိုက်သည်။ဦးစိုးမြင့်ဝင်းကပြောဆိုဆုံးမသော်လည်း ဝင်းသီဟနှင့် တစ်ယောက်တစ်ခွန်းစကားများ





ကြတော့သည်။ ဦးလေးဖြစ်သူထံမှ ဝင်းသီဟအား ပါးတစ်ချက်ရိုက်လိုက်သည်။

ထိုနေ့ကပါးရိုက်ခံလိုက်ရသည့်နာကြည်းမှုဒဏ်ရာ အမွေခွဲဝေခိုင်းလို့မရသည့်စိတ်တို့ဖြင့်စာတစ်စောင်ရေးပေးခဲ့သည်။ စာထဲတွင်မတော့--





www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းခြောက်စာတစ်စောင်

"ခင်ဗျားတို့ကို တစ်သက်မကျေဘူးမှတ်ပါ။ နှစ်ယောက်စလုံးသတိထားပြီးနေကြ၊ဝင်းသီဟဆိုတဲ့ကောင်က အဆိပ်နဲ့ပဲဆိုတာသိရမယ်။အဘွားတို့ရဲ့ပစ္စည်း၊အဖေအမေတို့ရဲ့ပစ္စည်း၊ ခင်ဗျားတို့လက်ချက်ကြောင့် လက်ဝါးကြီးအုပ်နေတယ်။ ခင်ဗျားတို့ကြောင့် အဖေအမေဆုံးရတယ် ခင်ဗျားတို့နှစ်ယောက်ကောင်းကောင်းထမင်းစားထားကြ"

စာရေးသားပြီး ဝင်းသီဟပျောက်ကွယ်သွားသည် သိပ်မကြာလှပါ ပြန်ရောက်လာပြန်သည်။ မွေးစားမိဘဦးလေးအဒေါ်တွေက အပြစ်မယူဘဲအချစ်ပိုစေခဲ့ပြန်တယ် ပြုစုခဲ့တယ်။ဝင်းသီဟကတော့ ယခင်လိုမဟုတ် ခြံထဲဆင်ပြီးမြက်တွေကို ပေါက်တူးနှင့်ပေါက်လိုက် မြက်ရှင်းအမှိုက်ကောက်လိုက် သန့်ရှင်းရေးတွေလုပ်လို့ နှစ်ရက်ခန့်အကြာ ဒေါ်ခင်ဆွေဦးထံ အမွေဆက်တောင်းခံပြန်သည်။ ဒေါ်ခင်ဆွေဦးမှတဆင့် လင်ယောကျ်ားကိုပြန်ပြောပြသည်။ဒေါ်ခင်ဆွေဦးကိုပြောဆိုပြီး ပဲခူးဈေးကြီးထဲကို ဈေးသွားဝယ်လိုက်သည့်အချိန် အိမ်ကို ပြန်လာတော့ မိုးက သဲသဲမဲမဲ အငြိုးကြီးစွာရွာချနေသည်။ အိမ်ရောက်တော့ အဒေါ်ဖြစ်





သူမှာ အိမ်ရှေ့ခန်းထဲ မီးပူတိုက်နေ၏။ အိမ်ခန်းထဲတွင်ရှိနေသော ဦးစိုးမြင့်ဝင်းမှ ဝင်းသီဟကိုခေါ်၍ ဆူသည်။ ဒေါသဖြစ်လွန်း၍ ပါးရိုက်ပြီးဆုံးမသည်။





www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သစေရာ

ဝင်းသီဟမှာ ဘာမှမမြင်တော့။ စိတ်ထဲနှလုံးသား‌ထဲပေါက်ကွဲထွက်လာတော့ ဒေါ်သကြောင့် အနီးအနားတွင်ရှိသော ထင်ခွဲဓားမဖြင့်ဦးစိုးမြင့်ဝင်း၏ကုတ်ပိုးနှင့်နားရွက်နောက်ကို တစ်ချက်စီခုတ်ချလိုက်တော့သည် ဦးစိုးမြင့်ဝင်း လဲကျသွားသည်။ ပါးစပ်မှလည်း မင်း–မင်း၊ သိပ်ရက်စက်–စက် ပြောရင်း သေဆုံးသွားသည်။

ထိုကဲ့သို့ဖြစ်နေချိန် ဒေါ်ခင်ဆွေဦး ပြေးဝင်လာသည်။ "နင့်ကိုရဲစခန်းတိုင်ဖမ်းမယ်" ပြောလိုက်တော့ ဒေါ်ခင်ဆွေဦး၏ဦးခေါင်းငယ်ထိပ်ကိုခုတ်ချလိုက်သည်။ နောက်တစ်ချက်နောက်စေ့ကိုခုတ်ချလိုက်သည်။ ဒေါ်ခင်ဆွေဦးဖြေည်းစွာလဲကျသွားပြီး"အေး နင့်ကိုမကျေဘူးမှတ်၊ ငါနင့်ကိုကောင်းကောင်းဒုက္ခပေးမယ်မှတ်" အသံတိတ်ဆိတ်သွားတော့သည်။ နှစ်ဦးစလုံး သွေးအိုင်ထဲသေဆုံးသွားသည်။ဝင်းသီဟသည်လူသတ်မှုကျူးလွန်ပြီးနောက်ရေချိုးပြီး ကိုယ်လက်သန့်စင်လိုက်သည်။ သွေးစွန်းပေနေသော ပုဆိုးကို နောက်ဖေးရေကပြင်တွင်ချွတ်ထားပြီး အိမ်ကိုသော့ခတ် ကျောခိုင်းလိုက်တော့သည်။





မိုးက သဲသဲမဲမဲရွာနေဆဲ။ လူအနေပေးသော ခြံအကျယ်မို့ ခည်သူမှမသိရှိလိုက်။ လူသတ်မှုကျူးလွန်ပြီး ထွက်ပြေးခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



**စိတ်ချောက်ချားမှုဒဏ်မခံနိုင်**

လှည့်ပတ်ရှောင်တိမ်းရင်းဆွေမျိုးသားချင်းများထံ **လှည့်လည်**ရှောင်ရှားခဲ့သော်လည်း အိပ်မက်ထဲတွင် **အဒေါ်ဖြစ်သူ၏** မသေခင်ပြောသွားသော နင့်ကို မကျေဘူးမှတ်၊ **ကောင်း**ကောင်း ဒုက္ခပေးမယ်ဆိုတာကို အမြဲကြားနေရ**တယ်။** အိပ်ပျော်သွားလျှင် တစ်ယောက်ယောက်က လှုပ်**နှိုးလိုက်**သလို ခံစားလိုက်ရသည်။ ကြည့်လိုက်ပြန်တော့လည်းမည်သူမျှမရှိ။ မကြာခဏ ရင်တုန်ပန်းတုန် ဖြစ်ခဲ့ရသည်။ ထိုဖြစ်စဉ်မှာ တစ်နေ့မဟုတ် နေ့စဉ်လိုလို ခံစားနေရကာ သူ၏အနောက်ကို လူတစ်ယောက်အမြဲလိုက်နေသလိုလို ကြာတော့ သောကဝေဒနာကို မခံစားနိုင်သည့်အဆုံး စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်၊ ကိုးတောင်ဘိုကျောင်းမှာသင်္ကန်းဝတ်ပြီး တရားကျင့်ကြံအားထုတ်လည်းစိတ်တွေက ချောက်ချားစေခဲ့ပြီး အနောက်ဘက်မှ လူတစ်ဦးက သူ့လည်ပင်ကို ညှစ်သလို ခံစားရလို့ အော်ဟစ်အကူအညီ တောင်းခံခဲ့ပြန်သည်။ နင်ဘယ်လိုပဲလုပ်လုပ်နင်ကို သတ်ပြစ်ရမှ ကျေမယ်။နင်ကိုယ်တိုင်ဖွင့်ပြော၊သတ်ပါတယ်ဆိုတာ ဝန်ခံ တရားဘာဝနာနဲ့ ပြေလည်းအဖြေက





ရှင်းမဲ့သွား၊သောကဝေဒနာ မခံစားနိုင်သည့်အဆုံး အလုပ်ဌာနနဲ့ပတ်သက်တဲ့ ပြစ်မှုတစ်ခုကို သင်္ကန်းချွတ်ပြီးဝန်ခံ၊ အဖမ်းခံလိုက်ရာမှ ထောင်တစ်နှစ်ခွဲ ကျခံခဲ့ရသည်။ တောင်ငူမြို့ အကျဉ်းထောင်ထဲမှာ ထောင်ကျခံနေရသည့်တိုင် ယခင်အတိုင်း ညတိုင်း မြင်တွေ့ကြားသိပြီး လာလှုပ်နှိုးနေပြန်တယ်။ လူသတ်မှုကို ဖော်ပြလိုက်၊ မပြောရင် ညတိုင်း ဒုက္ခပေးမယ်၊လည်ပင်းညှစ်လိုက်မယ်၊ခံစားနေရပြန်တယ်။ မကောင်းမှုပြုမိခြင်း၏ အဓိဋ္ဌာန်ရှုံ မသိစိတ်များကဝင်းသီဟကို အမြဲခြိမ်းခြောက်လှန့်နေတော့၏။ ဝင်းသီဟအိပ်ရေပျက်ခဲ့ရသည်။ လပေါင်းများစွာ ရေတွက်၍ မရတော့။ သောကဝေဒနာကို ဘယ်လိုမှဖြေဖျက်၍မရသောအခါတွင်ကြိတ်မှိတ်ခံစားလို့မရတော့သည့်အဆုံး၌ထောင်အာဏာပိုင်များထံ တရားခံ ဝင်းသီဟမှ လူသတ်ခဲ့ရပါကြောင်း ဖွင့်ဟဝန်ခံလိုက်တော့သည်။ လူသတ်ပါသည်ဟုထုတ်ဖော်ဝန်ခံလိုက်သည့် နေ့မှစ၍ အိပ်၍ကောင်း၊ လာရောက်လှုပ်နှိုးခြင်းလည်းမရှိ စိတ်ထဲပေါ့ပါး လန်းဆန်းသွားသည်။

တရားရုံးတော်မှ ဝင်းသီဟအားသေဒဏ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





ခင်တာပေ



# ား တစ်လက်နှင့်လူတစ်ယောက်

သတင်းထောက်ခင်



ည်ရွယ်ချက်ကောင်းသော်လည်း လုပ်ရပ်ကမမှန်
ကိုမှန်ကန်ပါလို့ အိမ်ပြေးလုပ်တဲ့အောင်ထူး၊
ယက်မှုကျူးလွန်ခဲ့ရာမှ ရာဇဝတ်ကောင်ဖြစ်ရ၊
ဒုစရိုက်သမားတွေအတွက် ပြေးစရာမြေမရှိကြော
င်ခန်းစာယူစရာကောင်းအောင်
း‌မောင်းထိုးပြလိုက်တဲ့ဖြစ်ရပ်။

www.burmeseclassic.com

www.burmeseclassic.com









ရည်ရွယ်ချက်ကောင်းသော်လည်း လုပ်ရပ်က မမှန်
မိဘကို ပုန်ကန်လို့ အိမ်ပြေးလုပ်ဖို့ အောင်ထူး၊
လယက်မှ တျူးလွန်ခဲ့ရသူ ရာဇဝတ်ကောင် ဖြစ်ရ၊
ဒုစရိုက်သမားတွေ အတွက် ပြေးစရာ မြေမရှိကြောင်း
သင်ခန်းစာ ယူစရာကောင်းအောင်
မီးမောင်းထိုးပြလိုက်တဲ့ ဖြစ်ရပ်။

## ဓားတစ်လက်နှင့် လူတစ်ယောက်

ခင်တာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဓားတစ်လက်နှင့်လူတစ်ယောက်

"ဟိတ် . အော်မယ်တော့ မကြံနဲ့နော်၊ ဓားနဲ့ ထိုးလိုက်မယ်၊ ချွတ်စမ်း၊ လည်ပင်းက ဆွဲကြိုး"

"ကျွန်မ--ကျွန်မ ချွတ်ပေးပါမယ်- ဒါပေမယ့်"

"ချွတ်ရင် မြန်မြန်ချွတ်၊ လုပ်လေ၊ ဘာကြောင်နေတာလဲ"

"ဟုတ်ကဲ့၊ ဟုတ်"

အခုမှ ခက်ချေပြီ။ မော်လမြိုင်မြို့တွင် နေထိုင်လာခဲ့သည်မှာ ကြာခဲ့ပြီ။ ဒီလို ဓားထောက်လုယူခဲ့သည် အဖြစ်မျိုး မကြုံဖူး။ ယခု မိမိကိုယ်တိုင် ဓားထောက်လုယူခံနေရသည်။ မော်လမြိုင်မြို့၊ အထက (၆)မှ သားဖြစ်သူအတွက် ထမင်းချိုင့်ပို့ပြီး အထက်လမ်းမကြီးအတိုင်းလမ်းလျှောက်ပြီး နေအိမ်သို့ ပြန်လာစဉ် မွန်နှစ်ချင်း ခရစ်ယာန်ကျောင်းပလက်ဖောင်းရှေ့အရောက် ရုတ်တရက် လူတစ်ယောက်





ရောက်ရှိလာသည်။ အသားမည်းမည်း၊အသံဝဲဝဲဖြင့်လူငယ်တစ်ဦး အရိုးအသွား ကိုးလက်မခန့်ရှိ နှစ်ဖက်သွားဓားဦးချွန်ဖြင့် ဒေါ်မျိုးမြင့်အေးရင်ဝကိုထောက်ပြီး လည်ပင်းတွင်ဝတ်ဆင်ထားသည့် ဓောင်းလျားသီးပုံဆွဲကြိုးတစ်ကျပ်သားခန့်ကို တောင်းယူနေသည်။

"မြန်မြန်ချွတ်လို့ ပြောနေတာကြားလား"

"ဟုတ်ကဲ့ပါရှင်၊ ဒီမှာ ဒီမှာ"

ဆွဲကြိုးလုယူသော လူငယ်ဘေးပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ လူတွေက သူတို့ကို ကြည့်နေကြသည်။ ပြီးနောက် ဆွဲကြိုးလုယူမှန်း သိရှိသွားသည်။

"လာကြပါဦး ကျွန်မဆွဲကြိုး ပါသွားပြီ၊ ကယ်ကြပါဦးရှင့်၊ ကယ်ကြပါ။

"ဆွဲကြိုးလုနေတာ၊ ဝိုင်းလိုက်ဟ၊ ဖမ်းကြဟေ့"

"အကြံသမား ဓားထောက်လုယူသူသည် သူဘာမှမကြံတတ်တော့သည့်အဆုံး ဒေါ်မျိုးမြင့်အေးလည်ပင်းတွင်ဆွဲထားသည့် ဆွဲကြိုးကိုလက်ဖြင့် ဆွဲ၍ ဖြတ်ကာ နေရာမှခြေဦးတည့်ရာသို့ ထွက်ပြေးသွားတော့သည်။


"ဟေ့ ဟိုမှာ ထွက်ပြေးသွားပြီ၊ လိုက်ဟ၊ ချဟ"



www.burmeseclassic.com

www.burmeseclassic.com










"မလွတ်စေနဲ့၊ မိရင် နာရင်းသာတီးပစ်လိုက်"

"ဟေ့ အနောက်က လိုက်လာတဲ့ကောင်တွေ လိုက်ရလိုက်ခဲ့ကြ၊ ဒီမှာတွေ့လားဓား၊ သတ္တိရှိတဲ့ကောင် လာခဲ့ကြ လိုက်ခဲ့ကြ"

ဓားထောက်လုယူသည့်သူက ပြေးရင်းလွှားရင်း ဓားထောင်၍ ခြိမ်းခြောက်ကာမူကြိုကျောင်းအတွင်းသို့ဝင်ရန်အုတ်နံရံအားကျော်ခွကာခြံနွယ်ပိတ်ပေါင်းထူထပ်သည့်နေရာသို့ အခွင့်ကောင်းယူလျက် ထွက်ပြေးလွတ်မြောက်သွားတော့သည်။ အလုခံရသည့်ဒေါ်မျိုးမြင့်အေးနှင့်ဆွေမျိုးသားချင်း ပတ်ဝန်းကျင်ရပ်ကွက်နေ လုပ်သား ပြည်သူများမှ အဖွဲ့ခွဲ၍ လုယူသူကို ရှာဖွေကြသော်လည်း တရားခံမှာ ခြေရာလည်းပျောက် ရေလည်းနောက် ပျောက်သွားလေပြီ။

"ရဲစခန်းကို သွားတိုင်၊ ရဲစခန်းကိုသွား"

နောက်ဆုံးရဲစခန်းကို အားကိုးမိတော့သည်။ ဟုတ်သည်လေ၊ ဘာပဲဖြစ်ဖြစ် ကူညီပါရစေဆိုတဲ့ ဆောင်ပုဒ်ကို ရှိနေသလို ရဲတပ်ဖွဲ့ဝင်တွေသာလျှင် လူဆိုးသူခိုးကိုဖမ်းဆီးပေးနိုင်မှာ။ ဒေါ်မျိုးမြင့်အေး လက်တွင် ရရှိထားခဲ့သည့် ဓားဒဏ်ရာကို ဆေးထည့် ပတ်တီးစည်းကာ ငြိုးငယ်သော



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာမှ တက်တယ် .....



မျက်နှာ၊ လေးလံသောခြေလှမ်းတို့ဖြင့် မော်လမြိုင်မြို့မ တပ်ဖွဲ့စခန်းသို့ သွားရောက်ခဲ့တော့သည်။





## ဖမ်းဆီးရန် စီမံချက် သဲလွန်စရှာခြင်း

မြို့မရဲတပ်ဖွဲ့စခန်း၊စခန်းမှူးရဲအုပ်မြင့်ဦးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များလာရောက်တိုင်တန်းနေသော ဒေါ်မြိုးမြင့်အေးပြောဆိုနေသည့်စကားများကို သေချာစွာနားစိုက်ထောင်ပြီး မှတ်စုစာအုပ်တွင် ရေးမှတ်လိုက်ပြီး အမှုစစ်ဒုရဲအုပ် ဇော်မင်းဦးအား တရားခံဖမ်းဆီးရမိရေးအတွက် ညွှန်ကြားနေသည်။

“ကဲ ဒီကိစ္စမှာခင်ဗျားလည်းကြားသိပြီးပြီ။ ကျွန်တော်တို့ ဒီမော်လမြိုင် မြို့လယ်ခေါင်ကြီးမှာ ဓါးမြောင်ကိုင်အတင့်ရဲ လုယက်တာကိုကြည့်ခြင်းအားဖြင့်ကျွန်တော်တို့ရဲ့တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးကိုထိခိုက်စေတယ်”

“ဟုတ်ကဲ့ ဗိုလ်ကြီးကျွန်တော်တရားခံကိုအမြန်ဆုံးဖမ်းဆီးရမိအောင်ကြိုးစားပါ့မယ်ခင်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ခင်ဗျားတို့ကိုယ်စွမ်းရှိသမျှဉာဏ်စွမ်းရှိသမျှ ကြိုးစားပြီးတရားခံကို အမြန်ဆုံးဖမ်းဆီးဗျာ။ ပြော်လုယူခံရတဲ့အမျိုးသမီး ဒေါ်မျိုးမြင့်အေးကို ဆေးစာရေးပြီး ဆေးဝါးကုသလိုက်ပါဦး"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

"နောက်တစ်ချက်က အရေးကြီးတယ်"

"ဟုတ်ကဲ့ပြောပါဗိုလ်ကြီး၊နားထောင်နေပါတယ်"

"အခုလုယူသွားတဲ့ တရားခံလက်ထဲမှာ ဓါးမြှောင်ပါသွားတယ်။ အဲဒီအချက်ကိုသတိထား၊ တပ်ဖွဲ့ဝင်တွေထိခိုက်မှုမရှိအောင်ဆောင်ရွက်ဟုတ်လား၊ ကျွန်တော်နဲ့ နယ်ထိန်းတပ်ဖွဲ့ဝင်တွေ ညာဘက်လမ်းကြောအတိုင်း ပိတ်ဆို့မယ်၊ ခင်ဗျားနဲ့အဖွဲ့က ဘယ်ဘက်အခင်းဖြစ်တဲ့နေရာကစပြီး ခြေရာခံ ထိုးစစ်ဆင်၊ ဘာမေးစရာရှိလဲ"

"မရှိပါဘူး၊ ဗိုလ်ကြီး"

"ကောင်းပြီးဆက်လုပ်"

ဒုရဲအုပ်ဇော်မင်းဦးမတ်တပ်ရပ်၍ စခန်းမှူးရဲအုပ်မြင့်ဦးအား အလေးပြု၍အခန်းတွင်းမှလျှင်မြန်စွာထွက်လာခဲ့ပါတော့သည်။





ပြေးမလွတ်ပုန်းမရ

မော်လမြိုင်မြို့အတွင်း ဓါးထောက်လုယူသည့်ဖြစ်မှုအား မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးကြီးထံသို့ လည်းကောင်း၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးနှင့် မော်လမြိုင်မြို့နယ်မှူးထံသို့ တယ်လီဖုန်းဖြင့် ရဲအုပ်မြင့်ဦးမှ ဆက်သွယ်သတင်းပေးပို့ခဲ့ပြီး ဖြန့်ခွဲဖမ်းဆီးနေသော တပ်ဖွဲ့ဝင်များကို အနီးကပ်ကြီးကြပ် ကွပ်ကဲရန် စီစဉ်နေရတော့သည်။ ယင်းနောက် ဒုရဲအုပ်မျိုးဦးနှင့်တပ်ဖွဲ့ဝင်များကို ခေါ်ယူကာ အခင်းဖြစ်အရပ် စစ်ကဲကုန်းရပ်ကွက်၊ အထက(၆)ကျောင်းအနီး မွန်နှစ်ခြင်းခရစ်ယာန်ကျောင်းရှေ့တွင် သွားရောက်ကြပြီး ရယက ဥက္ကဋ္ဌ ဦးအုန်းသော်၊ အနီးပတ်ဝန်းကျင်ရှိ အင်ဂျင်နီယာ ဦးလှမိုးတို့နှင့်အတူ ပတ်ဝန်းကျင်ရှိ ပြည်သူများနှင့် တွေ့ထိမေးမြန်းရတော့သည်။

"ကိုဇော်မင်းဦး အခြေအနေဘယ်လိုလဲ"

"တရားခံကတော့ဒီမြို့ကမဟုတ်ဘူးဆိုတာလောက်တော့သိရတယ် ဗိုလ်ကြီး"

"နောက်ပြီးတော့"




www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကျော်ခွတယ် …….



"လမ်းမကြီးတွေ၊လမ်းသွယ်တွေဒီလောက်ရှိပါလျက်နဲ့ လမ်းအတိုင်းမပြေးဘဲ အမှတ်(၁)မူလတန်းကျောင်းအုတ်နံရံအမြင့် (၇)ပေခန့်ရှိတဲ့ နေရာကို ကျော်လွှားထွက်ပြေးသွားတယ်"





"ကဲမျက်မြင်သက်သေတွေရဲ့ပြောပြချက်နဲ့ တရားခံသွားရာလမ်းကြောင်းက ဒီမူကြိုကျောင်းဝန်းထဲ ရောက်ပြီး၊ ကျောင်းကဖြတ်လိုက်တာနဲ့ စစ်သားစုဆောင်းရေးကို

ဖြတ်ဝင်သွားရမယ်။ စစ်သားစုဆောင်းရေးကို ကျော်ဖြတ်ရင် စစ်ကဲကုန်း၊ သစ်တောရုံးလမ်းရှိမယ်။ စစ်ကဲကုန်းရယက အဖွဲ့ရုံးရှိမယ်။ ဒါကသစ်တောရုံးလမ်း၊ ဒီတရားခံဖြတ်ပြေးတဲ့လမ်းကြောင်းက သလွန်စခြေရာခံလိုက်၊ ဒါကစစ်သားစုဆောင်းရေးဝန်းတွင်းဟုတ်လား"

စခန်းမှူး ရဲအုပ်မြင့်ဦးမှ မြေကြီးပေါ်တွင်အကြမ်းဖျင်းမြေပုံဆွဲ၍ ဒုရဲအုပ်ဇော်မင်းဦးအားပြသ၍ သလွန်စခြေရာခံရန်ပိတ်ဆို့ဖမ်းဆီးရမိစေရန် ထပ်မံမှာကြားလိုက်သည်။

"ရှင်းတယ်နော် ကိုဇော်မင်းဦး"

"ဟုတ်ကဲ့ရှင်းပါတယ်"

"ကျွန်တော်နဲ့အဖွဲ့ကစစ်ကဲကုန်းသစ်တောရုံးလမ်းထိပ်ကပိတ်ဆို့ပြီး၊ ခင်ဗျားတို့အဖွဲ့နဲ့ ပြန်လည်ဆုံပေါင်းမယ်။ ကဲ သွားကြပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုင့်ဝင်တယ် ……



"ဟုတ်ကဲ့"

ဒုရဲအုပ်ဇော်မင်းဦးနှင့်ရဲတပ်ဖွဲ့ဝင်များမှုကြီးကျောင်းဝန်းထဲဝင်ရောက်ကာ တရားခံသွားလာနိုင်သည့် ဖြတ်ပြေးသွားသည်ကို ခြေရာခံလိုက်ခဲ့ကြတော့သည်။ သတိဝီရိယ





ဖြင့် ချဉ်းကပ်လာရာမှ စစ်သားစုဆောင်းရေး ဝန်းအတွင်းသို့ ရောက်ရှိကြသည်။ ထူးခြားချက် ဘာမှမရှိ။ စစ်သားစုဆောင်းရေးဝန်းအတွင်းမှဖြတ်သော်ဆောက်လုပ်ရေးဝန်းထဲသို့ရောက်ရှိသွားသည်။ ကားလမ်းမသို့ ဒုရဲအုပ်ဇော်မင်းဦးတို့ စခန်းမှူးရဲအုပ်မြင့်ဦးနှင့် ပြန်လည်ပူးပေါင်း လိုက်ကြသည်။

"ဗိုလ်ကြီးသဲလွန်စခြေရာကဒီဆောက်လုပ်ရေးဝန်းထဲမှာတင် ပျောက်နေတယ်"

"ဟုတ်တယ်ဗျ၊ အခုဒီအနီးအနားက အိမ်တွေကိုတရားခံပုံသဏ္ဍာန်ကိုမေးကြည့်တော့ ဒီဘက်ကို လာတာမတွေ့ကြောင်းပြောနေကြတယ်။ အင်း–"

စခန်းမှူးပြောဆိုရင်းခေတ္တစဉ်းစားလိုက်ကာ–

"ဒီတရားခံ ဆောက်လုပ်ရေးအင်ဂျင်နီယာ ရုံးဝန်းထဲမှာပဲ ရှိကိုရှိရမယ်။ ဟုတ်ပြီ ကိုဇော်မင်းဦး၊ နောက်ကြောင်းပြန် ဆောက်လုပ်ရေးဝန်းထဲ ပိုက်စိပ်တိုက်ရှာ တရားခံ ရှိကိုရှိနေရမယ်။ ပုန်းအောင်းနိုင်ကဲ့နေရာမှန်သမျှ သတိဝီရိယနဲ့ ရှာဗျာ။

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီလမ်းကနေပြေးတယ် ......







ဆောက်လုပ်ရေးအင်ဂျင်နီယာ ဝန်းအတွင်းသို့ တပ်ဖွဲ့ဝင်များဖြည့်စွက်ကာ ပိတ်ဆို့ရှာဖွေလေတော့သည်။ ဆောက်လုပ်ရေးအင်ဂျင်နီယာဝန်းအတွင်းရှိဘိလပ်မြေများ ထားရာ အဆောက်အအုံဘေးသံရေစည်ပျက်အနီးသို့ကိုက် (၂၀၀) ခန့်အကွာတွင် စခန်းမှူးရဲအုပ်မြင့်ဦးနှင့် ဒုရဲအုပ် မျိုးဦးနှင့် တပ်ဖွဲ့ဝင်များ ရပ်ကာကြည့်လိုက်ပြီး –

"ကိုမျိုးဦး ဒီကောင် ဒီအထဲမှာ ရှိနေလိမ့်မယ်"

"ဟုတ်ကဲ့ ကျွန်တော်သွားလိုက်မယ်"

"ခင်ဗျား အနားသိပ်မကပ်နဲ့၊ ဒီကောင်လက်ထဲ ဓါးပါနေတယ်။ ကျွန်တော်တို့ ရှေ့က ဆွယ်ရောင်ပြပြီး အသံကျယ်ကျယ်နဲ့ ထွက်လာခဲ့ဖို့ အော်ပြောဗျာ။ ကိုဇော်မင်းဦးတို့အဖွဲ့လည်း သံရေစည်ပျက်အနောက်ထဲမှာ ရှိနေမှာ အခြေအနေအားလုံး သူတို့အဖွဲ့သိတယ်။ ကဲ အော်တော့"

"ဟေ့ကောင် မင်းအဲဒီအထဲက ထွက်လာခဲ့၊ မင်း အေးအေးဆေးဆေးအဖမ်း ပါ။ တို့ရဲတပ်ဖွဲ့ဝင်တွေဝိုင်းကို ဝိုင်းထားပြီ မင်းထွက်ပြေးဖို့ မကြိုးစားပါနဲ့."



www.burmeseclassic.com

www.burmeseclassic.com



သံရေစည်ပျက်တွင်းတွင် ပုန်းတယ် ......



ခင်တာပေ



ဟု အသံ ကျယ်ကျယ် ရှေ့သို့လျှောက်ကာ အော်၍ ပြောဆိုလိုက်သည်။ ပထမ၊ ဒုတိယ၊ တတိယ ထပ်မံ အော်ဟစ်၍ ရေစင်အနီးနားအရောက်တွင် သံရေစည်ပျက်ထဲမှ ဓားကိုင်လူငယ်တစ်ဦး ထွက်လာပြီး ရဲတပ်ဖွဲ့ဝင်များအားဝင်ရောက် လုံးထွေးသတ်ပုတ်နေသည်။ ဤအခြေ အနေကို မျက်ခြေပြတ်မခံသော ရဲအုပ်မြင့်ဦးမှ ခါးကြားမှ သေနပ်ကိုထုတ်၍ တရားခံပေါင်ကို ပစ်မှတ်အဖြစ် ချိန်လိုက်ပြီချိန်တွင်-



ခင်တာပေ

www.burmeseclassic.com

www.burmeseclassic.com

"မင်း တို့တပ်ဖွဲ့ဝင်တွေကို ရန်မပြုဘဲ အေးအေး ဆေးဆေးအဖမ်းခံ၊ နို့မဟုတ်ရင် ငါပစ်ပြီးဖမ်းရလိမ့်မယ်"

ဟု အော်ဟစ်လိုက်ရာ ဓါးကိုင်သူ လူငယ်က စခန်းမှူး ရဲအုပ်မြင့်ဦးဘက်သို့ လှည့်အကြည့် -----

ဒုရဲအုပ်ဇော်မင်းဦးက ဓါးကိုင်ထားသည့် လက်အား လက်ဝါးစောင်းဖြင့်ရိုက်ချတော့ လူဆိုးလက်မှဓါးမြေပေါ်သို့ ပြုတ်ကျသွားပြီး မြေကြီးပေါ်တွင် ခွေခွေလေး လဲကျနေစဉ် လူဆိုး၏ လက်နှစ်ဖက်အား လက်ထိပ်ခတ်ပြီးသားလူဆိုးမှာလျှပ်တစ်ပြက်အတွင်းလျှင်မြန်စွာထိုးနှက်လာသည်ကို ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။ အနီးကပ်တိုက်ခိုက်ရေးတွင် လေ့ကျင့်မှုရှိပြီးသား ဒုရဲအုပ် ဇော်မင်းဦးအဖို့ ဒီအကွက်သည် ထမင်းစား၊ ရေသောက်ပမာ သဘောထားသည်။

"ကဲ ထစမ်း၊ ဟော့ကောင် ပြောနေတာကြားလား"

ပြောလိုက်ရာ လူဆိုးမတ်တပ်ရပ်လိုက်လျက်စခန်းမှူးတို့အဖွဲ့ရောက်ရှိလာကြပြီး သက်သေများနှင့် အဖွဲ့ငယ်များစုစည်းမိကြသည်။ စခန်းမှူး ရဲအုပ်မြင့်ဦးသည် ဒုရဲအုပ် မျိုးဦးအား -





" ကိုမျိုးဦး သက်သေတွေရှေ့မှာ ဒီမြေကြီးပေါ်က ဓါးကို ရှာဖွေပုံစံ သက်သေခံ ပစ္စည်းသိမ်းဆည်းလက်မှတ်ထိုးပြီးရင် စခန်းခေါ်ခဲ့"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

"တရားခံ ဖမ်းဆီးရမိစေရေးအတွက်ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်တွေကို ကူညီပေးကြတဲ့ လူတွေကို အထူးကျေးဇူးတင်ပါတယ်"

ဟု ပြောရာ ရ.ယ.က ဥက္ကဋ္ဌမှ-

"မဟုတ်တာဘဲဗိုလ်ကြီးရာ ကျွန်တော်တို့မှာလည်းတာဝန်ရှိတာပဲ"

"ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေက ခင်ဗျားတို့ကိုကူညီကြပါဗျာလို့ တောင်းရမှာပဲ။ ကူညီပါရစေဆိုတာတပ်ဖွဲ့အတွက်ဆောင်ပုဒ် ခင်ဗျားတို့ ဝိုင်းဝန်း ပိတ်ဆို့ကူညီပေးကြလို့ သတင်းပေးကြလို့ တရားခံကို အမြန်ဆုံး(၄၅)မိနစ်အတွင်း ဖမ်းဆီးရမိပါတယ်"

"ဗိုလ်ကြီးတို့ တပ်ဖွဲ့ဝင်တွေ တော်လို့ပါခင်ဗျား"

"ဟဲ-ဟဲ၊ ဟီး--ခင်ဗျားကတော့မြှောက်ပြောနေပြီမယ်။ ဟုတ်တယ် ဒုရဲအုပ်မင်းဦးရဲ့လျှင်မြန်တိုက်ခိုက်ချက်


www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကြည့်လို့ကောင်းလိုက်တာ"

"ဒီလိုပဲပေါ့ဗျာ စွန့်စားရတာပေါ့ "

ဟိုအရှေ့လမ်း ......



ခင်စာပေ



သက်သေခံပစ္စည်း ဘယ်မှာလဲ

ရဲတပ်ဖွဲ့စခန်း မြို့မနယ်ထိန်းရုံးခန်းတွင် တရားခံအား လက်ထိပ်ခတ်လျက် ဒုရဲအုပ်ဇော်မင်းဦးကမေးမြန်းစစ်ဆေးလေတော့သည်။

"မင်းနာမည်၊ အသက်၊ အဖေ နာမည်၊ နေရပ်က"

"ကျွန်တော့်နာမည် အောင်ထူး (ခ) ထူးအောင်၊ အသက် (၂၀)နှစ်၊ အဘ ဦးမောင်ရွှေ"

"မင်း လုယူခဲ့တဲ့ ဆွဲကြိုးဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဟိုး ပြေးရင်းလွှားရင်းဘယ်နားပျောက်ကျရစ်ခဲ့သလဲ မသိဘူး ခင်ဗျ"

ခက်ချေပြီ တရားခံဖမ်းမိပြီး သက်သေခံပစ္စည်းထပ်မံရှာဖွေရမည့်ကိန်း။

"မင်းမှန်မှန် ဖြေနော်"

"ကျွန်တော် မှန်မှန်ဖြေနေတာပဲ၊ အဲ့ဒီဆွဲကြိုး ကျွန်တော့်မှာ မရှိဘူး"

" ဘယ်နားကျကျန်ရစ်သလဲ"

"ကျွန်တော်ပြေးလွှားနေတော့ ဘယ်နားမှာဆိုတာထင်မြင်ချက်မပေးနိုင်ဘူး သွားရှာကြည့်ပါ"

ထိုစဉ် အမှုစစ်အခန်းထဲသို့ ရဲအုပ်စခန်းမှူးဝင်ရောက်လာသဖြင့် ဒုရဲအုပ်ဇော်မင်းဦးမှ မတ်တပ်ရပ်ကာ အလေးပြုရင်း–

" ဗိုလ်ကြီး ဒီကောင်သက်သေခံပစ္စည်းပျောက်ဆုံးနေကြောင်း၊ ကျကျန်ရစ်နေကြောင်း ပြောနေတယ်"

" ဟဲ ဟဲ ဒါလား လွယ်ပါတယ်။ သိပ်လွယ်တဲ့ အလုပ်ပဲ ဟီး ဟီး"

စခန်းမှူးရဲအုပ်မြင့်ဦး လူဆိုး အောင်ထူး (ခ) ထူး





အောင်အားကြည့်၍ ရယ်မောလိုက်ပြီး ဒုရဲအုပ်ဇော်မင်းဦးအား မျက်စိတစ်ဖက်မှိတ်ပြကာ –

"ဟုတ်သားပဲ ကိုဇော်မင်းဦးရယ်ကျကျန်ရစ်နေမှာပေါ့"

ရဲအုပ် မြင့်ဦး၊ ဒုရဲအုပ်ဇော်မင်းဦးတို့သည် ရဲလုပ်ငန်းကျွမ်းကျင်နှံ့စပ်ပြီး အတွေ့အကြုံများနေသည့် တပ်ဖွဲ့အရာရှိများဖြစ်နေသည်။

"ကဲ ကဲ မတ်တပ်ရပ်ပါဦး"

ဟု စခန်းမှူးရဲအုပ် မြင့်ဦးကထူးအောင်(ခ)အောင်ထူးအားရပ်ခိုင်းလိုက်ပြီး မျက်နှာကို စေ့စေ့ကြည့်၍

"ဘယ်နားကျနေတာလဲကွ"

"ထွက်ပြေးရာလမ်းကြောင်းတစ်လျှောက်မှာ"

ရဲအုပ် စခန်းမှူးမြင့်ဦးတစ်ယောက် လျှင်မြန်စွာထူးအောင် (ခ) အောင်ထူး၏ ပါးနှစ်ဖက်အား ဘယ်တစ်ချက် ညာတစ်ချက်ရိုက်ချလိုက်သည့်အခါတွင်ညာတစ်ချက်ပါးစောင်းတွင် ငုံထားသည့် သက်သေခံတစ်ကျပ်သားခန့်ရှိ ဆွဲကြိုးတစ်ကုံး အမှုစစ်စားပွဲပေါ်သို့ကျလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီလောက်ဆိုရင် တို့ရဲတပ်ဖွဲ့ဝင်တွေ ဘယ်လိုစွမ်းကြောင်း မင်းသိရပြီနော်။ ကဲပြောစမ်း မင်းဖြစ်စဉ်မင်းဘဝကို တို့ နားထောင်ချင်တယ်"

### အိမ်ပြေးဘဝ

တရားခံသည် မော်လမြိုင်မြို့မှ မဟုတ်၊ ကရင်ပြည်နယ် ဘားအံမြို့မှ ဖြစ်သည်။ ကျောင်းပညာအရည်အချင်း (၄)တန်းသာ ရှိပြီး ဘားအံဆိပ်ကမ်းတွင် ကုန်တင်ကုန်ချ ကျပန်းအလုပ်လုပ်ကိုင်စားသောက်၍ဖခင်ဖြစ်သူမှာ ဆိုက်ကားနင်းကာ သားဖြစ်သူ အောင်ထူးနှင့်အတူ မိသားစု (၆)ဦး ဝမ်းစာရေးအတွက် ရုန်းကန်နေသူ အခင်းမဖြစ်မီ ၂၈.၈.၉၇ ရက်နေ့ နံနက်(၉)နာရီခန့်ဖခင်ဖြစ်သူဦးမောင်ရွှေက မနက် ညစာအတွက်ဈေးဖိုးငွေ(၃၀၀)ကျပ်ပေးလိုက်ပြီး ထမင်းဟင်း ချက်ပြုတ်ခိုင်းလိုက်သည်။ ထိုဈေးဖိုးငွေအား အိမ်သို့ သွားရောက်၍မချက်တော့ဘဲ၊သူ့သူငယ်ချင်းသံလုံး ဆိုသူနှင့် တွေ့ရှိပြီး အရက်သောက်ပစ်လိုက်သည်။ ဖခင်ဖြစ်သူမှ ဆိုက်ကားနင်းရာမှ မောမောပန်းပန်းဖြင့်နေ့လယ် (၂)နာရီတွင် အိမ်သို့ပြန်လာကာနံနက်စာထမင်း





ဟင်းချက်ထားခြင်း မရှိ၍ သားဖြစ်သူကိုမေးရာ မိသားစုမှ ပြန်မလာကြောင်း ပြောပြသိရှိရသည်။ အောင်ထူးသည် ယင်းနေ့တွင် နေအိမ်သို့ ပြန်လည်မအိပ်ဘဲ ၂၉.၉.၉၇ ရက်နေ့ နံနက် (၄)နာရီတွင်ဖခင်ဖြစ်သူမှလိုက်လံရှာဖွေရာ ဘားအံသင်္ဘောဆိပ်၌ ဖခင်မှ တွေ့သဖြင့် ဒေါသဖြစ်ကာ သားဖြစ်သူ အောင်ထူးအားထိုးကြိတ်ဆုံးမခဲ့သည်။ဖခင်၏ ထိုးကြိတ်ဆုံးမမှုကို ငယ်ရွယ်သူ ပီပီ မိမိဘဝကို ဝမ်းနည်းမိပြီး မိမိဘဝ တိုးတက်အောင် ကြိုးစားဆောင်ရွက်မည်ဟု ဆုံးဖြတ်ချက်ချကာ မခံချင်သည့်စိတ်ဖြင့် နေထိုင်သည့် အိမ်မှ ထွက်ပြေးကာ အိမ်ပြေးဘဝကို ရောက်ရတော့သည်။ ပြည်သာယာ သင်္ဘောဖြင့် ဘားအံမှ စီးနင်း၍ မော်လမြိုင်မြို့သို့ ရောက်ရှိခဲ့သည်။မော်လမြိုင်တွင်ရသည့်အလုပ်လုပ်ကိုင်ရန်အတွက်၊ အပေါ်ဈေးကြီး အောက်ဈေးကြီးထဲတွင် အလုပ်လိုက်လံ ရှာဖွေခဲ့ပါသော်လည်း အလုပ်ရရှိခဲ့ခြင်းမရှိဘဲ၊ ဖက်တန်းနယ်မြေရှိ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့်သမ္ဗာန်တစ်စီးတွင် ညအိပ်မေးစက်ခဲ့ရပြီးအမင်းငတ်ခဲ့ရသည်။ ဟိုလျှောက်သွား ဒီလျှောက်သွားဖြင့်မော်လမြိုင် စစ်ကဲကုန်းအမှတ် အထက်တန်းကျောင်း အနီးသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိပြီး ကျောင်းအနီး မွန်နှစ်ခြင်းခရစ်ယာန်သင်းရှေ့ ပလက်ဖောင်းပေါ်တွင်ရပ်၍နေစဉ်အထကကျောင်းအလွတ် နှင့်ဆုံ၍ ကျောင်းသားများ သွားလာလှုပ်ရှားနေပုံကို ကြည့်ရှုနေမိသည်။

ကြာရှည်ဆာလောင်မွတ်သိပ်မှုတွေကို မခံစားနိုင်တော့ တစ်ခုခုပြုလုပ်ရန် စိတ်ကူးထဲပေါ်ပေါက်ကာ အရှေ့မှ ရွှေဆွဲကြိုးဝတ်ဆင်လာသည့် အမျိုးသမီးတစ်ဦး ဖြတ်လျှောက်သွားစဉ် နောက်မှ လိုက်သွားပြီး ရပ်ခိုင်းပြီး ဓားထောက်လုယက်မှုကို ကျူးလွန်ခဲ့လေတော့သည်။ မည်ကဲ့သို့ပင်ဖြစ်စေ မပြေးသော်လည်းကန်ရာရှိနေပြီး ရာဇဝတ်မှုကား ပြေးမလွတ်ဆိုသည့် စာတမ်းကို ထူးအောင်တစ်ယောက် လက်ခံသွားရပေတော့သည်။

ထူးအောင်(ခ) အောင်ထူး ပြောဆိုပြသရာကို သေချာစွာ နားစိုက်ထောင်ပြီးရဲအုပ်စခန်းမှူးမြင့်ဦးမှခေါင်းအား လေးတွဲ့စွာခါးရမ်းလိုက်ပြီးဒုရဲအုပ်ဇော်မင်းဦးအား

“ကိုဇော်မင်းဦး တရားခံထမင်းမစားရသေးတာဆို





တော့ ကျွန်တော်တို့ သူ့ကို ထမင်းကျွေးလိုက်ရအောင်ဗျာ။ ကဲ စီစဉ်ပေးလိုက်ပါ။ တာဝန်က တစ်ပိုင်း လူမှုရေးစာနာမှုကတစ်ပိုင်း ဟုတ်လား”

“ဟုတ်ကဲ့ ဗိုလ်ကြီး”

“ဪ ထမင်းစားပြီးရင် ပထမ သတင်းပေးတိုင်ချက်က”

“ဟိုးပထမ သတင်းပေးတိုင်တဲ့ရက် ၃၀.၉.၉၇ ရက်နေ့၁၂၇၀အချိန်ဖြစ်တယ်။ ဆွဲကြိုးလုယက်ခံရတဲ့သူက မော်လမြိုင်မြို့၊ စစ်ကဲကုန်း၊ အရေးပိုင်ကုန်း၊ ၃(က)နေ ဒေါ်မျိုးမြင့်အေးဖြစ်ပါတယ်။ စခန်းရဲ (ပ)နံပါတ်ကတော့ ၈၉၉/၉၇ ပြစ်မှု ၃၈၂ အမှု ဖွင့်ပါတယ် ဗိုလ်ကြီး”

“ကောင်းပြီလေ၊အမှုကိုခိုင်မာအောင်တည်ဆောက်ပြီးရင် တရားခံပြစ်မှုကျူးလွန်တဲ့ ထူးအောင်(ခ)အောင်ထူးကို ထိုက်သင့်ထိရောက်သောပြစ်ဒဏ်ရရှိရေးအတွက်တရားရုံးစွဲတင်ဗျာ၊ ဟုတ်လား”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com

## ပြစ်မှုကြွေးချေးဖြင့်ဆပ်

မော်လမြိုင်မြို့နယ်တရားရုံးတော်သို့ မြို့မရဲတပ်ဖွဲ့ **စခန်းမှ ဒုရဲအုပ်ဇော်မင်းဦး၊ တရားခံဖြစ်သူထူးအောင်(ခ)** အောင်ထူးအား လက်ထိပ်ဆင်လျက် တရားသူကြီးရုံးခန်းဆဲသို့ ဦးညွှတ်ဝင်ရောက်သွားပြီး မော်လမြိုင်မြို့နယ် တရားသူကြီး ဒေါ်ဌေးမြင့်အေးထံ အမှုအပ်နှံ၍ တရားသူကြီးမှလက်ခံယူပြီး ရာကြီးအမှတ်၃၃၇၈/၉၇ဖြင့် ၁-၁၀-၉၇ရက်နေ့ လက်ခံစစ်ဆေး ကြားနာသည်။ ပြစ်မှုထင်ရှားသဖြင့် တရားခံဖြစ်သူ ထူးအောင်(ခ)အောင်ထူးအားအလုပ်ကြမ်းနှင့်ထောင်ဒဏ်(၃)နှစ် ဓါးကိုကိုင်ဆောင်သည့် ပြစ်မှုကျူးလွန်သည့်အပြင် ဖမ်းဆီးရေးအဖွဲ့အား ဓါးဖြင့်ပြန်လည် ခုခံထွက်ပြေးရန် ကြံစည်သဖြင့် လက်နက်ပုဒ်မ ၁၉(င) ပြစ်မှုကြီးအမှတ် ရာကြီး ၃၃၇၉/၉ ထောင်ဒဏ်(၁)လ၊ စုစုပေါင်းထောင်ဒဏ် (၃)နှစ်နှင့် တစ်လချမှတ် လိုက်သည်။

မိဘ၏အေးမြသောအရိပ်အာဝါသကိုပြစ်ပယ်ခဲ့မိသော အောင်ထူးတစ်ယောက် ပြစ်မှုကြွေးကို ချေးဖြင့်ဆပ်ရင်းနောင်တ အကြိမ်ကြိမ်ရခဲ့မိပါတော့သည်။

◈ ◈ ◈ ◈ ◈

ခင်တာပေ

BURMESE CLASSIC .com

www.burmeseclassic.com